# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၄၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ သောကြာနေ့။


## ဝိရိယနှင့် ဆန္ဒအကျိုး

**ဝိရိယတော် ကို နာမ ကမ္မံ နာ သိဂ္ဂါတိ။**

ဝိရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒတော် ကို နာမ ကမ္မံ နာ သိဂ္ဂါတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋ္ဌီ၊ ၃၊ ၁၆၉။)

# နိုင်ငံတော်အတွက် လေ့လာမှတ်သားနည်းနာများ ဆောင်ကြဉ်းလာသည့် ချစ်ကြည်ရေးခရီးစဉ်


သတင်းဆောင်းပါး
ညီညီထွန်း
ဓာတ်ပုံ-နေလင်း




ဂျာမနီနိုင်ငံရှိ လေအားလျှပ်စစ်ထုတ်လုပ်သည့် လေရဟတ်များကို တွေ့ရစဉ်။

စက်တင်ဘာ ၁ ရက်မှ ၁၁ ရက် အထိ နိုင်ငံတော်သမ္မတကြီး၏ ဥရောပသုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း အမှတ်ရဆုံးမှာ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့နယ် Zollikofen ကျေးရွာရှိ အသုံးချသိပ္ပံပညာတက္ကသိုလ် (Berne University of Applied Sciences) သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည့် ခရီးစဉ်ဖြစ်ပါသည်။

အသုံးချသိပ္ပံပညာတက္ကသိုလ်ရှိ စိုက်ပျိုးရေး၊ သစ်တောနှင့်အစားအစာသိပ္ပံပညာသင်တန်းကျောင်း(School of Agricultural, Forest and Food Sciences)သည် ဆွစ်ဇာလန်နိုင်ငံ၏ အစိုးရတက္ကသိုလ်ဖြစ်ပြီး သက်မွေးဝမ်းကျောင်း ပညာရပ်သင်တန်းကျောင်းတစ်ခုလည်း ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် အစားအစာ ဘာသာရပ်များအတွက်


*စာမျက်နှာ ၉ ကော်လံ ၁* ❖


# လုံခြုံရေးကြိုးပုံစံသစ်၊ ရေစာသစ်နှင့် ဟားနစ်အလွှာဖြင့် ဖုံးအုပ်ထားသည့် ငါးထောင်ကျပ်တန်များ ထုတ်မည်

## လက်ရှိတရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငါးထောင်ကျပ်တန်ငွေစက္ကူများလည်း တရားဝင်ဆက်လက်တည်ရှိ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်**


**သတင်းကြေညာချက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံတော်၏ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် ငွေရေးကြေးရေးစနစ် ခေတ်မီ၊ ခိုင်မာတိုးတက်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ အဆင့်မြင့် လုံခြုံမှုအဆင့်အတန်းရှိသော ငွေစက္ကူများကို ထုတ်ဝေခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ဝေခဲ့သော ငါးထောင်ကျပ်တန်ငွေစက္ကူ၏ တရားဝင်လှည့်လည်သုံးစွဲငွေအဖြစ်တည်ရှိနေမှုကို မထိခိုက်စေဘဲ ယင်းငွေစက္ကူ၏ လုံခြုံမှုအဆင့်အတန်း ပိုမိုမြင့်မားစေ၍ အရည်အသွေးပိုမိုကောင်းမွန်စေရန်၊ အသုံးပြုနိုင်မှုသက်တမ်း ပိုမိုရှည်ကြာစေရန်နှင့် အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်အလို့ငှာ လုံခြုံရေးကြိုးပုံစံသစ်၊ ရေစာသစ်နှင့် ငွေစက္ကူ၏ မျက်နှာပြင်နှစ်ဖက်ကို ဟားနစ် (Varnish)အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားသည့် ငါးထောင်ကျပ်တန် ငွေစက္ကူကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ထုတ်ဝေမည် ဖြစ်ပါသည်။


*စာမျက်နှာ ၃ ကော်လံ ၄* ◆


**ပုံစံမှာအောက်ပါအတိုင်းဖြစ်ပါသည်။**







မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဖွံ့ဖြိုးတိုးတက်လာတော့မည့် ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းဒေသတွင် စီးပွားရေးအရ အချက်အချာကျသော ဒေသတစ်ခုဖြစ်သည်။ ရေထွက်ပစ္စည်းများထုတ်လုပ်နိုင်ခြင်း၊ ရေနက်ဆိပ်ကမ်းများ ဆောက်လုပ်နိုင်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိခြင်းတို့ကြောင့် လာမည့်ဆယ်စုနှစ်တစ်ခုအတွင်း ဖွံ့ဖြိုးလာနိုင်ကြောင်း ပညာရှင်တို့က လေ့လာသုံးသပ်ထားပါသည်။

ယခုအခါနိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အင်တိုက်အားတိုက်ပိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းရေးအစရှိသည်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထူးခြားချက်တစ်ရပ်မှာ ဒေသတစ်ခုလုံး နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိအောင် ကြိုးပမ်းနေခြင်းပင်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မန်း-အမ်းဓာတ်အားလိုင်း၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းဓာတ်အားလိုင်း၊ ဥသျှစ်ပင်-တောင်ကုတ်ဓာတ်အားလိုင်း၊ တောင်ကုတ်-မအီဓာတ်အားလိုင်း၊ မအီ-ကျောက်ဖြူဓာတ်အားလိုင်းများကို စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဏ္ဏားကျွန်းမြို့နယ်တွင် ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် စက်မှုဇုန်ကြီးတစ်ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ ထို့အပြင် ရသေ့တောင်မြို့နယ်အတွင်း ရသေ့တောင်စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်ကိုလည်းကောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်းကောင်း၊ တန်ချိန် ၆၀၀၀ ရေယာဉ်များဝင်ထွက်သွားလာနိုင်မည့် စစ်တွေရေနက်ဆိပ်ကမ်းကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်သည် သဘာဝအခြေခံရရှိသွားလုပ်ငန်းများလုပ်ကိုင်ရန် အရင်းအမြစ်များ ပေါများသည့်ဒေသဖြစ်သည့် အလျောက် စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲဒေသများ၌ ဟိုတယ်နှင့် ခရီးသွားလာရေးစီမံကိန်း ပိုမိုဖြစ်ထွန်းအောင်မြင်လာစေရေးနှင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟိုတယ်ဇုန်များ ဖော်ထုတ်၍ ကမ်းခြေနှင့် အပန်းဖြေဒေသခရီးစဉ်၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သော ခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ် စသည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်သည် ဒေသတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ လျှပ်စစ်ဓာတ်အားရရှိလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ စက်မှုဇုန်နှင့်စီးပွားရေးအထူးဇုန်များ ပေါ်ပေါက်လာခြင်း၊ ခရီးသွားလုပ်ငန်းများ တိုးတက်လာခြင်းတို့ကြောင့် လာမည့်ဆယ်စုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်သောဒေသတစ်ခုအဖြစ် သို့ တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်းသဘင်း

# ဒုတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ၂၀၁၄ ခုနှစ် ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၈**

ကုန်သွယ်မှု ကောင်းမွန်စေရန် အဘက်ဘက်မှ ကြိုးစားလျက်ရှိရာ နိုင်ငံတကာမှ ထုတ်ကုန်ပစ္စည်းများနှင့် ပြည်တွင်းမှ ကုန်ပစ္စည်းများကို ခင်းကျင်းပြသသည့် ဒုတိယအကြိမ် မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၄ ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက်က စတင်ဖွင့်လှစ်ခဲ့သည်။

" လုပ်ငန်းရှင်တွေအနေနဲ့လည်း ကုန်ပစ္စည်းတွေကို ပြည်သူတွေ အတွက် တိုက်ရိုက်ပြသပေးနိုင်သလို ပြည်သူတွေအတွက်လည်း ကုန်ပစ္စည်း အသစ်တွေကို ကိုယ်တိုင်လေ့လာ တွေ့ရှိပြီး ဝယ်ယူသုံးစွဲဖို့ ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်" ဟု ပြပွဲကို တာဝန်ယူ ကျင်းပသည့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်က ပြောသည်။

ယခု ကုန်စည်ပြပွဲတွင် ပြခန်း အရေအတွက် ၁၀၀ ခန့် ရှိပြီး ပါဝင်ပြသသည့် ကုမ္ပဏီပေါင်း ၆၅ ခုရှိကာ ခင်းကျင်းပြသသော ကုန်ပစ္စည်းများတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အိမ်ရာအဆောက်အအုံ အရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင် ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံး အထွေထွေပစ္စည်းများ ပါဝင်ပြသထားသည်။

ထူးခြားသည်မှာ ပန်းချီကားများပြခန်းတွင် လူရုပ်တူပန်းချီကို ပန်းချီဆရာကြီးများကိုယ်တိုင် ပြပွဲလာ စိတ်ဝင်စားသူများအား ချက်ချင်းရေးဆွဲပေးနေခြင်းပင်ဖြစ်သည်။ မိမိ၏ ပုံတူပန်းချီကို အချိန်တိုအတွင်း ရရှိနိုင်သည်မှာ ကျေနပ်ဝိတိဖြစ်စရာပင်။

ကုန်စည်ပြပွဲ ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ကြည့်ရှုသည်။(ဝဲပုံ)

ကုန်စည်ပွဲကာလမှာ စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိဖြစ်ရာ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆ နာရီအထိ အခမဲ့ လာရောက်လေ့လာနိုင်ကြပြီ ဖြစ်သည်။

**(မြန်မာ့အလင်း)**



# အင်းတော်ချောင်းရေ ရေကြီးရေလျှံမှုဖြစ်ပွား

**အင်းတော် စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၈ ရက် နံနက် ၅ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ တောင်ဘက်ရှိ အင်းတော်ချောင်းရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

"မိုးရွာတာက နံနက် ၂ နာရီလောက်က စရွာတာပါ။ မိုးကတော့ သိပ်မသည်းဘူး။ မိုးမသည်းတော့ ရေကြီးမယ်လည်း မထင်ဘူး။ မိုးအေးအေးနဲ့ အိပ်နေကြတာ။ မနက် ၅ နာရီလောက်ကစပြီးတော့ ရေစတက်လာတာ။ ဘာမှသိမ်းချိန်မရလိုက်ဘူး။ ရေတက်တာ တအားမြန်တယ်။ ၁၀ မိနစ်၊ ၁၅ မိနစ်အတွင်း ရေက သုံးလေးပေလောက် ရောက်သွားတာ။ ဒီအတိုင်းပဲ ပစ္စည်းတွေပစ်ထားလိုက်ရတယ်။ ချောင်းနဲ့နီးတဲ့ ရေနားတန်းရပ်ကွက်ဆိုရင် ရေအမြင့်က ၅ ပေ၊ ၆ ပေလောက် ရောက်သွားတာ။ အဲဒီအပိုင်းမှာရှိတဲ့ တိရစ္ဆာန်တွေလည်း သေကုန်တယ်။ လူသေတယ်လို့ ဒီဘက်က မကြားသေးဘူး။ ကြာအင်းဘက်မှာတော့ နွားတွေ ချောင်းထဲ ခုန်ဆင်းသွားတယ်လို့ တော့ပြောတယ်။ ပိုင်ရှင်တွေ ရှာနေကြတုန်းပဲ" ဟု အင်းတော်မြို့ အောင်မင်္ဂလာ ရပ်ကွက်အတွင်းမှ ရေနစ်မြုပ်ခံရသူတစ်ဦးက ပြောပြခဲ့သည်။



" မိုးရေချိန် အနေနဲ့ကတော့ ၁ ဒသမ ၅၄ လက်မပဲ ရှိပါတယ်။ ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို စာရင်းကောက်နေတုန်းပဲ ရှိပါသေးတယ်။ လမ်းတံတားတွေ ပျက်စီးတာတော့ နေရာတော်တော်များပါတယ်။ ကျွန်တော်တို့အနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို တစ်ပြိုင်တည်း ဆောင်ရွက်နေပါတယ်။ လူအသေအပျောက်တော့ မရှိသေးပါဘူး။ ရေဝင်တဲ့ အောင်မင်္ဂလာ၊ အောင်ချမ်းသာ ရပ်ကွက်တွေက အိမ်တွေမှာတော့ ရှင်းလင်းရေးတွေ လုပ်နေပါပြီ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**ကျော်သီဟ**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေ့အကြို ဂုဏ်ပြုလုပ်အားပေး

**ထန်းတပင် စက်တင်ဘာ ၁၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်ဦးစီး၍ မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများနှင့် ရဲတပ်ဖွဲ့ဝင် အရာရှိ/အခြားအဆင့် စုစုပေါင်း ၂၈၅ ဦးတို့ လုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**(ခရိုင်ရဲတပ်ဖွဲ့)**

စာအုပ်စာပေ လူမိုတ်ဆွေ




Y.E.S. Since 1994
International English Language Centre
Basic Spoken English
Intermediate English
Grammar Foundation Course
Vocabulary Enrichment Course
Structure & Written Expression
Pre-Intermediate English
Basic Writing Course
TOEFL
IELTS, SAT, API, AWC
No.190, 2nd Flr, 28th St(Upper), Pabedan Tsp. Ph: 01-243350, 246910

ပြည်တွင်းသတင်း

# ဒုတိယသမ္မတဦးဉာဏ်ထွန်း ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ ချင်ကွမ်းရုန်နှင့်တွေ့ဆုံ

**ကူမင်း စက်တင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက်အာဆီယံ-တရုတ်ကုန်စည်ပြပွဲနှင့် အာဆီယံ-တရုတ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ပြီး ယူနန်ပြည်နယ် ကူမင်းမြို့တွင် ခရီးတစ်ထောက်ရပ်နားခဲ့သည်။ ထိုသို့ ခရီးတစ်ထောက်ရပ်နားစဉ် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ ချင်ကွမ်းရုန် (Mr. Qin Guangrong)နှင့် တွေ့ဆုံခဲ့သည်။ **(ယာဝုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်ရေး၊ သစ်တောပြန်းတီးမှုတားဆီးကာကွယ်ရေး၊ သဘာဝသယံဇာတများ တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုတားဆီးရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများကိုတားဆီးပြီး တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရေးနှင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်၊ ဦးဟံစိန်၊ ဦးမြင့်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကယားပြည်နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးပိုလ်ဝါခေါင်းဆောင်သည့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်ကော်မတီဝင်များ၊ ပါတီဝင်များနှင့် လူငယ်အဖွဲ့ဝင် ၃၉ ဦး၊ ကရင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်နယ်ဥက္ကဋ္ဌ ဒေါ်နန်းခင်ထွေးမြင့် ခေါင်းဆောင်သည့် ပါတီဝင် ၂၄၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဇော်မြင့် ခေါင်းဆောင်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဝင်များ၊ ရာအိမ်မှူးများနှင့် ဆယ်အိမ်မှူးများ ၃၂ ဦး စုစုပေါင်း ၃၁၂ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# အိန္ဒိယကောင်စစ်ဝန်ချုပ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၉**

မန္တလေးမြို့၌ အခြေစိုက်သည့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ်အဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က သဘောတူညီပြီးဖြစ်သော ဒေါက်တာ နန္ဒကူးမား နာဂျန်ဒရန်သည် ၎င်း၏ခန့်အပ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။ **(သတင်းစဉ်)**

# မြို့ပြလေကြောင်းလေယာဉ်မှူးသင်တန်း PPL လိုင်စင်ပေးအပ်

**ပုသိမ် စက်တင်ဘာ ၁၈**

ပုသိမ်မြို့တွင် ဖွင့်လှစ်ထားရှိသော မြန်မာနိုင်ငံ၏ ပထမဦးဆုံးလေယာဉ်မောင်းသင်တန်းတစ်ခုဖြစ်သည့် မြန်မာလေကြောင်းအကယ်ဒမီ၏ အမှတ်စဉ်(၁) မြို့ပြလေကြောင်းလေယာဉ်မှူး သင်တန်းမှ သင်တန်းသား သင်တန်းသူများအား Private Pilot Licence (PPL) ပေးအပ်ခြီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာလေကြောင်း အကယ်ဒမီ၏ ဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကို အမှုဆောင်အရာရှိချုပ် ဦးထွန်းမြင့်နှင့် ကျောင်းအုပ်ကြီး ဦးသန့်ဇော်တို့က Senior Student Epaulette တပ်ဆင်ပေးခြင်း၊ ဥက္ကဋ္ဌ ဦးကြည်ဝင်းက Private Pilot Licence ပေးအပ်ခြင်းနှင့် အထိမ်းအမှတ် MAA PPL Wings တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဒီစီအီး(မန္တလေး)**

**◆ ရှေ့ဖုံးမှ**

မူလက ငါးထောင်ကျပ်တန်ငွေစက္ကူ၏မျက်နှာစာတွင် ဒေါင်လိုက်ထည့်သွင်းထားသော အကန့်လိုက် ဆစ်ပိုင်းပြီး မြှုပ်နှံထားသည့် လုံခြုံရေးကြိုးအစား အရောင်ပြောင်းလဲနိုင်သည့် လုံခြုံရေးကြိုးအသစ်ကို အကန့်လိုက်အဆစ်ပိုင်းပြီး ပြောင်းလဲထည့်သွင်းထားပါသည်။ ၄င်းလုံခြုံရေးကြိုးအသစ်သည် ယခင်လုံခြုံရေးကြိုးထက် အရွယ်အစား ပိုမိုကြီး၍ အရောင်လည်းပြောင်းလဲနိုင်ပြီး ငွေစက္ကူကိုကြည့်သည့်အနေအထားပေါ် မူတည်၍ လုံခြုံရေးကြိုး၏အရောင်သည် ရွှေဝါရောင်မှ အစိမ်းရောင်သို့ပြောင်းလဲနိုင်ပါသည်။ ငါးထောင်ကျပ်တန်ငွေစက္ကူ၏ မျက်နှာစာဘက်၊ လက်ယာဘက်ပိုင်းတွင် ပုံစံအသစ်ဖြင့် ပြုလုပ်ထားသည့် ဆင်ဖြူတော်ပုံရေစာပါရှိပြီး ငွေစက္ကူကို အလင်းရောင်တွင် ကြည့်ပါက ရေစာကိုတွေ့နိုင်ပါသည်။ ငွေစက္ကူကို ဖုံးအုပ်ကာကွယ်ထားသည့် ဗားနစ်(Varnish)အလွှာသည် ပြင်ပမှ ရေခိုးရေငွေ့များ၊ အရည်များနှင့် အရောင်စွန်းထင်းနိုင်သည့် အရာများကြောင့် ငွေစက္ကူ၏အရည်အသွေးနိမ့်ကျ၍ ငွေစက္ကူပျက်စီးခြင်းကို ကာကွယ်စေသဖြင့် ငွေစက္ကူ၏အသုံးပြုနိုင်မှုသက်တမ်းကို ပိုမိုရှည်ကြာစေပါသည်။ ယခုထုတ်ဝေမည့် ငါးထောင်ကျပ်တန်ငွေစက္ကူမှာ လုံခြုံရေးကြိုးပုံစံသစ်၊ ရေစာသစ်နှင့်ငွေစက္ကူ၏ မျက်နှာပြင်နှစ်ဖက်ကို ဗားနစ် (Varnish) အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားခြင်းတို့မှအပ ငွေစက္ကူအရွယ်အစား၊ ပုံသဏ္ဌာန်နှင့် အရောင်သတ်မှတ်ချက်များသည် မူလငါးထောင်ကျပ်တန်ငွေစက္ကူအတိုင်းဖြစ်ပါသည်။

**လက်ရှိတရားဝင် လှည့်လည်သုံးစွဲလျက်ရှိသော ငါးထောင်ကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။**

**● ကျောဖုံးမှ**

ရိုက်ခတ်မှုဒဏ်ကြောင့် တံတားပေါ်တွင် ယာဉ်များဖြတ်သန်းခွင့်ကို မွန်းလွဲပိုင်းအထိ ပိတ်ထားခဲ့ရပြီး နှစ်နိုင်ငံတာဝန်ရှိသူများ၏ ပူးပေါင်းအစီအစဉ်ဖြင့် မယ်ဆိုင်ချောင်းအတွင်း မျောပါလာသော သစ်ပင်ကြီးများနှင့် အမှိုက်များအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခဲ့သည်။ တောင်ကျရောက္ခဆင်းမှုကြောင့် တာချီလိတ် လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအစပ်အထိ ရေလွှမ်းလာသည့်အတွက် လေယာဉ်များ မတော်တဆဖြစ်မှုမှကြိုတင်ကာကွယ်နိုင်ရန် လေယာဉ် ဆင်း-တက်မှုကို နံနက်ပိုင်းမှစတင်ကာ ခေတ္တပိတ်ထားခဲ့ပြီးနံနက် ၁၁ နာရီတွင် လေယာဉ်များ ပုံမှန်ပျံသန်း ဆင်းသက်နိုင်ခဲ့သော်လည်း နံနက်ပိုင်းပြေးဆွဲမည့် Air KBZ ၊ Yangon Airways၊ မြန်မာ့လေကြောင်း လေယာဉ်ခရီးစဉ်များကိုမူ ဖျက်သိမ်းခဲ့ရသည်။


ရေလွှမ်းမှုကြောင့် အထက(ဆန်ဆိုင်း)၊ အလက(ပုန်းထွန်)နှင့် တာလော့ မူလွန်ကျောင်းများအား ပိတ်ပေးခဲ့ရကာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၊ မြန်မာ့ဆက်သွယ်ရေး အပါအဝင် ဌာနဆိုင်ရာရုံးအဆောက်အအုံအချို့ ရေလွှမ်းခဲ့ခဲ့ရကာ ပိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအပေါ်တွင် ရေအမြင့် နှစ်ပေကျော်အထိ မြင့်တက်လာမှုကြောင့် ယာဉ်သွားလာမှု ခေတ္တခက်ခဲခဲ့ရသည်။


ရေလွှမ်းမိုးမှု ဖြစ်ပွားရာသို့ တာချီလိတ်တပ်နယ်မှ ပိုလ်မှူးကြီး ဇော်နိုင်ဦးနှင့် တပ်မတော်သားများ၊ ထိုင်းနိုင်ငံအမှတ်(၃) စစ်ဗျူဟာမှူး ပိုလ်မှူးကြီး ယုံယွတ်လောဝ်ခိတ်ကမ်းနှင့်ထိုင်းတာဝန်ရှိသူများ၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မရွှိမ၊ အလင်းရောင်စသည့် ပရဟိတအသင်းများ၊ နိုင်ငံရေးပါတီများက ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကာ ထမင်းထုပ်၊ အစားအစာများ၊ သောက်ရေသန့်များကို ဖြန့်ဖြူးလျှဒါန်းပေးခဲ့ကြသည်။

ရေလွှမ်းမှုဖြစ်စဉ်တွင် နေအိမ်အုတ်တံတိုင်းအချို့ ပြိုကျပျက်စီးခဲ့ရသည်မှအပ လူနှင့်ကွဲ၊ နွား တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိသော်လည်း စိုက်ပျိုးပြီးလယ်မြေအချို့ ရေလွှမ်းခံခဲ့ရသည့်အတွက် လိုအပ်သည်များအား ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**










## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀)ပါ ဦးကိုကိုသန်းနှင့်အများသိစေရန် ကြေညာခြင်းအစား ဦးကိုကိုဆန်းနှင့် အများသိစေရန် ကြေညာခြင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးလေးမောင် ၁၄/ပသန(နိုင်) ၁၄၈၆၀၀၏ ကားတင်သွင်းခွင့်ကုန်သွယ်ရေးပါမစ်မူရင်း တစ်စောင် ၁-၉-၂၀၁၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။(ကျေးဇူးဆပ်ပါမည်။)

**ဖုန်း-၀၉-၅၂၀၀၆၂၉**

## အမည်ပြောင်း

ဦးတင်အောင်ကို၏သား ပြည်မြို့ ဆင်စုရပ် အလက(၁) ဒုတိယတန်း (B) မှ မောင်လင်းခန့်ဖြိုးမြတ်အား မောင်လင်းခန့်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းခန့်ကျော်**

## ဖခင်အမည်မှန်

အထက(၂) ဗဟန်း GRADE (9) I မှ မမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဝင်း ၁၂/စခန(နိုင်)၀၇၀၉၂၂ ဖြစ်ပါသည်။

## မွန်ပြည်နယ်၊ သထုံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ကြောင်း ကြေညာအသိပေးအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက်နေရာ** - ၂၅-၉-၂၀၁၄ ရက် (ကြာသပတေးနေ့)
- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့။

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၁၃-၁၀-၂၀၁၄ ရက် (တနင်္လာနေ့)

(ဂ) **တင်ဒါလျှောက်လွှာဖွင့်မည့်နေ့ရက်အချိန်** - ၁၄-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့)
- နံနက် ၁၀ နာရီ

အသေးစိတ်အချက်အလက်များကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့ ဖုန်း-၀၅၇-၄၀၀၄၆တွင် (ရုံးချိန်အတွင်း) ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၄၀၀၄၆**

နိုင်ငံတကာသတင်း

## အီန္ဒိယနှင့်တရုတ် အဓိကစာချုပ်များ ချုပ်ဆိုမည်ဟုမျှော်လင့်



နယူးဒေလီ စက်တင်ဘာ ၁၈

အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံစလုံးက ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးစားနေချိန် တရုတ်သမ္မတရှီကျင့်ဖျင် အိန္ဒိယသို့ သွားရောက်လည်ပတ်မှု ဒုတိယနေ့၌ အဓိကစီးပွားရေးနှင့် ပတ်သက်သောစာချုပ်များ ချုပ်ဆိုလိမ့်မည်ဟု မျှော်လင့်ရသည်။

သို့ရာတွင် တရုတ်နိုင်ငံက နယ်မြေကျူးကျော်မှုများ ပြုလုပ်သည်ဟု အိန္ဒိယမှ မကြာသေးမီက စွပ်စွဲခဲ့သဖြင့် နယ်စပ်တင်းမာမှုများရှိခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ဗုဒ္ဓဟူးနေ့တွင် မစ္စတာရှီနှင့် တွေ့ဆုံကာ အဆိုပါ အငြင်းပွားမှုကိစ္စများအတွက် ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ သို့သော်လည်း ယင်းတို့သည် ဒေသတွင်းလွှမ်းမိုးမှုနှင့် ယင်းတို့၏နယ်စပ်ရေးရာကိစ္စများအတွက် ပြိုင်ဘက်များ ဖြစ်နေကြသည်။

တရုတ်နိုင်ငံနှင့် နယ်စပ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ဗုဒ္ဓဟူးနေ့ ညနေပိုင်းက ဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆေယက် အက်ဘာရုဒင်က အေအက်ဖ်ပီသို့ ပြောကြားသည်။ တရုတ်တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သောသီတင်းပတ်က လာဒက်ဒေသ၌ အိန္ဒိယနယ်စပ်ကိုဖြတ်ကျော်၍ ယာယီလမ်းဖောက်လုပ်ရန် ကြိုးစားခဲ့ကြောင်း အိန္ဒိယမီဒီယာများက သတင်းဖော်ပြခဲ့ကြသည်။

သမ္မတရှီသည် မြို့တော်နယူးဒေလီသို့ မသွားမီ ဗုဒ္ဓဟူးနေ့က အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ ပြည်နယ် ဂူဂျာရတ်သို့ သွားရောက်ကာ ၎င်း၏ခရီးစဉ် စတင်ခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဂူဂျာရတ်၌ တရုတ်ကျောထောက်နောက်ခံပြုသော စက်မှုဇုန်ထူထောင်ရေး အပါအဝင် သဘောတူညီချက်အချို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အိန္ဒိယနှင့် တရုတ်ကုမ္ပဏီများသည် လေယာဉ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ အခြားကဏ္ဍများ အပါအဝင် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် ဖိုးရှိ စာချုပ်များ ချုပ်ဆိုခဲ့ကြသည်။

တင်းမာမှုများရှိနေသော်လည်း နှစ်နိုင်ငံကြား ကုန်သွယ်မှုမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ဖိုးရှိသည်။ **(ဘီဘီစီ)**

### ဆီးရီးယား၌ အတိုက်အခံများသိမ်းပိုက်ထားသည့်မြို့ ပုံးကြဲတိုက်ခိုက်ခံရ၊ ဒါဇင်များစွာသေဆုံး

**လက်ဘန္ဓန် စက်တင်ဘာ ၁၈**

ဆီးရီးယားအစိုးရက အတိုက်အခံများသိမ်းပိုက်ထားသည့်မြို့ကို ပုံးကြဲတိုက်ခိုက်ခဲ့ရာ ၅၀ ထက်မနည်း သေဆုံးခဲ့ကြောင်း တက်ကြွလှုပ်ရှားသူများက ပြောခဲ့သည်။

အဆိုပါ နှစ်ရက်ကြာ ပုံးကြဲတိုက်ခိုက်မှုသည် ဟွန်းပြည်နယ် တယ်ဆီဆက်ဒေသ၌ ဖြစ်ပွားခဲ့ပြီး သေဆုံးသူများတွင် ကလေးငယ်ခြောက်ဦး ပါဝင်ခဲ့သည်ဟု ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်သူများက ဆိုသည်။

ထို့ပြင် စစ်သွေးကြွတစ်ဒါဇင်လည်း သေဆုံးခဲ့ကြောင်း အင်္ဂလန်အခြေစိုက်အုပ်စုက ထပ်လောင်းပြောကြားခဲ့သည်။ အလားတူအခြို့၌ အတိုက်အခံများသိမ်းပိုက်ထားသည့် ဆီးရီးယားအခြားဒေသ၌လည်း မသန့်ရှင်းသော ဝက်သက်ရောဂါကာကွယ်ဆေးထိုးမှုကြောင့် ကလေးငယ် ၁၅ ဦးထက်မနည်း သေဆုံးခဲ့သည်။

အမျိုးသား ယာယီညွှန့်ပေါင်းအဖွဲ့အနေဖြင့် မြောက်ပိုင်း အီဒလစ်ပြည်နယ်၌ စီစဉ်ဆောင်ရွက်နေသော ကာကွယ်ဆေးထိုးပေးနေသည့် အစီအစဉ်ကိုလည်း ရပ်ဆိုင်းခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်ခဲ့သည်။ **(ဘီဘီစီ)**

## ဩစတြေးလျနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်ရန် သတင်းထွက်ခဲ့ပြီးနောက် အိုင်အက်စ်စစ်သွေးကြွဟု သံသယရှိသူ ၁၅ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီး




ဆစ်ဒနီ စက်တင်ဘာ ၁၈

ဩစတြေးလျနိုင်ငံတွင် အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဆင်ရေး တစ်ရပ်ဆင်နွှဲပြီး အိုင်အက်စ်စစ်သွေး ကြွအုပ်စုနှင့် ဆက်နွယ်သူများဟု စွပ်စွဲခံရသူ ၁၅ ဦးအား ဩစတြေးလျ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ရဲတပ်ဖွဲ့ဝင် ၈၀၀ ကျော်တို့သည် နိုင်ငံ၏ လူဦးရေ အထူထပ်ဆုံး ဆစ်ဒနီမြို့အပါအဝင် နေရာတစ်ဒါဇင် ကျော်၌ ကြာသပတေးနေ့တွင် ဝင်ရောက်စီးနင်းကာ ရှာဖွေမှုများပြုလုပ်ခဲ့ကြောင်း သတင်းများက ဆိုသည်။ ယင်းတို့တွင် နိုင်ငံအရှေ့ပိုင်းရှိ ဘရစ္စဘိန်းနှင့် လော်ဂန်မြို့များသို့လည်း အကြမ်းဖက်သံသယရှိသူများအား ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံအတွင်း ပြန်ပေးဆွဲခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းတို့ ပြုလုပ်ရန် စီစဉ်နေကြောင်း ထောက်လှမ်းရေးက သတင်းရရှိပြီးနောက် လူ ၁၅ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲအရာရှိချုပ် အင်ဒရူးကိုဗင်က ပြောသည်။ "ဒီလူတွေကို အကြမ်းဖက်ဝါဒနဲ့ ဆက်နွယ်မှုနဲ့ ပတ်သက်ပြီး ဖမ်းဆီးလိုက်တာပါ"ဟု ၎င်းကပြောသည်။

ဩစတြေးလျနိုင်ငံအတွင်း အိုင်အက်စ်အစွန်းရောက်များက အကြမ်းဖက်မှုများပြုလုပ်ရန် သတင်းရရှိထားကြောင်း ဝန်ကြီးချုပ်တိုနီအက်ဘော့တ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

## တရုတ်နိုင်ငံ၌ အကြမ်းဖက်မှုများပြုလုပ်သည့် လူလေးဦးကို ထောင်ဒဏ်များချမှတ်

**ပေကျင်း စက်တင်ဘာ ၁၈**

ဂျီဟတ်အကြမ်းဖက်တိုက်ခိုက်မှုများကို စီစဉ်သည့်အတွက် တရုတ်အစိုးရက လူလေးဦးကို ထောင်ဒဏ်အနှစ် ၂၀ ထိ ချမှတ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။ အစွလာမ္မစ်စစ်သွေးကြွများကြောင့် မြင့်တက်လာသည့် အကြမ်းဖက်မှုများကို တရုတ်အစိုးရသည် အရှိန်အဟုန်မြင့်ချေမှုန်းတိုက်ဖျက်လျက်ရှိသည်။

ယူနန်အနောက်တောင်ဘက်ဒေသရှိ အမှုစစ်ဆေးခြင်း အစီရင်ခံစာတွင် အကြမ်းဖက်အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ ဖောက်ခွဲရေးပစ္စည်းများ တရားမဝင်ပြုလုပ်ခြင်းနှင့်ငွေကြေးထောက်ပံ့ခြင်း(သို့မဟုတ်) သံသယရှိသူများကို မှီခိုပုန်းအောင်းခွင့်ပေးခြင်းစသည့် ပြစ်မှုများတွေ့ရှိသောကြောင့် လူလေးဦးကို ထောင်ဒဏ် ၁၀ နှစ်မှ အနှစ် ၂၀ ထိချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက ပြောကြားခဲ့သည်။

လူဆိုးဂိုဏ်းများသည် ဘာသာရေးအစွန်းရောက်ဝါဒီများလွှမ်းမိုးမှုကို ခံနေ ရပြီး ဂျီဟတ်စစ်ပွဲစတင်ပေါ်ပေါက်ရန် ကြိုးစားမှုအနေဖြင့် ပေကျင်းနှင့် ယူနန်တို့တွင် ဖောက်ခွဲမှုများပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားခဲ့သည်။

အုပ်စုထဲမှ အဖွဲ့ဝင်နှစ်ဦးသည် နိုင်ငံရပ်ခြားရှိ အကြမ်းဖက်အုပ်စုများနှင့် ပူးပေါင်းမှုပြုလုပ်ရန် တရုတ်နယ်စပ်ကို ဖြတ်ကျော်ရန် ကြိုးစားနေစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာနက ပြောကြားခဲ့သည်။ သို့သော် ၎င်းတို့ ဘယ်ကိုသွားမည်ဆိုသည်ကို ဖော်ပြပြောဆိုခြင်း မပြုခဲ့ပေ။

လွန်ခဲ့သောအပတ်က အမှုစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး သုံးဦးကို သေဒဏ်ချမှတ်ခဲ့သည်။ လူ ၃၁ ဦး သေဆုံးကာ ၁၄၁ ဦး ဒဏ်ရာရရှိခဲ့သော ယူနန်ပြည်နယ် ကုမင်းမီးရထားဘူတာရုံတွင် ဖြစ်ပွားခဲ့သည့် မတ်လတိုက်ခိုက်မှုဖြစ်စဉ်ကြောင့် တစ်ဦးကို ထောင်ဒဏ်တစ်သက်တစ်ကွန်း ချမှတ်ခဲ့သည်။ **(ရိုက်တာ)**

## နိုင်ဂျီးရီးယား ဆရာအတတ်သင်ကျောင်း တိုက်ခိုက်ခံရ

**လေဂို့စ် စက်တင်ဘာ ၁၈**


နိုင်ဂျီးရီးယား ကန်နို့မြို့ရှိ ဆရာအတတ်သင်ကျောင်းတစ်ကျောင်းကို သေနတ်သမားများက တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

တိုက်ခိုက်ရေးသမားများ ကျောင်းအတွင်းမရောက်မီ သင်တန်းကျောင်းအပြင်ဘက်၌ ရဲတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး အခြား ၃၄ ဦး ဒဏ်ရာရရှိခဲ့သည်၊

နိုင်ဂျီးရီးယားနိုင်ငံသည် ၂၀၀၉ ခုနှစ်ကတည်းက တိုက်ခိုက်မှုများ ဖြစ်ပွားနေခဲ့သည်။ ယခုတိုက်ခိုက်မှုကို မည်သည့်အုပ်စုကပြုလုပ်ခဲ့သည်ကို တိတိကျကျမသိရသေးသော်လည်း အစွလာမ္မစ်စစ်သွေးကြွ ဘိုကိုဟာရမ်အုပ်စုအပေါ် သံသယရှိနေကြသည်။

အဆိုပါတိုက်ခိုက်မှု၌ အသေခံဗုံးခွဲတိုက်ခိုက်သူ နှစ်ဦးလည်း သေဆုံးခဲ့သည်ဟု အရာရှိများက ပြောသည်။ အဆိုပါဒေသ၌ သေနတ်ပစ်ခတ်သံ များစွာကြားခဲ့ရပြီး မိနစ်အနည်းငယ်အခါနှိုက်တွင် ပြဇာတ်ရုံ၌ ပေါက်ကွဲသံကြားခဲ့ရကြောင်း၊ ၎င်းနောက် တိုက်ခိုက်ရေးသမားများသည် နေရာအနှံ့အပြားသို့ ထွက်ပြေးသွားခဲ့ကြောင်း အဆိုပါကျောင်းမှ ကထိက ဆာနူဆီအူမာက ရိုက်တာသို့ ပြောကြားသည်။

ပြီးခဲ့သည့် ဇူလိုင်လက တိုက်ခိုက်ရေးသမားငါးဦးက မြို့ကို လေးရက်ကြာ တိုက်ခိုက်ခဲ့ရာ ၎င်းတို့အနက်တစ်ဦးမှာ ကျောင်းတစ်ကျောင်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ **(ဘီဘီစီ)**



ပြည်တွင်းသတင်း

# အကြမ်းဖက်မှုအန္တရာယ်များ နီးကပ်စွာ ပူးပေါင်းကာကွယ်သွားမည်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar အား ဧယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (မြဝတီ)



**နေပြည်တော် စက်တင်ဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar အား ယနေ့နံနက်စာရီတွင် နေပြည်တော်ရှိ ဧယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-အစ္စရေးနှစ်နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ကြပြီး တူညီသည့် သမိုင်းကြောင်းများရှိပါကြောင်း၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစ္စရေးနိုင်ငံမှကူညီမှုများကိုလည်း အလေးထားပါကြောင်း၊ အစ္စရေးနိုင်ငံ၏ ရင်ဆိုင်နေရသည့် ခြိမ်းခြောက်စိန်ခေါ်မှုများကို ကိုယ်ချင်းစာနားလည်ပါကြောင်း၊ အကြမ်းဖက်မှုအန္တရာယ်များအား နီးကပ်စွာ ပူးပေါင်းကာကွယ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

သံအမတ်ကြီးက ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံဆက်ဆံရေးသည် အတိတ်၊ ပစ္စုပ္ပန်တို့တွင် ကောင်းမွန်ခဲ့ပြီး အနာဂတ်ကာလတွင်လည်း ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

အစ္စရေးသံအမတ်ကြီး H.E.Mr. Hagay Moshe Behar သည် ၂၀၁၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ တာဝန်ပြီးဆုံး၍ အစ္စရေးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုးများ၏ယဉ်ကျေးမှုနှင့် သဘာဝတောတောင်ရေမြေ အလှအပများအပေါ် စိတ်ဝင်စားသူဖြစ်သည်။

မြန်မာနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် ၁၉၅၃ ခုနှစ် ဇူလိုင် ၁၃ရက်တွင် သံတမန်အဆက်အသွယ်ထူထောင်ခဲ့ပြီး မြန်မာသံရုံးကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ ၁၉၅၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကာ အစ္စရေးသံရုံးကို ရန်ကုန်မြို့၌ ၁၉၅၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အစ္စရေးနိုင်ငံသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လုပ်ငန်းခွင်သင်တန်းများကို မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်တက်ရောက်ခဲ့ပြီး အစ္စရေးနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များကလည်း စိုက်ပျိုးရေးနည်းပညာသင်တန်းများကို မြန်မာနိုင်ငံသို့ လာရောက်ဖွင့်လှစ်ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**

# မိုးရွာပြီးတောင်ကျရေများကျဆင်းကာ တစ်ဖက်ရပ်ဆည်ကျိုးပေါက် လူနေအိမ်များ ရေနစ်မြုပ် သဲပုံး၊ စိုက်ပြီးလယ်မြေများ ရေလွှမ်းပျက်စီး

**စဉ့်ကူး စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၆ ရက်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့မှ သုံးရက်အတွင်း မိုးကြီးမည့် သတင်းပေးချက်ထုတ်ပြန်ပြီးနောက် စက်တင်ဘာ ၁၇ ရက်ညက ထူးကဲစွာ ရွာသွန်းသည့်မိုးကြောင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု နွယ်ရုံ၊ ကျည်တောက်ပေါက်၊ ရေမျက်နှင့် ကံပြိုကျေးရွာတို့တွင် တစ်ဖက်ရပ်ဆည်ကျိုးပေါက်ပြီး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ကားလမ်းပေါ်ရေကျော်ပြီး မန္တလေး-မိုးကုတ်သွားခရီးသည်ကားများ သွားလာမှုများရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်ညက သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် ယခင်ဦးဖေရှင်ကန်ခေါ်ယခုနှစ် ဆည်မြောင်းဦးစီးဌာနမှ ဌာနရန်ပုံငွေကျပ်သိန်း ၃၀၀ အကုန်အကျခံထပ်မံတည်ဆောက်ထားသည့် ကံပြိုတစ်ဖက်ရပ်ဆည် ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ပြီး အနီးနားရှိ လူနေအိမ်ခြေ ၃၀ ခန့် ရေနစ်မြုပ်ခဲ့ခြင်းနှင့် စိုက်ပျိုးပြီး လယ်မြေများ ရေလွှမ်းပျက်စီးခဲ့သည်။ ထို့ပြင် နွယ်ရုံကျေးရွာအခြေခံပညာအလယ်တန်းကျောင်းနှင့် ကျည်တောက်ပေါက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း အုတ်တံတိုင်းများ ပြိုကျပျက်စီးခဲ့ပြီး ကျောင်းရှေ့ရှိ ကျောက်ခင်းလမ်းလည်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါမိုးကြောင့် ရေမျက်ကျေးရွာတွင်လည်း တောင်ကျရေများ ကျရောက်ကာ လူနေအိမ်ခြေများ မြေပြိုသဲဖုံးမှုများဖြစ်ပေါ်ခဲ့ပြီး ကားနှင့်ဆိုင်ကယ်များ ရေစီးထဲမျောပါကာ ကလေး၊ လူကြီးငါးဦး ပျောက်ဆုံးလျက်ရှိပြီး နှစ်ဦး၏အလောင်းကိုသာ ရှာတွေ့သေးကြောင်း ဒေသခံပြည်သူတစ်ဦး၏ပြောပြချက်အရသိရသည်။

အဆိုပါမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်ကျိုးပေါက်မှုနှင့်ရေနစ်မြုပ်ပျက်စီးခဲ့သည့် ကျောင်းများ၊ ရေဘေးသင့်ကျေးရွာများသို့ မန္တလေးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးအောင်ကျော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် တာဝန်ရှိသူများ ချက်ချင်းသွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားများရေတိုက်စားပြီး ပျက်စီး

**ကသာ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် စက်တင်ဘာ ၁၈ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားများ ရေတိုက်စားပြီး ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကသာမြို့ ပြည်သာယာရပ်ကွက်ရှိ ကသာမြို့နှင့် ခမရ ၃၀၉ သို့ဆက်သွယ်ထားသည့်ပင်လုံသစ်သားတံတားမှာ ရေတိုက်စားပြီး ခမရ ၃၀၉ မှ ကသာမြို့သို့ လာရောက်သည့်ဘက် ပေ ၃၀ခန့် ရေထဲမျောပါသွားခဲ့သည့်အပြင် ပြည်သာယာရပ်ကွက်နေ ကိုသိန်း (၂၉နှစ်)၏ နေအိမ်ရေထဲမျောပါသွားသဖြင့် မိသားစုဝင်ခြောက်ဦးအနက် ဒေါ်ခင်သိန်းမြင့် (၅၈နှစ်)၊ ၎င်း၏သမီး မခင်မျိုးကြည်(၂၃နှစ်) တို့ ရေထဲမျောပါသွားကာ အလောင်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပြန်လည်ဆယ်ယူရရှိခဲ့ပြီး ၎င်းနောက် ကိုကျော်ကျော်၏နေအိမ်နှင့် ကိုဝင်းထွဋ်ဝင်း (၂၃ နှစ်) တို့၏ နေအိမ်များလည်း ရေထဲမျောပါသွားခဲ့ကာ လူများထိခိုက်မှုမရှိကြောင်း သိရသည်။ ၎င်းအပြင် ကသာမြို့နယ် ပေါမမြိုင်ကွန်ကရစ်တံတားအရှည် ပေ ၁၃၀၊ အကျယ် ၂၈ ပေ မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားကို ရေတိုက်စားပြီး တံတား၏အနောက်မြောက်ဘက် နံရံထိန်းထောင့်တိုင် နှစ်တိုင်မှ တစ်တိုင်ကျိုး၍ တံတားမြေထိန်းနံရံ ပေ ၂၀ ခန့် ပြိုကျခဲ့ပြီး တံတားအလယ် ပေ ၆၀ ခန့်မှ ထက်ပိုင်း ကျိုးကျပျက်စီးခဲ့သည်။

အလားတူ ကသာမြို့နယ်နှင့် အင်းတော်မြို့နယ်သို့ ဖြတ်သန်းသွားလာသည့်လမ်းခွဘေလီတံတားမှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုကြောင့် မိုင်တိုင်အမှတ် (၆)မိုင် ၃ ဖာလုံရှိ သံပေါင်သစ်သားတံတားမှာ အင်းတော်ဘက်ခြမ်းတံတားအောက်ခြေတိုင် နှစ်တိုင်မှာ ၄၅ ဒီဂရီစောင်းသွားသဖြင့် ချဉ်းကပ်လမ်း ပေ ၂၀ ခန့်ပြိုကျပြီး တံတားထိပ်မှ ပေ ၄၀ ခန့် ချိုင့်ဝင်ကျသွားကာ ကားနှင့်ဆိုင်ကယ်များ သွားလာမှု ရပ်ဆိုင်းခဲ့သည်။

၎င်းပြင် ကသာ/ကပွလိပ်/ ပေါမမြိုင်သွားမြေသားလမ်းတွင် ကပွလိပ်ရွာအနီး (၈၀×၁၅×၂၀ ) ပေရှိ ပေကုန်းသစ်သားတံတားမှာ ရေထဲမျောပါသွားခဲ့ရာ အဆိုပါနေရာများသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ကသာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးစိုးမြင့်နှင့်ကသာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့မှ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**



**မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကသာ-အင်းတော်လမ်းရှိ တံတားရေတိုက်စားပျက်စီးမှုကို တွေ့ရစဉ်။**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP)

ဝင်းဝင်းဝါ (CEDS)

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အသင်းဝင် နိုင်ငံများသည် ဒေသတွင်းဖွံ့ဖြိုးမှုအတွက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကူအညီ အထောက်အပံ့ပေးမည့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် လိုအပ်သည့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP)ကို အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှု မိတ်ဖက်များဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်တို့က ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ နယူးဇီလန်နိုင်ငံသည် ကုန်သွယ်ရေးတွင် အရှေ့အာရှဒေသတွင်း ပူးပေါင်းမှုမိတ်ဖက်များ၏ ဦးစားပေးအဆင့်တွင် ရှိပါသည်။

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP)ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သည့် အရှေ့အာရှထိပ်သီးအစည်းအဝေး ခေါင်းဆောင်များ၏ စေ့စပ်ညှိနှိုင်းမှုမှ ပူးပေါင်းဆောင်ရွက်မှု ကြေညာချက်အဖြစ် ဖော်ပြခဲ့ပြီး ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၃ ခုနှစ် မေလ ၉ ရက်မှ ၁၃ ရက်အထိ ဘရူနိုင်းနိုင်ငံတွင် ကျင်းပခဲ့သည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးမှစ၍ တွေ့ဆုံဆွေးနွေးသည့် အကြိမ်ပေါင်း ငါးကြိမ်ရှိခဲ့ပြီး ကုန်စည် ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဉာဏ်မူပိုင်ခွင့်၊ ပြိုင်ဆိုင်မှု၊ နယ်မြေအငြင်းပွားမှုနှင့် အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများသည် တစ်ကြိမ်ထက်တစ်ကြိမ် ကောင်းမွန်သည့် ရလဒ်များဖြစ်ပေါ်ခဲ့ပြီး ၂၀၁၅ ခုနှစ်အကုန်တွင် အောင်မြင်စွာဆောင်ရွက်ရန်ဖြစ်ပါသည်။

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီးပွားရေးဝန်ကြီးများ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး (RCEP)ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည်။ ၁၆ နိုင်ငံမှ စီးပွားရေးဝန်ကြီးများ တက်ရောက်ကြပြီး ၂၀၁၂ ခုနှစ် နိုဝင် ဘာလမှစတင်ခဲ့သည့် စေ့စပ်ညှိနှိုင်းမှု၏ လုပ်ငန်းစဉ်များကို တိုးတက်စေရန် ဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးများသည် RCEP စေ့စပ်ညှိနှိုင်းခြင်းများ အောင်မြင်စေရန် ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ၎င်းကတိကဝတ်များတွင် ခေတ်မီသော၊ အားလုံးပါဝင်သော၊ အရည်အသွေးမြင့်မားသော၊ အပြန်အလှန်အကျိုးရှိသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တို့အတွက် ခေါင်းဆောင်များက ထောက်ခံထားပြီး အာဆီယံအသိုက်အဝန်းနှင့် ပို၍နက်ရှိုင်းသည့်ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အပံ့ပြုမည်ဖြစ်သည်။

**☼ ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များဆိုင်ရာ ဆွေးနွေးမှုတွင် တိုးတက်မှုရှိခဲ့။ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ ဉာဏ်မူပိုင်ခွင့်၊ ပြိုင်ဆိုင်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များ တိုးတက်မှုရှိစေရန် ဆက်လက်ဆွေးနွေးသွားကြမည် ☼**

RCEP ၏ ကုန်ထွက် စုစုပေါင်းသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃ ထရီလီယံရှိခဲ့ပြီး ကမ္ဘာ့ကုန်ထွက်၏ ၃၀ ရာခိုင်နှုန်းခန့်ဖြစ်သည်။ RCEP အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် အားကောင်းလျက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် RCEP ၏စုစုပေါင်း ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ထရီလီယံ(ကမ္ဘာ့ကုန်သွယ်မှု၏ ၂၉ ဒသမ ၀ ရာခိုင်နှုန်း) ဖြစ်ခဲ့ပြီး FDI စီးဝင်မှု အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၈ ဘီလီယံ(ကမ္ဘာ့ FDI စီးဝင်မှု၏ ၂၃ ဒသမ ၄ ရာခိုင်နှုန်း) ဖြစ်ခဲ့သည်။ ကမ္ဘာ့လူဦးရေတစ်ဝက်နီးပါးရှိသော RCEP ၏ စီးပွားရေးသည် ကြီးမားသောစျေးကွက်တစ်ခုဖြစ်သည်။ စွမ်းအားကြီးမား၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောင်မြင်သည့်စျေးကွက် အခွင့်အလမ်း၊ နက်ရှိုင်းသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အခွင့်အလမ်းများ မျှဝေဖန်တီးခြင်းနှင့် ဒေသတွင်းပြည်သူပေါင်းများစွာအတွက် နေထိုင်မှုအဆင့်အတန်း တိုးတက်ခြင်းစသည်တို့က တွန်းအားအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများအကြား စေ့စပ်ညှိနှိုင်းမှုမှ အဓိပ္ပာယ်ရှိသော တိုးတက်မှုများရရှိရန် တွန်းအားပေးလုပ်ဆောင်မည်ဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့များနှင့်အဖွဲ့ခွဲများ တည်ထောင်ခြင်း ဆောင်ရွက်ခဲ့ကြပြီး ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များဆိုင်ရာ ဆွေးနွေးမှုတွင် တိုးတက်မှုရှိခဲ့ပါသည်။ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ ဉာဏ်မူပိုင်ခွင့်၊ ပြိုင်ဆိုင်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များစသည့် နယ်ပယ်များတွင် တိုးတက်မှုရှိစေရန် ဆက်လက်ဆွေးနွေးသွားကြမည် ဖြစ်ပါသည်။

ဆဋ္ဌမအကြိမ် ဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ၊ Greater Noida တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်တွင် ကျင်းပမည် ဖြစ်သည်။ အချိန်မီ အောင်မြင်ပြီးဆုံးရန် ပို့မိုကောင်းမွန်သည့် စေ့စပ်ညှိနှိုင်းခြင်း၊ ပို့မိုပြည့်ဝသည့် အရှိန်မြှင့်ဆွေးနွေးခြင်းနှင့် ပို့မိုအကျိုးရှိသည့် လုပ်ငန်းစဉ်ကို တည်ဆောက်ရန် အဖွဲ့ဝင်များအားလုံးက သဘောတူခဲ့သည်။

RCEP ၁၆ နိုင်ငံ၏ ခိုင်မာသည့် အတွေးအခေါ်၊ ညီညွတ်သည့် စိတ်ဓာတ်၊ ထိရောက်သည့် ဆောင်ရွက်မှုများဖြင့် ဒေသတွင်းအဓိကကျသည့် နယ်ပယ်များတွင် ကောင်းမွန်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ပြီး ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ဉာဏ်မူပိုင်ခွင့်၊ ပြိုင်ဆိုင်မှုနှင့် တရားဝင်ဖြစ်မှု၊ အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များတွင် ပို၍ကောင်းမွန်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

## ပုလဲမြို့၌ ဓိုက်ပျိုးရေးပွဲတော်ကျင်းပ

**ပုလဲ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ဗုဒ္ဓဝိဟာရခမ္မာရုံတွင် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက အီတလီနိုင်ငံအခြေစိုက်ရှေ့သို့ စီမံကိန်း (Cesvi)အဖွဲ့က ကြီးမှူးကျင်းပသည့် အနာဂတ်ကမ္ဘာ ဒို့ကျေးရွာ ဓိုက်ပျိုးရေးပွဲတော် ကျင်းပခဲ့သည်။

ရွေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်(ကိုယ်စား) တိုင်းဒေသကြီး ဓိုက်ပျိုးရေးဝန်ကြီးဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး ရှေ့သို့စီမံကိန်း (Cesvi)အဖွဲ့၏ ဌာနေကိုယ်စားလှယ် မစ္စတာ ဒန်နီရယ်လီက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊တိုင်းဒေသကြီး ဓိုက်ပျိုးရေးဝန်ကြီး ဦးစောမြင့်ဦး၊ ရှေ့သို့စီမံကိန်း (Cesvi)အဖွဲ့၏ ဌာနေကိုယ်စားလှယ် မစ္စတာဒန်နီရယ်လီနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက စိုက်ပျိုးရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးနည်းပညာပေးပြပွဲပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေ့သို့စီမံကိန်း (Cesvi)အဖွဲ့ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးဌေးနိုင်က "ယနေ့အနာဂတ်ကမ္ဘာ ဒို့ကျေးရွာ စိုက်ပျိုးရေးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှု၊ တောင်သူများအား ခေတ်မီစိုက်ပျိုး နည်းပညာများ အထောက်အကူ ပေးနိုင်စေရေး၊ တောင်သူအချင်းချင်း နည်းပညာပြန့်ပွားသည့် အလေ့အကျင့်ရလာစေရေးစသည့် ရည်ရွယ်ချက်များနှင့် ပြုလုပ်တာပါ"ဟု ပြောကြားခဲ့သည်။

**မြင့်သိန်းစိုး**



## လားရှိုးမြို့၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**လားရှိုး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်ကြီးတွင် ယကနပါလ အသည်းစောင့်ရှောက်မှုအစုအဖွဲ့စုက သံဃာတော်များနှင့် လူအများကို အသည်း၊ ဘီပိုး၊ စီပိုး အခမဲ့ စမ်းသပ်စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အသည်းရောဂါဝေဒနာရှင်များအား ဆေးစစ်၊ ဆေးကုသပေးခြင်းတို့ကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုသိုလ်ဖြစ်အခမဲ့ ဆေးစစ်၊ ဆေးကုသပေးခြင်းကို အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇာတနှင့် မြို့နယ်သံဃာ့နာယက အဖွဲ့ဝင်ဆရာတော်ကြီးများက ကြီးမှူး၍ ယကနပါလ အသည်းရောဂါ ကူညီစောင့်ရှောက်မှု အစုအဖွဲ့မှ ဆရာဝန်ကြီး ဒေါက်တာဦးအောင်မင်း ဦးဆောင်ကာ ဒေါက်တာဇေယျာအောင်၊ ဒေါက်တာသန္တာထွန်း၊ သူနာပြုဆရာမများနှင့် အဖွဲ့ဝင်များက လူမျိုးဘာသာမရွေး စစ်ဆေးကုသ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

**ဆက်သွယ်လျှပ်ဒါန်းနိုင်**

အသည်းရောဂါ ဝေဒနာရှင်များအား ကုသိုလ်ဖြစ် ဆေးစစ်၊ ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက မန္တလေးမြို့ လမ်း ၉၀၊ (၂၇×၂၈) လမ်းကြား မြစိမ်းကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နေမျိုးနွယ်**

## လယ်ခင်းများ ပေါင်းသင်ခြင်းဆောင်ရွက်

**မြိုင် စက်တင်ဘာ ၁၈**

ဩဂုတ်လလယ်က မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် မိုးများရွာသွန်းမှုကြောင့် အညာမြေတောင်သူလယ်သမားများ စပါးစေ့ချအတန်းလိုက် ကောက်ခြောက်စိုက်လယ်ခင်းများတွင် စပါးပင်နှင့် ပေါင်းပင်များ တစ်ပြိုင်တည်း ပေါက်သဖြင့် ၎င်းပေါင်းပင်များအား နွားရှဉ်းများဖြင့်ကြားလိုက်ခြင်းနှင့် လုပ်သားအမျိုးသမီးများ ငှားရမ်း၍ ပေါင်းသင်ခြင်းလုပ်ငန်းများကို ယခုအခါ ဆောင်ရွက်လျက်ရှိကြသည်။

**ငှားရမ်းဆောင်ရွက်**

နွားရှဉ်းများငှားရမ်းဆောင်ရွက်ရာတွင် နွားတစ်ရှဉ်းလျှင် နံနက် ၇ နာရီခွဲမှ ၁၁ နာရီခွဲအထိ တစ်မနက်လျှင် ငွေကျပ် ၅၀၀၀ ဖြင့် ပေးချေရပြီး ပေါင်းသင်ခြင်း အမျိုးသမီးတစ်ဦးလျှင် တစ်မနက် ငွေကျပ် ၇၀၀ ပေးချေရ၍ လုပ်သား များအား နံနက်စောစီးစွာ မုန့်ပဲသရေစာ အာဟာရများ ကျွေးမွေးရကြောင်း မင်းသားကျကျေးရွာနေ တောင်သူ ဒေါ်ပြုံးရီက ပြောပြ၍ သိရသည်။

**(၁၃၅)**

## မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အပ်ချုပ်စက်များပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အပ်ချုပ်စက်များ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် စီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်အမာက ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများကို အိမ်တွင်းမှုစက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရာတွင် အထောက်အကူဖြစ်စေရန် အတွက် အပ်ချုပ်စက်များ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဇေယျာသီရိမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းထံ အပ်ချုပ်စက် အလုံး ၂၀ ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **စိုးသူအောင်(ဇေယျာ)**

## မျက်စိဝေဒနာရှင်များကို ကွင်းဆင်းကုသ

**ဆိပ်ဖြူ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက ရပ်ကွက်/ကျေးရွာအုပ်စု ၁၄ စုမှ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးမှုအနေဖြင့် မျက်စိဝေဒနာရှင် ၅၇၈ ဦးကို စမ်းသပ်ကုသမှုများ ပြုလုပ်ရာ အသေးစားကုသပေးရန် လေးဦးကို နေ့ချင်းကုသဆောင်ရွက်ပေးပြီး အကြီးစားခွဲစိတ်ကုသရန် ၃၄ ဦးကို စက်တင်ဘာ ၂၄ ရက်တွင် မင်းဘူးမြို့မျက်စိအထူးကုဆရာဝန် ဒေါက်တာအောင်ဆန်းဝင်းကိုယ်တိုင် ကွင်းဆင်းခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုမျိုး(ယောဇရာ)**



ရွာပေါ်ထေ၀ါရေးရာကာလ္တာ

ပြည်သူ့လွတ်တော်အစည်းအဝေး

# ၁၉၆၁ ခုနှစ် ဖြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခဲ့ပြီး ၁၉၆၁ ခုနှစ် ဖြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အစည်းအဝေးတွင် ဝန်ထမ်းအိမ်ရာကိစ္စ၊ ဒေသဖွံ့ဖြိုးရေးတို့နှင့် သက်ဆိုင်သည့် မေးခွန်းများအပေါ် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည် ဖြေကြားခဲ့သည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၏ **အုတ်တွင်းဖြို့နယ်နှင့် တောင်ငူဖြို့နယ်တို့ ဆက်သွယ်သည့် နောင်ရိုးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပဲခူးတိုင်းဒေသကြီး တောင်ငူဖြို့နယ် ကင်းဆိပ်ကျေးရွာနှင့် အုတ်



ဒုတိယဝန်ကြီးဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

တွင်းမြို့နယ် တောပုကျေးရွာသို့ ဆက်သွယ်ထားသော နောင်ရိုးတံတားသည် အရှည် ၃၆၈ ပေရှိ သစ်သားတံတားပျက်တစ်စင်းဖြစ်ပြီး ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာ ၅၂ ရွာ အကျိုးပြုသွားလာလျက်ရှိပါကြောင်း၊ အဆိုပါ တံတားအား အရှည်ပေ ၃၉၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၁၅၉ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကုန်ကျငွေအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၀န်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ပုသိမ်မြို့ ပြည်တော်သာအိမ်ရာများကို ဖျက်သိမ်းရန် စီစဉ်နေခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ဧရာ၀တီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပြည်တော်သာ ဝန်ထမ်းအိမ်ရာတွင် ဌာနနှင့် Nine Engin-



ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

eering Group တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကို ဆောက်လုပ်ရေး၀န်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ **“ ဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်ရန်”** ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

Nine Engineering Group ကုမ္ပဏီဆောက်လုပ်ရေးမှ ပြည်တော်သာအိမ်ရာတွင် မြေကွက်လပ်ပေါ်တွင်သာ လေးခန်းတွဲ ခြောက်ထပ်အဆောက်အအုံလေးလုံး ဆောက်လုပ်နေခြင်းဖြစ်ပါကြောင်း၊ မည်သည့် အဆောက်အအုံကိုမှ ဖယ်ရှားဖျက်သိမ်းခြင်း မရှိသေးပါကြောင်း၊ အဆောက်အအုံဟောင်းများ ဖျက်သိမ်းမည်ဆိုပါက ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပစ္စည်းဟောင်းများထုခွဲရောင်းချခြင်းကြောင့် ရရှိငွေများကိုလည်း နိုင်ငံတော် ဘဏ္ဍာငွေသို့ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေး၀န်ကြီးဌာနက ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တော်သာဝန်ထမ်း အိမ်ရာတွင် လက်ရှိနေထိုင်သူများသည် ဥပဒေနှင့်အညီ နေထိုင်သူများဖြစ်ပါက ဆက်လက်နေထိုင် ခွင့်ပြုမည်ဖြစ်ပြီး ဥပဒေနှင့်အညီ နေထိုင်ခြင်းမရှိသူများကို သင့်လျော်သော နည်းလမ်းများဖြင့်စဉ်းစား ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဆားတောင်သူများ ချေးငွေအကြွေးပေးဆပ်ပြီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ချေးငွေရရှိရေးဆောင်ရွက်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဇုန်လှယ်ထန်း၏ **“ဖလမ်းမြို့နှင့် ရိဒဲခေါဒါရ်မြို့များတွင် တစ်ဦးချင်းကုန်သွယ်မှုကတ် ( ITC) ထုတ်ပေးခြင်းနှင့် ပတ်သက်သည့် အသိပညာများ ဒေသခံပြည်သူများ ရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၀န်ကြီးဌာနက ရက်တိုသင်တန်းဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၀န်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်နိုင်ရန်၊ တရားမဝင် ကုန်သွယ်မှုများ တရား၀င် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးတက်ရရှိစေရန်ရည်ရွယ်ပြီး တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (Individual Trading Card- ITC) ဖြင့် ကုန်သွယ်ဆောင်ရွက်ခွင့်ကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းအားလုံးတွင် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ITC ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ကို နယ်မြေအလိုက် သတ်မှတ်ခွင့်ပြုခဲ့ပြီး ချင်းပြည်နယ်အတွင်း ရိဒဲခေါဒါရ်နယ်စပ် ကုန်သွယ်ရေးစခန်း၌ ရိဒဲ၊ တီးတိန်၊ ကလေးမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ထန်တလန် နယ်စပ်ကုန်သွယ်ရေးစခန်း၌ ထန်တလန်၊ ဟားခါး၊ ဖလမ်းမြို့နယ်များရှိ ဒေသခံပြည်သူများကို ITC ကတ်ဖြင့် ကုန်သွယ် ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း တစ်ရက်လျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် ငါးရက်စာ တစ်ကြိမ်တည်း ငွေကျပ် သိန်း ၁၀၀ အထိ ITC ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပေးထားပြီး ဖြစ်ပါကြောင်း။

ချင်းပြည်နယ်အတွင်းရှိ ရိဒဲခေါဒါရ်မြို့နယ်နှင့် ဖလမ်းမြို့နယ်များတွင် ဒေသခံများ ITC ကတ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်လာနိုင်ရေးအတွက် ရက်တိုသင်တန်းများကိုလည်းကောင်း၊ အခြားကုန်သွယ်မှုနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် အကြောင်းအရာများကိုလည်းကောင်း လာရောက်ပို့ချပေးရန် ညှိနှိုင်းအကြောင်းကြား လာပါက ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖွင့်လှစ်သင်ကြားပေးနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးလှိုင်ဦး၏ **“နေလှန်းဆား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်နေကြသော ဆားတောင်သူများအတွက် လုပ်ဧက (လိုင်စင်ဧက) အလိုက် ဆားလုပ်ငန်းချေးငွေ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မွန်ပြည်နယ်မှ ဆားတောင်သူများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်း၏ တင်ပြချက်အရ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နေလှန်းဆားကြမ်းတစ်ကေလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ထုတ်ချေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်မှ ဆားတောင်သူများအတွက် ရွှေအဏ္ဏဝါဆား ထုတ်လုပ်သူများအသင်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၂၀၀ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ ၂၀၁၃-



ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တက်နေဝန်း ဆားတောင်သူများအသင်းအား ငွေကျပ် ၃၂၉ သိန်းကို လည်းကောင်း ရခိုင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ထုတ်ချေးငွေခဲ့သည့် အပြင် ဆားတောင်သူများအား နေလှန်းဆားကြမ်းထွက်ရှိမှုအပေါ်မူတည်၍ တစ်ပိသာလျှင် ငါးကျပ်နှုန်းဖြင့် ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ်သိန်း ၅၀၀ ကို ထုတ်ချေးခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆားကောင်းဆားသန့်များ ရရှိရေးအတွက် ပလတ်စတစ်ခင်းနေလှန်းဆား ထုတ်လုပ်ရန် ဆားတောင်သူများအား ပလတ်စတစ် တစ်လိပ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် အလိပ် ၅၀၀အတွက် ငွေကျပ်သိန်း ၃၀၀ အား ပလတ်စတစ်ဖိုး ထုတ်ချေးပေးရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်လျက်ရှိပါကြောင်း။

ရောဝတီတိုင်းဒေသကြီးတွင် ဆားလုပ်ငန်းချေးငွေကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်များတွင် ဆားပိသာ ၅၀၀၀ နှင့်အထက် ထုတ်လုပ်သူများကို ဆားထွက်ရှိမှု ၏ ၅၀ ရာခိုင်နှုန်းအတွက် တစ်ပိသာလျှင် သုံးကျပ်နှုန်းဖြင့် လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် တစ်ပိသာလျှင် ငါးကျပ်နှုန်းဖြင့်လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်ခံရသည့်ဆားတောင်သူ ၁၅ ဦးအတွက် အရင်းငွေကျပ် ၉၆၂၅၀၀၀ နှင့်အတိုးငွေ ၈၆၀၁၅၃၂ ကျပ်တို့အား စာရင်းမှ ပယ်ဖျက်ပေးခဲ့ပါကြောင်း။

နာဂစ်မုန်တိုင်းဒဏ်သင့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ဆားတောင်သူ ၇၅၉ ဦးတို့အား ပုဂ္ဂလိက ဘဏ်(၅)ဘဏ်မှ ချေးငွေကျပ်သန်း ၇၃၉၀ ကို နှစ်နှစ်ဆိုင်း စနစ်ဖြင့် ထုတ်ချေးပေးခဲ့သည့်အပြင် လုပ်ငန်းသုံးပစ္စည်းများအဖြစ် ဒီဇယ်ဆီ ၄၂၉၉၉၇ ဂါလန်၊ သစ် ၅၃၃ တန်၊ ထွန်စက်ကြီး အစီး ၁၉၀၊ လယ်ယာ (၂၂)လယ်တွန်းထွန်စက် ၃၉၂စီး၊ ရေစုပ်စက် ၈၃၃ လုံးကိုလည်း နှစ်နှစ်ဆိုင်းစနစ်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ရောင်းချပေးခဲ့ပြီး ဧရာ၀တီတိုင်းဒေသကြီးအတွင်းရှိ ဆားလုပ်ငန်းများကိုပြန်လည်ထူထောင်စေခဲ့ပါကြောင်း။

ဆားတောင်သူများက အဆိုပါ ချေးငွေနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိသောကြောင့် ဆားတောင်သူများ၏ ပေးဆပ်ရန်ကျန်ချေးငွေများအား နိုင်ငံတော်က ၆၆ ရာခိုင်နှုန်း၊ ဆားတောင်သူများက ၃၄ရာခိုင်နှုန်း ပေးဆပ်ရန် စီမံခဲ့ပြီး အရင်းအတိုး စုစုပေါင်းငွေကျပ် ၇၃၄၈ ဒသမ ၁၉ သန်းကို နိုင်ငံတော်က စိုက်ထုတ်ပေးဆပ်ခဲ့ပါကြောင်း၊ ဆားတောင်သူ ၁၄၀ က ကမ္ဘောဇဘဏ်သို့



ဧရာ၀တီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှိုင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

အစိုးရအဖွဲ့သို့တင်ပြရန် လမ်းညွှန်ထားပါကြောင်း၊ ချေးငွေအကြွေးများ ပေးဆပ်ပြီးဖြစ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ချေးငွေများ ထုတ်ပေးနိုင်မည့် ဝန်ကြီးဌာနများနှင့် ဘဏ်များသို့ ချေးငွေရရှိရေး ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဦးဝင်းနောင်၏ **“အသက်(၁၂၀)နှစ်မျှ အသက်ရှည်ကြသည့် နိုင်ငံသား အဘိုး/အဘွားများအား အထူးပြုစုစောင့်ရှောက်မှုကို ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၀န်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိပ်သာအခြေပြုလုပ်ငန်းအဖြစ် စေတနာ့၀န်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများကို နည်းပညာနှင့် နှစ်စဉ်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိပါကြောင်း၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဧေဟာကို ဖွင့်လှစ်ခဲ့ပြီး အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးလျက် ရှိပါကြောင်း။

အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့ကို ဂုဏ်ပြုခံဘိုးဘွားအဖြစ် သတ်မှတ်ကာ နှစ်စဉ်ငွေကျပ် သုံးသိန်းစီ ချီးမြှင့်ထောက်ပံ့လျက်ရှိပါကြောင်း၊ ယခုလာမည့် အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင်အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့်အဘွားတစ်ဦးကို ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်သွားရန် အစီအစဉ်ရှိပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၀န်ကြီးဌာန အစီအစဉ်ဖြင့် အခါအားလျော်စွာ ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ဆေး၀ါးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိပြီး အသက် ၁၂၀နှစ်မျှ အသက်ရှည်သည့် နိုင်ငံသား ဘိုးဘွားများကို အထူးပြုစုစောင့်ရှောက်မှုပေးသွားမည့် သီးခြားအစီအစဉ် လောလောဆယ် မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က **“ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း”** အား တင်သွင်းရာ လွှတ်တော်ကဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေး၌ မေးခွန်း (၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း



# တရုတ်နိုင်ငံ ပေကျင်းမြို့ ပုဒ္ဓစွယ်တော်တိုက်ဆရာတော် Ven. Shi Chang Zang မှ ပုသိမ်မြို့ ရွှေမဉ္ဇော်စေတီတွင်တည်ထားကိုးကွယ်ရန်အတွက် ဓမ္မလက်ဆောင်အဖြစ်လှူဒါန်းမည့် ပုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်တို့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပုဒ္ဓစွယ်တော်တိုက်ဆရာတော် Ven. Shi Chang Zang က ဓမ္မလက်ဆောင်အဖြစ် လှူဒါန်းသည့် ပုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်(ဝဲပုံ)တို့ကို ပုသိမ်မြို့ ရွှေမဉ္ဇော်စေတီတွင် တည်ထားကိုးကွယ်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှ စက်တင်ဘာ ၁၆ ရက်တွင် စတင်ပင့်ဆောင် အပူဇော်ခံခဲ့ရာ ယင်းနေ့၌ လားရှိုးမြို့တွင် တစ်ညတာ ကိန်းဝပ်စံပယ်ခဲ့ပြီးနောက် ဆက်လက်ပင့်ဆောင်လာရာ စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ ထပ်မံ၍တစ်ညတာကိန်းဝပ်စံပယ်တော်မူခဲ့သည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ တစ်ညတာ ကိန်းဝပ်စံပယ်တော်မူခဲ့သော ပုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်တို့ကို ယနေ့နံနက် ၆ နာရီခွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် အဖွဲ့က ပင့်ဆောင်လာရာ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်သို့ရောက်ရှိလာစဉ် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥပ္ပါတသန္ဓိစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းများက ဥပ္ပါတသန္ဓိစေတီတော်ရှိ သာသနာ့မဟာဗိမာန်တော်ကြီးသို့ ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

အဆိုပါ ပုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်တို့အား စက်တင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲတွင် အနေကဇာတင် အခမ်းအနားကျင်းပပြီး ရန်ကုန်မြို့သို့ ဆက်လက်ပင့်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

✻ *ပြည်ဆောင်စုလွှတ်တော်မှ*

ကန့်ကွက်ချက်များ မရှိနိုင်ပါကြောင်း၊ အခြားစီမံကိန်းလုပ်ငန်းများတွင်လည်း သတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒလျက်ရှိပါကြောင်း ဆွေးနွေးသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်က သက်ဆိုင်ရာ တာဝန်ရှိသူများက ပုလဲမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ ယခုစီမံကိန်းနှင့် ပတ်သက်၍ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဧက ၉၀၀၀ ရေရရှိရေးအတွက် အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ စီမံကိန်းအဆင့်ဆင့် အမှန်တကယ်လက်တွေ့ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက်အမှန်တကယ် အကျိုးရှိမည့် အစီအစဉ်ဖြစ်ပါကြောင်း၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးဝန်ဆောင်မှု လွှမ်းခြုံရေးစနစ်ကောင်းတစ်ခု ပေါ်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ငွေကြေးထောက်ပံ့မှု၊ နည်းပညာအထောက်အပံ့နှင့် ဝန်ထမ်းများအတွက် လူစွမ်းအားမြှင့်တင်မှု လုပ်ငန်းများ ပါဝင်သည့်အတွက် စိတ်ဝင်စားစရာကောင်းပါကြောင်း၊ ကျန်းမာရေးအတွက် Socialize Medicine လုပ်မည်ဆိုလျှင် လုံလောက်သော ရန်ပုံငွေစုဆောင်းထားရှိရန်လိုအပ်ပါကြောင်း။

စုပေါင်းပါဝင်သောစနစ်တစ်ခုရှိသင့်ပါကြောင်း၊ ဆင်းရဲသောသူများအတွက် နိုင်ငံတော်က ထည့်ဝင်ငွေ၊ ချမ်းသာသောသူများက အာမခံကြေးထည့်ဝင်ငွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် နိုင်ငံတကာက ပံ့ပိုးကူညီမှုများနှင့် ငယ်ရွယ်သူ အလုပ်လုပ်နေသူများ၏ ထည့်ဝင်ငွေများဖြင့် ဝိုင်းဝန်းထည့်ဝင်မှသာ ရေရှည်ရန်ပုံငွေရရှိ နိုင်မည်ဖြစ်ပြီး နိုင်ငံတကာ၏ ချေးငွေများကိုလည်း မျှော်လင့်နေစရာ မလိုတော့ပါကြောင်းဖြင့်ဆွေးနွေးသည်။

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးနှင့် ဆက်စပ်နေသည့် ဝန်ဆောင်မှုများတွင် ဆောင်ရွက်မည်ဆိုသည့် ရည်မှန်းချက် တင်ပြသွားပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနိမ့်ကျနေမှုအတွက် ဆေးရုံအသီးသီးတွင် လိုအပ်နေသည့် စက်ကိရိယာများနှင့် ဝန်ထမ်းများကို အလေးအနက်ထား ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍ၏ လိုအပ်ချက်များ၊ ပြန်လည်ပေးဆပ်ရမည့် စနစ်များကို ဘက်စုံထောင့်စုံက တင်ပြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လူတိုင်း ကျန်းမာရေးလွှမ်းခြုံမှုကို နိုင်ငံတော်ဘတ်ဂျက်အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆောင်ရွက်နေပါကြောင်း၊ ငွေကြေးကိုင်တွယ်မှုကို ကော်မတီဖွဲ့၍ ကမ္ဘာ့ဘဏ်၏ စနစ်အတိုင်း သင်တန်းပေးပြီးမှ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်တွင် ငွေရေးကြေးရေးနှင့် ပတ်သက်၍ စနစ်တကျစီမံခန့်ခွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဆင့်က ဆက်လက်ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံနှင့် သင့်တော်သည့် ကျန်းမာရေးအာမခံစနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးယူရန်ကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မြန်မာနိုင်ငံ၏ ပြင်ပကြွေးမြီစုစုပေါင်းသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် စာရင်းအရ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၇၉ ဘီလီယံရှိနေပြီး ကြွေးမြီနှိုင်းယှဉ်မှုစာရင်းတွင် (၁၁၆) နိုင်ငံမြောက် ဖြစ်နေကြောင်း သိရသည်။

**(သတင်းစဉ်)**

---

❁ *ကျောဖုံးမှ*

အခိုန်ကြန့်ကြာရခြင်းရဲ့ အဓိကအကြောင်းရင်းက ရာသီဥတုကြောင့်ဖြစ်ပါတယ်။ ရက်ကြာလာတော့ စိုးရိမ်ပူပန်စိတ်တွေလည်း အလွန်များနေကြပါတယ်။ သူတို့အနေနဲ့ ကျွန်တော်တို့နဲ့ တွေ့ဆုံခိုန်အထိ တောင့်ခံထားနိုင်ပါစေလို့ မျှော်လင့်ပါတယ်။ ကျွန်တော့်

**ကယ်ဆယ်ရေးလုပ်ငန်း အရှိန်မြှင့်ရန်အတွက် ထိုင်းနိုင်ငံမှ ရောက်ရှိလာသည့် B4 ရဟတ်ယာဉ် ပူတာအိုလေဆိပ်တွင် ရပ်နားထားစဉ်။**





အထင်ပြောရရင်သူတို့ပျောက်ဆုံခိုန်မှာ ဆိုးရွားတဲ့ရာသီဥတုအခြေအနေမရှိခဲ့ဘူးလို့ ထင်ပါတယ်။ မတော်တဆ ထိခိုက်မှုကြောင့်သာသူတို့တစ်နေရာရာမှာ တောင့်ခံပြီး ကယ်ဆယ်ရေးကို စောင့်နေတယ်

---

နယ်အမှတ်(၅) မှ ဦးကံညွှန့်က မြောက်ယမားလက်ယာရေသောက်စနစ်တည်ဆောက်သည့် စီမံကိန်းဧရိယာသည် ရေအလွန်ရှားပါးသော အရပ်ဖြစ်ပြီး မိုးခေါင်သည့်နှစ်များတွင်ရေလုံလောက်စွာ မရရှိသဖြင့် သီးနှံများ ပျက်စီးဆုံးရှုံး၍ ဒေသခံတောင်သူများ ဆင်းရဲကျပ်တည်းမှုနှင့် ကြုံတွေ့ကြရပါကြောင်း၊ လက်ယာရေသောက်စနစ်ကို တည်ဆောက်ခြင်းအားဖြင့် ဆည်ရေရရှိပြီး မိုးသီးနှံ၊ နွေစပါးနှင့်ဆောင်းသီနှံများ ထပ်မံစိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် သီးနှံအထွက်နှုန်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် ရေဖူလုံစွာသုံးစွဲနိုင်ရေးကိုပါ အထောက်အကူပေးနိုင်မည်ဖြစ်ပါကြောင်း။

လက်ယာမြောင်းလက်တံသစ်ဖောက်လုပ်တူးဖော်ခြင်းကြောင့် စိုက်ပျိုးမြေကေ ၇၀၀ ခန့် ဆုံးရှုံးနိုင်သော်လည်း မိုးစပါး ဧရိယာ ၈က ၉၀၀၀ ကို အောင်မြင်စွာ စိုက်ပျိုး ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နွေစပါးနှင့်ဆောင်းသီနှံ ၈ရိယာ ၈က ၁၈၀၀၀ ကို စိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူအများစုက လိုလားစွာထောက်ခံဆောင်ရွက်ပြီးခဲ့သော လုပ်ငန်းအပိုင်းအလိုက်အတွက် ကုန်ကျပြီးတန်ဖိုးနှင့် ယခုဆက်လက်ဆောင်ရွက်မည့် ကျန်ရှိလုပ်ငန်းအပိုင်း၏ ကုန်ကျမည့်လုပ်ငန်းတန်ဖိုးများ၏ လုပ်ငန်းတန်ဖိုးလျာထားချက်ကို ပြည်သူများ ပွင့်လင်းမြင်သာစွာသိရှိရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်က နိုင်ငံတော်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများနှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် စီမံကိန်းဆောင်ရွက်မည့် အခြေအနေအဆိုးအကောင်း၊ အကျိုးအကြောင်း သုံးသပ်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်လိုအပ်ပါကြောင်း၊ ဆောင်ရွက်နေမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဒေသခံများနှင့် ပြည်သူများသိရှိပြီး မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်စေရန် သတင်းများ ထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း၊ မြောက်ယမားဆည် လက်တံသစ်တူးဖော်ရေးလုပ်ငန်းသည် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သည့်အတွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လကုန်တွင် လုပ်ငန်းပြီးစီးမည်ဖြစ်ပြီး ရေပေးဝေရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆုံးရှုံးသွားသည့် လယ်ဧက ၇၀၀ နဲ့ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး စာရင်းကောက်ယူလျက်ရှိပါကြောင်း၊ အမြန်ဆုံးစာရင်းကောက်ယူ၍ စာရင်းများခိုင်မာပြီဆိုပါက ထိုက်သင့်သည့် ပေးလျော်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ်ကို ဆောင်ရွက်ပြီးပါက နောက်ထပ်ရေရရှိနိုင်သည့် နေရာများကို ရှာဖွေ၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆည်ရေသောက် ဧရိယာတွင် ခေတ်မီစက်မှုလယ်ယာစနစ် ဆက်လက် ဖော်ထုတ်ပေးရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြီးစီးမှုနှင့် ကုန်ကျစရိတ်များကို အခါအားလျော်စွာ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြောက်ယမားဆည်၏ လက်ယာမြောင်း လက်တံသစ်တူးဖော်ခြင်း လုပ်ငန်းသည် ဒေသခံတောင်သူများနှင့် ပြည်သူ

ပြည်တွင်းသတင်း



နယ်သာလန်နိုင်ငံရှိ Tomato World တွင် ဖန်လုံအိမ်စိုက်ပျိုးနည်းဖြင့် စနစ်တကျစိုက်ပျိုးထားသည့် ခရမ်းချဉ်သီးများကို တွေ့ရစဉ်။

❖ ရှေ့ဖုံးမှ

ဘွဲ့သင်တန်းများနှင့် စိုက်ပျိုးရေး၊ သစ်တောနှင့် လူမှုသိပ္ပံ (Life Sciences) တို့အတွက် မဟာဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရပါသည်။ ဆွစ်ဇာလန်ပညာရေးတွင် အရေးပါသည့် သက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်းများမှ အခြေခံပညာအထက်တန်းပြီးဆုံးလာသူများအတွက် အဆင့်မြင့်ပညာသို့ ပေါင်းကူးလေ့ကျင့်သင်ကြားပေးမှု၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။

ဤကျောင်းတွင် ကျောင်းသား၊ ဝန်ထမ်းနှင့် ဆရာ ဆရာမ ၇၀၀ ကျော်ရှိပါသည်။ ယင်းကျောင်းသည် ဘွဲ့အတွက် သင်တန်းများ၊ သုတေသနနှင့် ဝန်ဆောင်မှုစီမံကိန်းအတွက် အဓိကနေရာဖြစ်ပါသည်။ ကျောင်း ပရဝဏ်ထဲတွင်သဘာဝနှင့် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင် အလေးထားထိန်းသိမ်းထားသည်ကို တွေ့ခဲ့ရပါသည်။

ကျောင်းသားများသည် ကျောင်းတက်နေချိန်တွင် အဆင့်အမြင့်ဆုံးနည်းပညာကို ရရှိကြပြီး အောင်မြင်သော နည်းလမ်းများ၏ အတွေ့အကြုံကိုလည်းရရှိကြပါသည်။ လူမှုရေးဆိုင်ရာ အရည်အသွေးများကိုလည်း မြှင့်တင်လာနိုင်ပြီး ကျောင်းပြီးသောအခါ အလုပ်ရလွယ်ကူခြင်း၊ လစာကောင်းမွန်ခြင်း၊ အသင်းအဖွဲ့များ၌ ဝင်ရောက်လုပ်ဆောင်နိုင်ခြင်း၊ ပြဿနာများကို စနစ်တကျခွဲခြားရွေးထုတ်နိုင်ခြင်း၊ ကိုယ်ပိုင်တီထွင် လုပ်ကိုင်တတ်ခြင်း စသည့်ထူးခြားသော အရည်အချင်းများ ရရှိကြသည်ဟု သိရှိခဲ့ရပါသည်။

နောက်ထပ် စိတ်ဝင်စားစရာကောင်းသောနေရာတစ်ခုမှာ နယ်သာလန်နိုင်ငံရှိ ခရမ်းချဉ်သီးကမ္ဘာ (Tomato World ) ဖန်လုံအိမ်စိုက်ပျိုးရေး ဗဟိုဌာနဖြစ်ပါသည်။ ခရမ်းချဉ်သီးများကို ဖန်လုံအိမ်စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားသောနေရာဖြစ်ပြီး ခရမ်းချဉ်သီးအမျိုးပေါင်း ၈၀ ကျော်ကို ပိုးသတ်ဆေးမသုံးဘဲ စိုက်ပျိုးထားပါသည်။ ရေနှင့် ဓာတ်မြေဩဇာကိုလည်း ပမာဏနည်းပါးစွာအသုံးပြု၍ စိုက်ပျိုးထားသည်ကို သိရှိမှတ်သားခဲ့ရပါသည်။

ထိုသို့လေ့လာစဉ်တွင် အင်းလေးဒေသ၌ ခရမ်းချဉ်သီးများ မိရိုးဖလာနည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်နေမှုကို ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာ အလွန်အကျွံသုံး၍ မရကြောင်း အင်းလေးကန်ရေ အရည်အသွေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နေမှုများကိုလည်း ဆက်စပ်မြင်ယောင်မိပါသည်။ အင်းလေးဒေသအပါအဝင် ခရမ်းချဉ်သီးစိုက်ပျိုးထွက်ရှိ သောနေရာများတွင် နယ်သာလန်နိုင်ငံ ခရမ်းချဉ်သီးကမ္ဘာကဲ့သို့ ဖန်လုံအိမ်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက ဒေသအတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း များစွာ အကျိုးရှိနိုင်မည်ကို တွေးမိပါသည်။ နိုင်ငံတော်သမ္မတကြီးက အင်းလေးဒေသရှိ ခရမ်းချဉ်သီးစိုက်ပျိုးတောင်သူများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီး ဒေသနှင့်ကိုက်ညီ မည့် နည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် မေးမြန်းဆွေးနွေးခဲ့သည်ကို ကြားခဲ့ရပါ သည်။

နောက်ထပ် ကျွန်တော်သတိရမှတ်မိနေသည့် မြင်ကွင်းတစ်ခုမှာ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှ ဘာလင်မြို့သို့ အမြန်ရထားဖြင့် သွားရောက်ခဲ့သည့် လမ်းဘေးဝဲယာ မြင်ကွင်းဖြစ်ပါသည်။ ရထားလမ်းဘေးတစ်လျှောက်တွင် စိမ်းလန်းစိုပြည်သော သစ်တော သစ်ပင်များ တစ်အုပ်တစ်မ ဖုံးလွှမ်းလျက်ရှိပြီး လေအားလျှပ်စစ်ထုတ်လုပ်သည့် လေရဟတ်များမှာလည်း ဘာလင်မြို့သို့ ရောက်ရှိသည်အထိ တစ်မျှော်တစ်ခေါ် လယ်ယာမြေများတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ရှုမျှော်မဆုံးတွေ့ရှိခဲ့ရပါသည်။

ဆွစ်ဇာလန်နိုင်ငံရှိ ပြတိုက်များကို သွားရောက်လေ့လာခွင့်ရခဲ့ခြင်းက ဗဟုသုတများ ရရှိစေခဲ့ပါသည်။ ပြတိုက်များတွင် အထင်ကရပုဂ္ဂိုလ်များ၏ အသုံးအဆောင်ပစ္စည်းများအပါအဝင် ခေတ်အဆက်ဆက်လူ့အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် စာရွက်စာတမ်းများ၊ မှတ်စုစာအုပ်များကို မပျက်စီးအောင်ခေတ်မီနည်းပညာများဖြင့် ထိန်းသိမ်းထားရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းသမိုင်းဝင် အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်မှုမှာလည်း အလွန်စနစ်ကျနပြီး အလင်းရောင်ပေးစနစ်မှာလည်း ကောင်းမွန်လှပါသည်။

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပနေသည့် လေကြောင်းပြပွဲကိုလည်း ရောက်ရှိခဲ့ပါသည်။



နယ်သာလန်နိုင်ငံရှိ Maeslandtkering ရေထိန်းတံခါးကို တွေ့ရစဉ်။

အဆိုပါလေတပ်စခန်းအတွင်း နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse ကို ကြည့်ရှုလေ့လာခွင့်ရခဲ့ပါသည်။ ယင်းလေယာဉ်ဖြင့် ၂၀၁၅ ခုနှစ် မတ်လတွင် ကမ္ဘာတစ်ပတ်ပုံသန်းမှုပြုလုပ်ရန် စီစဉ်ထားပြီး မန္တလေးမြို့တွင် ခရီးတစ်ထောက်ရပ်နားဆင်းသက်မည်ဖြစ်ကြောင်းနှင့် ထိုသို့ရပ်နားစဉ်ကာလအတွင်း နေရောင်ခြည်စွမ်းအင်နှင့် ပတ်သက်သည့်ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အများပြည်သူလေ့လာနိုင်ရန် စီစဉ်ပေးခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိ ခဲ့ရပါသည်။

နယ်သာလန်နိုင်ငံရှိ ရေထိန်းတံခါးနှင့် ရော်တာဒမ်ဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည့် ခရီးစဉ်မှာလည်း မမေ့နိုင်စရာ ခရီးစဉ်တစ်ခုဖြစ်ပါသည်။ Maeslandtkering ရေထိန်းတံခါးကို စီမံတည်ဆောက်ခဲ့ရခြင်းမှာ ၁၉၅၃ ခုနှစ် ရေလွှမ်းမိုးမှုဖြစ်စဉ်တွင် လူတစ်သောင်းခွဲစ်ထောင်ကျော် သေဆုံးခဲ့ပြီးနောက် ရိုင်းမြစ်ဝကျွန်းပေါ်ဒေသအပါအဝင် နယ်သာလန်နိုင်ငံ၏ အနိမ့်ပိုင်းဒေသများကို ကာကွယ်ရန်အတွက် မြစ်ဝကျွန်းပေါ် စီမံချက်ကို ရေးဆွဲခဲ့ကြောင်းနှင့် မြစ်ဝကျွန်းပေါ် ရန်ပုံငွေကို ထူထောင်ခဲ့ကြောင်း၊ ထိုစီမံချက်အရ မြစ်ဝကျွန်းပေါ်ဒေသကို ရေကြီးမှုနှင့် မုန်တိုင်း ဒီရေဇက်မှ ကာကွယ်ရန်အတွက် ရေထိန်းတံခါးများ၊ တာတမံများ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ Maeslandtkering ရေထိန်းတံခါးကို ၁၉၉၁ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ရိုင်းမြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အရွယ်အစား၊ ပထဝီအနေအထားတူညီမှုရှိပါသည်။ ထို့ကြောင့် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသကို ရေလမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးတို့အတွက် မြန်မာနှင့်နယ်သာလန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ (MoU) ကို ၂၀၁၃ ခုနှစ် မေလတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုစာချွန်လွှာအရ မြန်မာနိုင်ငံတွင် ရေသယ်ဇာတစီမံခန့်ခွဲမှုစနစ်အတွက် အချက်အလက်များစုဆောင်းခြင်း၊ တက္ကသိုလ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများပေးအပ်ခြင်း၊ နယ်သာလန်နိုင်ငံမှ အဆင့်မြင့်ကျွမ်းကျင်သူပညာရှင်များက ပူးပေါင်းကူညီဆောင်ရွက်ခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် မဟာဗျူဟာအဆင့် လေ့လာမှုပြုလုပ်ခြင်းနှင့် အကောင်အထည်ဖော်သင့်သည့် စီမံကိန်းများ ရွေးချယ်ခြင်းစသည့် ကဏ္ဍငါးရပ်တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရပါသည်။

လက်ရှိအခြေအနေတွင် စီမံကိန်းခြောက်ခုကို စမ်းသပ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ၎င်းတို့မှာ မိတ္ထီလာကန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံဒေသ ဘက်စုံရေကြောင်းသွားလာမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပန်းလှိုင်မြစ်ရေတံခါးတည်ဆောက်ရေး၊ မန္တလေးနှင့်ပုဂံကြား ရောဝတီမြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှု၊ ပဲခူး-စစ်တောင်းတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ ဖွင့်လှစ်ရေးတို့ ဖြစ်ပါသည်။

ခရီးစဉ်အတွင်း ရောက်ရှိခဲ့သည့် ဂျာမနီ၊ ဆွစ်ဇာလန်နှင့် နယ်သာလန်နိုင်ငံတို့ရှိ လမ်းများအားလုံးသည် လွန်စွာကျယ်ပြောမှုမရှိသော်လည်း အလွန်ကောင်းမွန်သည်ကို တွေ့မြင်ခဲ့ရပါသည်။ ဒေသခံပြည်သူများ၏ နေထိုင်သွားလာနေမှုများသည် အေးချမ်းတည်ငြိမ်မှုရှိသည်ဟု ခံစားမိခဲ့ပါသည်။

ဥရောပသုံးနိုင်ငံစလုံးတွင် သစ်တောသစ်ပင်များကို တစ်အုပ်တစ်မ ထိန်းသိမ်းထားမှုမှာ အံ့မခန်းပင်ဖြစ်ပါသည်။ မည်သည့်နေရာကို ကြည့်ကြည့် သစ်တောသစ်ပင်များဖြင့် ဖုံးအုပ်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။

သစ်တောများ၏ အကျိုးကျေးဇူးကြောင့် ရာသီဥတုမှာလည်း ကောင်းမွန်မှန်ကန်သဖြင့် ခရီးစဉ်ရွှေ့ဆိုင်းရခြင်း၊ ဖျက်ရခြင်းများမရှိခဲ့ဘဲ သတ်မှတ်ထားသည့် ခရီးစဉ်အတိုင်း သွားရောက်လေ့လာနိုင်ခဲ့ပါသည်။

ဥရောပသုံးနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိပြီးသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်သမ္မတကြီးက ခရီးစဉ်တွင် လေ့လာသိရှိခဲ့သည့် အတတ်ပညာ၊ နည်းပညာဗဟုသုတများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအား လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း သိရပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ရာထူးသက်တမ်းကာလတွင် ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သည်မှာ သံတမန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး သက်သက်အတွက်သာမက မြန်မာ့လူအဖွဲ့အစည်းတစ်ခုလုံးအား ဘက်စုံကဏ္ဍစုံတွင် နိုင်ငံတကာနှင့် ထိတွေ့ပြီး အတတ်ပညာ၊ နည်းပညာလွှဲပြောင်းမှုရရှိစေရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို ယူဆောင်လာသည့်အတွက် လက်ရှိကာလတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားကြရပြီဖြစ်ပါသည်။ နောင်နှစ်များအတွင်း နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ပိုမိုရရှိခံစားကြရမည်ဟု ယုံကြည်မိပါသည်။ ။

---

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိစွေးတွင် မိုးရာသီကာလတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲက စွေးတာဝန်ခံဦးစီးမှူး ဦးမောင်မောင်လွင်နှင့်စွေးဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ လယ်ဝေးမြို့ သီရိရတနာ မြို့မစွေးတွင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး၊ ခြင်၊ ယင်၊ ပိုးဟပ်များ ကင်းစင်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၆ ရက် ညနေ ၅ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကိုရွှမ်(နေပြည်တော်)

ပြည်တွင်းသတင်း

# စစ်မှန်တဲ့သတင်းလွတ်လပ်ခွင့်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ကျင့်ဝတ်နဲ့အညီ သတင်းရေးသားမှုတို့ပါဝင်

**ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်တွင်ကျင်းပသည့် တတိယအကြိမ် မြန်မာ့သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ တက်ရောက်လာသူများအား‌တွေ့ဆုံ၍ နိုင်ငံတကာမီဒီယာဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်မှုများ၊ နိုင်ငံတော်အစိုးရသစ်လက်ထက် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ၊ စာနယ်ဇင်းဆိုင်ရာ အတွေ့အကြုံများနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။**





### ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)
### မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ

မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆက်သွယ်ဆောင်ရွက်တယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ ပူးပေါင်းပြီး ဆောင်ရွက်ကြတာ တွေ့ရလို့ ဝမ်းသာပါတယ်။ ကောင်းမွန်တဲ့ အကျိုးရလဒ်တွေ ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မီဒီယာ ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုက်နာမှုတွေအနေနဲ့တော့ မီဒီယာလွတ်လပ်ခွင့် ရရှိလာတာမကြာသေးတော့ အဲ့ဒီအပေါ်မှာ လွတ်လပ်မှုအပေါ်အခွင့်အရေးယူပြီး မသိသေးလို့ဖြစ်ကြတဲ့ အမှားတွေများပါတယ်။

သတင်းလောကမှာ သတင်းဩဇာရှိတဲ့ သတင်းစာဆရာကြီးတွေ အရင်တုန်းက ရှိခဲ့ဖူးပါတယ်။ အစိုးရအဖွဲ့ကို ရေးစရာရှိရင်လည်း ကျင့်ဝတ်နဲ့အညီ ရေးတာပဲ။ အတိုက်အခံအဖွဲ့အစည်းဘက်က ရေးရင်လည်း ကျင့်ဝတ်နဲ့အညီပဲ ရေးခဲ့ကြပါတယ်။ နိုင်ငံ လူမျိုး ကောင်းကျိုးအတွက် ထောက်ပြဖို့ လိုတယ်ဆိုလည်း ထောက်ပြကြတာပဲ။ တမင်သက်သက် တိုက်ခိုက်ထိုးနှက်လိုတဲ့ စိတ်နဲ့ရေးကြတာမျိုး မဟုတ်ဘူး။ ကောင်းကျိုးရှိတဲ့ သတင်းတွေကို ကောင်းကျိုးရအောင် ရေးတယ်။ အဲ့ဒီလို အကျိုးဆောင်ကြတော့ ဒီလိုသတင်းစာဆရာကြီးတွေကို အားလုံးက ချစ်ခင်တဲ့၊ လေးစားတဲ့ သတင်းဩဇာကြီးများတဲ့ သတင်းစာဆရာကြီးတွေဖြစ်သွားတာပဲ။ ဒီလို ဆရာကြီးတွေရဲ့ကောင်းမွန်တဲ့ ကျင့်ဝတ်စောင့်ထိန်းမှုတွေကို ကျင့်ကြံသွားနိုင်ကြရင် သတင်းလောကကြီးလည်း ကောင်းမွန်လာမှာပါ။

ကျင့်ဝတ်နဲ့မညီတာတွေကို သတင်းဖတ်တဲ့သူတွေကသိလာပြီး ထောက်ပြပြောဆိုတာတွေလုပ်မယ်။ သတင်းသမားအချင်းချင်းကလည်း ဒီလို ကျင့်ဝတ်နဲ့မညီဘဲ ရေးသားတာတွေဟာ သတင်းစာဆရာတွေရဲ့ ဂုဏ်သိက္ခာကိုထိခိုက်ပါလားဆိုတဲ့ သတိပေးမှုတွေနဲ့ အချင်းချင်းထိန်းကျောင်းသွားဖို့ လိုပါတယ်။

မီဒီယာပြုပြင်ပြောင်းလဲရေးတွေ စတင်ခဲ့တဲ့ ဒီသုံးနှစ်တာကာလအတွင်းမှာ စာပေလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်တွေ အများကြီးရှိလာပါတယ်။ မီဒီယာနဲ့ပတ်သက်တဲ့ နိုင်ငံတကာဆွေးနွေးပွဲတွေလည်း အများကြီး လုပ်လာနိုင်ပါတယ်။ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လာနိုင်တယ်လို့ ယူဆပါတယ်။

### ဦးကိုကို မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ

ဒီနေ့ကျင်းပတာကတော့ တတိယအကြိမ် မြန်မာ့သတင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မီဒီယာဖွံ့ဖြိုးတိုးတက်မှုကိုစဉ်း တံခါးဖွင့်လုပ်ခဲ့တဲ့ နိုင်ငံတကာကွန်ဖရင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှု၊ အခက်အခဲ၊ အခွင့်အလမ်းနဲ့ အကြံဉာဏ်တွေကို နိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြည်တွင်းပြည်ပ မီဒီယာအဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပ ပုံနှိပ်ထုတ်ဝေသူတွေ၊ ရုပ်သံလွှင့်ဌာနတွေ စတဲ့ မီဒီယာလုပ်ငန်းနဲ့ ဆက်နွယ်တဲ့အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းပါဝင်ဆွေးနွေးတဲ့ ကွန်ဖရင့်ကြီးဖြစ်ပါတယ်။ ဒီနှစ်လုပ်တဲ့ ဆွေးနွေးပွဲမှာဆိုရင် လက်တွေ့ကျကျ ဆောင်ရွက်တဲ့အပိုင်းတွေပါလာပါတယ်။ ဒီလိုပိုင်းဝန်းဆွေးနွေးရာကတစ်ဆင့် မြန်မာသတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရလဒ်ကောင်းတွေရမယ်လို့ မျှော်လင့်ပါတယ်။

မြန်မာနိုင်ငံမှာ စနစ်ပြောင်းသွားတဲ့အခါ မီဒီယာလွတ်လပ်ခွင့်တွေ၊ သတင်းလွတ်လပ်ခွင့်တွေကို ပြောလာကြပါတယ်။ သတင်းလွတ်လပ်ခွင့်က ဒီမိုကရေစီရဲ့အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံကို ဒီမိုကရေစီစနစ် ဘယ်လောက်ဖွံ့ဖြိုးသလဲဆိုတာကို သတင်းလွတ်လပ်ခွင့်ကို တိုင်းတာလေ့ရှိကြပါတယ်။ သတင်းလွတ်လပ်ခွင့်မရှိဘဲ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးနေပြီလို့ ပြောလို့မရပါဘူး။ စစ်မှန်တဲ့သတင်းလွတ်လပ်ခွင့်ရှိမှသာ ကမ္ဘာ့အလယ်မှာ ဒီမိုကရေစီနိုင်ငံအဖြစ် ပြောလို့ရမှာပါ။ စစ်မှန်တဲ့ သတင်းလွတ်လပ်ခွင့်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ကျင့်ဝတ်နဲ့အညီ သတင်းရေးသားမှုတွေ ပါပါတယ်။

ဒါ့အပြင် သတင်းရေးသားမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းတွေ၊ အလေ့အကျင့်တွေကို လိုက်နာဖို့လည်းလိုပါတယ်။ ဒီလိုအချက်တွေကို ကျင့်သုံးဖို့ဆိုတာ သတင်းသမားတွေအနေနဲ့ ဆီလျော်တဲ့ သတင်းမီဒီယာဆိုင်ရာ အတတ်ပညာတွေ တတ်ကျွမ်းဖို့နဲ့ လေ့လာဖို့ အရေးကြီးပါတယ်။

ဒီလို မီဒီယာကွန်ဖရင့်တွေကနေပြီး မီဒီယာနဲ့ သက်ဆိုင်တဲ့ကဏ္ဍတွေကို အလေးထားဆွေးနွေးပြီး ကောင်းမွန်တဲ့အကြံပြုချက်တွေကို ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မြန်မာသတင်းမီဒီယာတွေမှာ ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုက်နာမှု လျော့နည်းတဲ့အပိုင်းက မသိလို့ ဖောက်ဖျက်တာနဲ့ သိလျက်နဲ့ ဖောက်ဖျက်တာဆိုပြီး ရှိပါတယ်။ ဒီနေရာမှာ အသိအားနည်းလို့ ဖောက်ဖျက်တာကို အများဆုံးတွေ့ရပါတယ်။ ဒုံကြောင့်လည်း မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)နဲ့ သတင်းမီဒီယာအဖွဲ့အစည်း အားလုံးပေါင်းပြီး တော့ သတင်းမီဒီယာကျင့်ဝတ်ကို ရေးဆွဲအတည်ပြုပြီးသွားပြီ ဖြစ်ပါတယ်။ ဒီစာအုပ်ပါ လိုက်နာကျင့်သုံးဖွယ်တွေကို သတင်းသမားများအနေနဲ့ လိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် မလိုလားအပ်တဲ့ပြဿနာတွေ၊ ဖမ်းဆီးခံရမှုတွေ၊ တိုင်းတန်းခံရမှုတွေအားလုံး လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ဒုံအပြင် အများလေးစားတန်ဖိုးထားတဲ့ အသိအမှတ်ပြုတဲ့ သတင်းမီဒီယာကောင်းများဖြစ်လာမှာ ဖြစ်ပါတယ်။ စနစ်တစ်ခုကနေ တစ်ခုကူးပြောင်းနေတဲ့ နိုင်ငံတိုင်း ကြုံတွေ့ရလေ့ရှိတဲ့ သတင်းမီဒီယာဆိုင်ရာ စိန်ခေါ်မှုတွေကို မြန်မာနိုင်ငံလည်း ကြုံတွေ့ရတဲ့အခါ တိုးတက်ကောင်းမွန်တဲ့အနေအထားနဲ့ သွားနေတယ်လို့ ထင်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မီဒီယာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လိုတဲ့ ဆန္ဒနဲ့ ဆောင်ရွက်နေတယ်လို့ မြင်ပါတယ်။ စိုးရိမ်ကြောင့်ကြမှုတွေလည်းရှိပါတယ်။ သတင်းလွတ်လပ်ခွင့်ဆိုတဲ့ အတွေ့အကြုံကို အစိုးရပိုင်းရော သတင်းသမားတွေအပိုင်းက ပါ လက်တွေ့မဖြတ်သန်းခဲ့ဖူးပါဘူး၊ စာတွေ့သာရှိပြီး လက်တွေ့မဖြတ်သန်းဖူးတဲ့အနေအထားမှာ အစိုးရပိုင်းကရော သတင်းသမားတွေအနေနဲ့ပါ စိုးရိမ်ကြောင့်ကြ စိတ်တွေဖြစ်တတ်ကြပါတယ်။

သတင်းမီဒီယာပိုင်းက ကျင့်ဝတ်တွေ မတရားဖောက်ဖျက်လာကြရင် နိုင်ငံတည်ငြိမ်အေးချမ်းရေး လုပ်ငန်းတွေကို ထိခိုက်မလားဆိုတဲ့ စိုးရိမ်စိတ်တွေဖြစ်ကြပါတယ်။ ဒါက လည်း သဘာဝကျပါတယ်။ အသွင်ကူးပြောင်းနေတဲ့ နိုင်ငံတိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ စိုးရိမ်စိတ်တွေဖြစ်ပါတယ်။ ဒီလိုစိုးရိမ်စိတ်တွေကို အတတ်ပညာတွေ၊ နားလည်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ကျော်လွှားရပါမယ်။ မီဒီယာတွေဘက်က ကျင့်ဝတ်စောင့်ထိန်းမှုတွေနဲ့ ကျော်လွှားရပါမယ်။ အစိုးရပိုင်းက လိုအပ်တဲ့ အစီအမံတွေပံ့ပိုးပြီး ကျော်လွှားရပါမယ်။ အစိုးရ၊ ပုဂ္ဂလိကနားလည်မှုတည်ဆောက်တဲ့အခါ နှစ်ကိုယ့်တစ်စိတ်လုပ်သလိုမျိုးမဟုတ်ဘဲ နားလည်မှုယူပြီး သူ့သိက္ခာနဲ့ ကိုယ့်သိက္ခာနဲ့ နေကြမယ်ဆိုရင် အစစအရာရာ အဆင်ပြေမယ်လို့ ထင်ပါတယ်။ ကမ္ဘာက မြန်မာနိုင်ငံရဲ့သတင်းမီဒီယာပိုင်းကို အာရုံစိုက်နေချိန်မှာ သတင်းမီဒီယာသမားတွေနဲ့ အစိုးရကြားမှာ နှစ်ဦးနှစ်ဖက် နားလည်မှုရှိရှိနဲ့ စိတ်ရှည်သည်းခံဆောင်ရွက်ဖို့ လိုမယ်လို့ ထင်ပါတယ်။

**Lars Heiberg Bestle, Head of Department, Asia International Media Support**

နိုင်ငံတကာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီနေတဲ့ နိုင်ငံတကာ IMS အနေနဲ့ မြန်မာနိုင်ငံရဲ့မီဒီယာ ဖွံ့ဖြိုးတိုးတက်မှုကို ထူးထူးခြားခြား တွေ့မြင်ရပါတယ်။ ဆင်ဆာအဖွဲ့ဖျက်သိမ်းတာ၊ စာနယ်ဇင်းကောင်စီဖွဲ့စည်းနိုင်တာ၊ မီဒီယာဥပဒေများရေးဆွဲနိုင်တာနဲ့ ပုဂ္ဂလိကနေ့စဉ်သတင်းစာများထုတ်ဝေခွင့်ပြုတာတွေဟာ ထင်ရှားတဲ့အပြောင်းအလဲတွေဖြစ်ပါတယ်။ ဟိုယခင် မီဒီယာဖိနှိပ်မှုတွေကြောင့် အရည်အချင်းပြည့်မီတဲ့ သတင်းကျင့်ဝတ်လိုက်နာမှုတွေ နည်းပါးနေသေးတာကိုလည်း တွေ့နေရပါတယ်။ IMS အနေနဲ့ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေနဲ့ ရုပ်သံလွှင့်ခြင်းဆိုင်ရာဥပဒေပြုရေးတို့မှာ လိုအပ်တဲ့အကူအညီတွေပေးနေပါတယ်။ သတင်းစာဆရာများပါဝင်တဲ့ အဖွဲ့အစည်း အသီးသီးတို့နဲ့လည်း သတင်းမီဒီယာအခွင့်အရေးတွေ အပြည့်အဝရရှိအောင် ပူးပေါင်းဆောင်ရွက်နေပါတယ်။ အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်လိုက်နာတဲ့ သတင်းစာပညာတွေ ပိုမိုပြန့်ပွားအောင် မြန်မာသတင်းစာပညာသင်တန်းကျောင်းကို တည်ထောင်ရာမှာ ကူညီပေးခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပဋိပက္ခဝရုပ်ပြု သတင်းရေးသားတင်ဆက်ခြင်းနဲ့ပတ်သက်ပြီး သတင်းစာဆရာ ၄၀၀ ကျော်ကို သင်တန်းပေးနိုင်ခဲ့ပါတယ်။ သတင်းကျင့်ဝတ်နဲ့မညီတဲ့ သတင်းရေးသားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ စိန်ခေါ်မှုတွေကို သင်ခန်းစာယူပြီး နောင်ဆက်မဖြစ်အောင် ဝိုင်းဝန်းဆွေးနွေးအဖြေရှာဖို့လိုပါတယ်။ အဲဒီအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာတဲ့အမှားတွေကို ကုစားရမှာပါ။ တစ်ဦးတစ်ယောက် ချင်းစောင့်ထိန်းလိုက်နာရမယ့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အလေ့အကျင့်ကောင်းတွေရရှိအောင် မီဒီယာနဲ့ဆိုင်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအနေနဲ့ ဆက်လက်ကူညီသွားမှာဖြစ်ပါတယ်။

**Michael Pan**
**(အင်တာနယူးစ်ပရောဂျက်မန်နေဂျာ)**

နိုင်ငံတစ်နိုင်ငံမှာ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရင် ပြည်သူတွေအနေနဲ့ သူတို့သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို မှန်မှန်ကန်ကန်ရနိုင်တယ်။ အထူးသဖြင့် နိုင်ငံသားတွေအနေနဲ့ ဒီမိုကရေစီနိုင်ငံမျိုးမှာ နိုင်ငံတည်ဆောက်ရေးတွေမှာ ပြည်သူတွေက မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်ဖို့လိုတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသားတွေရဲ့ပါဝင်မှုက အရေးကြီးတယ်။ တိုင်းပြည်ရဲ့အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို နိုင်ငံသားတွေကပဲ ချကြရတာဖြစ်တယ်။ ဥပမာ-ရွေးကောက်ပွဲတွေမှာ အမတ်လောင်းတွေကို ရွေးချယ်ကြမယ်။ နောက်ပြီး အစိုးရကိုယ်တိုင်ကလည်း ပွင့်လင်းမြင်သာတဲ့ ကောင်းမွန် ၊ သန့်ရှင်းတဲ့ အစိုးရဖြစ်အောင် ဖော်ဆောင်နေတာတွေရှိတယ်။ အဲလိုအခါမျိုးမှာ ပြည်သူနဲ့ အစိုးရတိုက်ရိုက်စကားပြောဖို့လိုတယ်။ ပြည်သူတွေအနေနဲ့ မှန်ကန်တဲ့သတင်းအချက်အလက်တွေ ရထားဖို့လိုတယ်။ ကောလာဟလတွေ၊ လွဲနေတာတွေ၊ မပြည့်စုံတာတွေ ရထားမယ်ဆိုရင် နှစ်ဖက်ကြားမှာ အဖုအထစ်တွေဖြစ်နိုင်တယ်။ မီဒီယာကဏ္ဍဖွံ့ဖြိုးခြင်းအားဖြင့် ဒီလို အဖုအထစ်တွေမရှိဘဲ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အစိုးရ၊ ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းတွေကြားမှာ အားလုံးက အပြန်အလှန် အချက်အလက်တွေရပြီး ကိုယ့်ကဏ္ဍကို ကိုယ်ပိပိပြင်ပြင် ပြန်လည်ထူထောင်ရေးကိုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။



**Michael Pan**
**(အင်တာနယူးစ်ပရောဂျက်မန်နေဂျာ)**

ဆွေးနွေးကြတယ်။ အခုနှစ်ဆိုရင်လည်း မီဒီယာတွေအနေနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သွားမယ်ဆိုပြီး ခေါင်းစဉ်ချထားတာတွေ့ရပါတယ်။ မြန်မာမီဒီယာတွေမှာ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍမှာ လွတ်လပ်မှုတွေရလာတယ်။ ပိုပြီးရေးလာတယ်။ စီးပွားရေးအရလည်း ယှဉ်ပြိုင်ရတဲ့ အနေအထားတွေ၊ အခက်အခဲတွေလည်း ပေါ်လာတယ်။ အခုမီဒီယာတွေ့ဆုံပွဲမှာ နိုင်ငံပိုင်မီဒီယာတွေကနေ အသွင်ကူးပြောင်းမယ့် အများပြည်သူဝန်ဆောင်မှု မီဒီယာနဲ့ပတ်သက်လို့လည်း ခေါင်းစဉ်တွေပါတာတွေ့ရပါတယ်။ မီဒီယာကဏ္ဍဖွံ့ဖြိုးဖို့အတွက် ခေါင်းစဉ်တွေအစုံပါတာတွေ့ရတယ်။ ပုဂ္ဂလိက မီဒီယာတွေလည်း ပါတယ်။ ဒီမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ကြရင် အကျိုးရှိမယ်လို့ ထင်ပါတယ်။ မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်ချက်တွေကို ထောက်ပြရမယ်ဆိုရင် သတင်းမီဒီယာသမားတွေကို လေ့ကျင့်သင်ကြားပေးဖို့ သင်တန်းတွေလိုတယ်။ ဥပဒေပိုင်းဆိုင်ရာတွေ၊ စီးပွားရေးလုပ်ငန်းအနေနဲ့လည်း လုပ်သာ၊ ကိုင်သာဖြစ်မယ့် အနေအထားမျိုးတွေ အခြေအနေကောင်းတွေ၊ ဝန်းကျင်ကောင်းတွေ ဖန်တီးပေးဖို့လည်း လိုပါတယ်။

### ဦးဇေယျာ ညွှန်ကြားရေးမှူး-အယ်လွင့်
### (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

မီဒီယာဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတကာကမူဝါဒတွေကို လိုက်ပါပြောင်းလဲနိုင်ဖို့ ကျွန်တော်တို့ လေ့လာသင့်တယ်။ အတူယူသင့်တယ်။ ဘာတွေကို ကျွန်တော်တို့ လူမှုအသိုင်းအဝန်း၊ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီအောင် ဘာတွေပြန်ပြင်ဆင်သင့်သလဲဆိုတာ ကျွန်တော်တို့ လေ့လာဖို့လိုတယ်။ အဲလိုပြောင်းလဲခြင်းအားဖြင့်ကျွန်တော်တို့ ပြည်သူ့အတွက်ကိုလည်း လူမှုတာဝန်သိတဲ့ မီဒီယာကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို မီဒီယာတွေကနေ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန်ရရှိခြင်းအားဖြင့် ပြည်သူကလည်း နေ့စဉ် လုပ်ငန်းဆောင်တာတွေမှာ ဆုံးဖြတ်ချက်တွေ ပိုပြီး မှန်မှန်ကန်ကန် ချလာနိုင်မယ်။ သတင်းအချက်အလက်တွေကိုလည်း မှန်မှန်ကန်ကန် ရလာနိုင်မယ်။ ပြည်သူတွေအတွက် အကျိုးကျေးဇူး ရလာမယ့်အချက်ပါ။ အခုကျွန်တော်တို့နိုင်ငံရဲ့ သတင်းမီဒီယာကဏ္ဍမှာ ပုဂ္ဂလိကကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လာတယ်။ အရင်က ရှိခဲ့တဲ့ ဆင်ဆာမူဝါဒတွေ ဖြေလျှော့တယ်။ အတိအကျပြောမယ်ဆိုရင် စာပေစိစစ်ရေးတွေကို ဖျက်သိမ်းလိုက်တယ်။ အခု သတင်းမီဒီယာဥပဒေလေးခုဆွဲနေပါတယ်။ သတင်းမီဒီယာဥပဒေ အခုထွက်သွားပါပြီ၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်းဆိုင်ရာ ဥပဒေလည်း အခုထွက်သွားပါပြီ၊ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေနဲ့ ရုပ်သံလွှင့်ခြင်းဆိုင်ရာဥပဒေလည်း လွှတ်တော်တင်ပြီး ဆွေးနွေးနေဆဲအဆင့်ဖြစ်ပါတယ်။ ဒီဥပဒေတွေအရ မီဒီယာနဲ့ပတ်သက်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အများကြီးဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ယုံလည်းယုံကြည်ပါတယ်။ မီဒီယာသမားတွေအတွက် ကျင့်ဝတ်ဆိုတာ ချုပ်နှောင်ထားတာမဟုတ်ပါဘူး၊ လိုက်နာဖို့တော့လိုပါတယ်။ မီဒီယာလောကမှာသာမက စီးပွားရေးလောက၊ နေရာတကာမှာ ကျင့်ဝတ်ဆိုတာရှိပါတယ်။ မြန်မာနိုင်ငံမှာကျင်းပတဲ့ ပြီးခဲ့တဲ့(၁၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးမှာ ၁၀ နိုင်ငံလုံး သဘောတူညီမယ့် လူမှုတာဝန်သိသောမီဒီယာထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်မှာ အာဆီယံဒေသတွင်း မီဒီယာတွေအားလုံးက လူမှုတာဝန်သိသော မီဒီယာရဲ့အခန်းကဏ္ဍကို မြှင့်တင်ကြမယ်ဆိုပြီး ယုံကြည်ချက်နဲ့ ထုတ်ပြန်ခဲ့ကြတာဖြစ်ပါတယ်။ မီဒီယာသမားတွေကျင့်ဝတ်တွေကို ကျယ်ကျယ်ပြန့်ပြန့်သိလာအောင် ပညာပေးဖို့လိုပါတယ်။ အခုလို ညီလာခံတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေက တစ်ဆင့်လည်း အသိပညာဖြန့်ဝေပေးနိုင်ပါတယ်။ အထူးသဖြင့် မီဒီယာသမားတွေက မိမိတို့သတင်းတွေကို တာဝန်ယူမှုရှိရပါမယ်။ မီဒီယာမှာ ဖော်ပြချက်တွေ ကတစ်ဆင့် ပြည်သူတွေက သူတို့ရဲ့ နေ့စဉ်ဘဝတွေကို ဆုံးဖြတ်နေကြတာဖြစ်တဲ့အတွက် သတင်းအမှားမပေးမိဖို့၊ သတင်းအချက်အလက်အမှန်ပေးနိုင်ဖို့ အရေးကြီးပါတယ်။ အခု သတင်းမီဒီယာနဲ့ပတ်သက်တဲ့ ဥပဒေရေးဆွဲနေတာတွေရှိပါတယ်။ ဒီဥပဒေတွေ အကောင်အထည်ပေါ်သွားပြီ၊ ပင်မဥပဒေတွေ အတည်ဖြစ်သွားပြီဆိုရင် နောက်ထပ်ဒါနဲ့ပတ်သက်တဲ့ နောက်ထပ်အဖွဲ့အစည်းတွေ၊ အင်စတီကျူးရှင်းတွေက ခိုင်ခိုင်မာမာ ပေါ်ထွက်လာပါလိမ့်မယ်။ ဒီအဖွဲ့အစည်းတွေက ချမှတ်တဲ့ မူဝါဒတွေ၊ စည်းမျဉ်းတွေထွက်လာမှာဖြစ်ပါတယ်။ အဲဒီစည်းမျဉ်းတွေနဲ့အညီ လုပ်ဆောင်သွားမယ်ဆိုရင် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



### ဦးဇေယျာ ညွှန်ကြားရေးမှူး-အယ်လွင့်
### (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

# သတင်းထောက်ကောင်းမှ သတင်းစာကောင်းမည်

ကောင်းညွှန့်ဝေ(ရေစကြို)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်တို့မှ မြို့နယ်သတင်းထောက်များအတွက် သတင်းစာကျင့်ဝတ်နှင့်တည်ဆဲဥပဒေများ ပိုမိုသိရှိနားလည်စေရေး၊ ပြည်သူ့ဗဟိုပြု သတင်းရေးသားတင်ဆက်မှုများ ပိုမိုပီပြင်တိုးတက်လာစေရေး၊ သတင်းရယူရာတွင် ရင်ဆိုင်ကြုံတွေ့ရတတ်သော ပဋိပက္ခများမှ ရှောင်ရှားနိုင်စေရေးနှင့် သတင်းရေးသားပေးပို့မှု ပိုမိုသွက်လက်ထက်မြက်လာစေရေးတို့ကို ရည်ရွယ်လျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် **''သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း''** များကို ဖွင့်လှစ် ဆွေးနွေးပို့ချလျက်ရှိရာ စာရေးသူသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း(၂/၂၀၁၄)ကို လားရှိုး မြို့၌ ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက သတင်းများရေးသားပေးပို့ရာတွင် လုပ်ငန်းများအဆင်ပြေစေရေးအတွက် စာနယ်ဇင်းကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်မှုဘာသာရပ်ကိုလည်းကောင်း၊ ဥပဒေပညာရှင် ဦးဟန်ညွန့်(ဥပဒေ)က သတင်းမီဒီယာဥပဒေဆိုင်ရာများကို လည်းကောင်း၊ (Conflict Sensitive Reporting) ဘာသာရပ်ကို Inter News Europe မှ Assistant Trainer ဒေါ်တင်ဇာဇော်က ပဋိပက္ခကို ဂရုစိုက်နားလည်စွာ သတင်းတင်ပြခြင်းဘာသာရပ်ကိုလည်းကောင်း ဆွေးနွေးပို့ချကြရာ စာနယ်ဇင်းကျင့်ဝတ် (Ethics)နှင့် လုပ်ငန်းစည်းမျဉ်း (conduct)၊ စာနယ်ဇင်းဆိုင်ရာဥပဒေ (Law)၊ သတင်းလိုက်နည်း (News follow up)၊ သတင်းရေးနည်း (Reporting)၊ သတင်းပေးပို့မှုပုံစံသစ် (News Report programme)၊ သတင်းဆက်ဆံရေး (Journalist and Belief)စသည်တို့ကို အဓိကထားဆွေးနွေးပို့ချကြသည်။

မျက်မှောက်ခေတ်သည် သတင်းလွတ်လပ်ခွင့် ဖြေလျှော့ပေးလာသည်နှင့်အမျှ သတင်းမီဒီယာအမျိုးမျိုး အများအပြားပေါ်ထွက်နေသောခေတ်ဖြစ်သည်။ သတင်းမီဒီယာ၏အခန်းကဏ္ဍကျယ်ပြန့်နက်ရှိုင်းလာပြီး တက်သစ်လူငယ်လူရွယ် အမျိုးသား အမျိုးသမီးသတင်းမီဒီယာသမားများ တစ်နေ့တခြား တိုးပွားများပြားလာနေသည်ကိုလည်း တွေ့မြင်နေရသည်။ သတင်းစာ ပညာသို့မဟုတ် သတင်းအတတ်ပညာကို ထဲထဲဝင်ဝင်လေ့လာ ဆည်းပူးနိုင်သည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စာအုပ်စာတမ်းများ လိုအပ်နေသည့် ပစ္စက္ခကာလတွင် ယခုကဲ့သို့ **''သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း''** များကို ဖွင့်လှစ်ပို့ချပေးနိုင်ခြင်းမှာ အခိုန်အခါသင့်မြတ်လှပေသည်။

သတင်းထောက်များ အရည်အသွေးမြှင့်တင်ခြင်းသည် သတင်းစာများအဆင့်အတန်းမြှင့်တင်ခြင်းဖြစ်၍ သတင်းစာများအဆင့်အတန်းမြှင့်တင်ခြင်းသည် ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုသတင်းစာများအဖြစ် ပြောင်းလဲရန် ဦးတည်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ လတ်တလောထုတ်ဝေနေသည့် သတင်းစာနှင့် သတင်းဂျာနယ်အချို့တွင် ဖော်ပြပါရှိသည့် သတင်းနှင့်သတင်းဓာတ်ပုံများ၊ သတင်းဆောင်းပါးများ၊ အင်တာဗျူးများ၊ ခေါင်းကြီးပိုင်းများ စသည့်သတင်းပိုင်းဆိုင်ရာများကို အားမလိုအားမရ စိတ်တိုင်းမကျဖြစ်နေကြသည့် သတင်းစာဂျာနယ်ဖတ်ရှုသူများအနေဖြင့် **''သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း''** များ ဖွင့်လှစ်ပို့ချပေးခြင်းကို လှိုက်လှဲဝမ်းသာစွာ ကြိုဆိုလက်ခံကြမည်သာဖြစ်သည်။

မည်သည့် သတင်းဌာနများတွင်မဆို သတင်းထောက်များ၏ အခန်းကဏ္ဍသည် ရှေ့တန်း၌ရှိနေဖြစ်သည်။ ပုံနှိပ်မီဒီယာဖြစ်စေ၊ ရေဒီယိုရုပ်မြင်သံကြားဖြစ်စေ၊ ကြေးနန်းသတင်းဌာနဖြစ်စေ၊ မီဒီယာအားလုံး၌ သတင်းထောက်အလုပ်သည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည်။ အရည်အသွေးမြင့် သတင်းဌာနကောင်းတစ်ခုဖြစ်လာဖို့ အရေးကြီးဆုံးမှာ အရည်အသွေးမြင့် သတင်းထောက်ကောင်းများရဖို့လိုသည်။

သတင်းထောက်တစ်ယောက်၏ ပင်မအလုပ်သည် သတင်းများကိုရှာဖွေထောက်လှမ်းရေးသားခြင်းဖြစ်သည်။ သတင်းအချက်အလက်များကို အပိုအလိုမရှိ ပြည့်စုံတိကျနိုင်သမျှ ပြည့်စုံတိကျအောင် ရေးသားနိုင်ရမည်။ စာနယ်ဇင်းကျင့်ဝတ်၊ လုပ်ငန်းစည်းမျဉ်း၊ စာနယ်ဇင်းဆိုင်ရာ ဥပဒေများကို မသိမဖြစ်သိရှိလိုက်နာရမည်။ သတင်းလိုက်နည်း၊ သတင်းရေးသားနည်းနှင့် သတင်းပေးပို့မှုပုံစံသစ်စသည်တို့ကို ကျွမ်းကျင်တတ်မြောက်ရမည်။ သို့မှသာ အရည်အသွေးမြင့် သတင်းထောက်ကောင်းတစ်ယောက် ဖြစ်လာနိုင်သည်။

အရည်အသွေးမြင့် သတင်းထောက်ကောင်းတစ်ယောက် ဖြစ်လိုသူတိုင်းသည် သတင်းစာပညာ အရည်အသွေးမြှင့်တင်ရေးသင်တန်းများတက်ရောက်ခြင်း၊ သမ္မာရင့်ဝါရင့် သတင်းစာဆရာကြီး၊ သတင်းထောက်ကြီးများထံ ဆည်းကပ်လေ့လာသင်ယူခြင်း၊ သတင်းစာပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခြင်း၊ မိမိနှင့် ခေတ်ပြိုင်သတင်းစာဆရာများ၊ သတင်းထောက်များ၏ အရေးအသားနှင့် တင်ပြပုံများကို ဖတ်ရှုပြီး မိမိ၏အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ဆန်းစစ်၍ မိမိအရည်အသွေးကို မိမိကိုယ်တိုင်မြှင့်တင်ခြင်း စသည့်နည်းလမ်းများဖြင့် စဉ်ဆက်မပြတ် လေ့လာကြိုးပမ်းအားထုတ်နေဖို့လိုသည်။

ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ **''သတင်းထောက်များ အရည်အသွေးမြှင့်မွမ်းမံသင်တန်း''** များဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်သည်။ အဆိုပါ သင်တန်းများသည် သတင်းစာပညာသဘောတရားနှင့် လက်တွေ့တို့ကို သင်ကြားပေးလိုက်ရုံသာတတ်နိုင်သည်။ အရည်အသွေးမြင့်သတင်းထောက်ကောင်းတစ်ယောက်ဖြစ်လာဖို့မှာ ကာယကံရှင်များ၏ ကြိုးစားအားထုတ်မှုများအပေါ်တွင်သာ မူတည်သည်ဟုဆိုရပေမည်။ သင်တန်းဆင်း သင်တန်းသူ၊ သင်တန်းသား သတင်းထောက်များသည် သင်တန်းမှပို့ချချက်၊ ဆွေးနွေးချက်များကို လွယ်လွယ်ကူကူ မေ့မေ့ပျောက်ပျောက် သဘောမထားကြဘဲ မိမိတို့၏ သတင်းထောက်လှမ်းရေးသားမှုလုပ်ငန်းတွင် လက်တွေ့အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမှသာလျှင် အရည်အသွေးမြင့် သတင်းထောက်ကောင်းတစ်ယောက်အဖြစ် ထွက်ပေါ်လာနိုင်ပြီး ပြည်သူတို့ ယုံကြည်စိတ်ချအားထားရမည့် **''ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုသတင်းစာကောင်း''** များ ထွက်ပေါ်လာနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဇာတ်ခြာ



သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ လင်းစဒေါင်းနှင့် မလိခတို့ ယှဉ်ပြိုင်စဉ်။

# သဲသောင်ပြင်ဘောလုံးလူရွေးပွဲစတင်

ရန်ကုန် စက်တင်ဘာ ၁၈

ပဏာမလက်ရွေးစင်သဲသောင်ပြင်ဘောလုံးအသင်း ဖွဲ့စည်းရန်အတွက် လူရွေးပွဲများကို ယနေ့ နံနက်ပိုင်းမှစ၍ သုဝဏ္ဏပန်းခြံကွင်း၌ စတင်ကျင်းပရာ UPT အသင်း၊ လင်းစဒေါင်းအသင်းနှင့် Joker အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

ပထမနေ့ပွဲစဉ်များတွင် UPTအသင်းက မောရဝတီအသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ လင်းစဒေါင်းအသင်းက မလိခအသင်းကို ခြောက်ဂိုး-ငါးဂိုး၊ Joker အသင်းက PPL အသင်းကို ခြောက်ဂိုး-လေးဂိုးတို့ဖြင့် အနိုင်ရရှိပြီး All star အသင်းနှင့် မျိုးချစ်လူငယ်အသင်းတို့ ခုနစ်ဂိုးစီသရေကျသွားသည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်အထိ တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်း နှစ်ပွဲ၊ ညနေပိုင်း နှစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ လူရွေးပွဲကို အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး သုံးသင်း လေးအုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် 41 Extension၊ All star၊ မျိုးချစ်လူငယ်၊ အုပ်စု(ခ)တွင် တောင်ဒဂုံ၊ UPT၊ မောရဝတီ၊အုပ်စု(ဂ)တွင် Actor star၊ မလိခ၊ လင်းစဒေါင်း၊ အုပ်စု (ဃ)တွင် White Colour၊ PPL နှင့် Joker အသင်းတို့ပါဝင်နေသည်။ ယခုပြိုင်ပွဲမှ အလားအလာရှိသော ကစားသမားများကိုရွေးချယ်၍ ပဏာမလက်ရွေးစင်သဲသောင်ပြင်ဘောလုံးအသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးအောင်ထွန်းထွန်း(ကမ္ဘောဇ)၊ ဂိုးနည်းပြအဖြစ် ဦးယဉ်မင်းအောင်(ရတနာပုံ)တို့က ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာအသင်းသည် အောက်တိုဘာလအတွင်း၌ ကျင်းပမည့် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိကြောင်း သိရသည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# Euromoney Myanmar Global Investment Forum ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia)တို့ ပူးပေါင်း၍ Myanmar Global Investment Forum ကို ဒုတိယနေ့အဖြစ် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (Myanmar International Convention Center - MICC 2 ) ၌ ဆက်လက်၍ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် Euromoney Institutional Investor (Asia) မှ Chief Executive Officer, Mr. Tony Shale တို့က အမှာစကား ပြောကြားကြသည်။

**ဆွေးနွေး**

အဆိုပါဖိုရမ်ကို မြန်မာနိုင်ငံ၏ မြို့ပြနှင့် အိမ်ရာစီမံကိန်းများ၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ လယ်ယာစီးပွားရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုစသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်



**ပခုက္ကူ စက်တင်ဘာ ၁၈**

ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် စနာရီက ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ပုဒ္ဓကုန်းရပ် ရောဝတီမြစ်ကမ်းနံဘေး၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူးဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးကျော်စန်းဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းသားကျောင်းသူများ၊ အင်အား ၅၀ ကျော်ခန့် ပါဝင်သောအဖွဲ့ဖြင့် ရောဝတီမြစ်အတွင်းသို့ ငါးကောင်ရေသုံးသိန်းခန့် ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝံပုံ) (၁၀၂)**

# မိုးစပါးဓာတ်မြေဩဇာ စုပေါင်းကြဲပက်

**မော်လမြိုင် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နောင်ခရီရပ်ကွက်တွင် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက တောင်သူဒေါ်နုနုဝင်း၏ မိုးစပါးမျိုးသန့်စံပြစိုက်ခင်း ၁၀ ကေဒ္ဓ ဓာတ်မြေဩဇာစုပေါင်းကြဲပက်ပွဲနှင့် ထောက်ပံ့လျှဒါန်းပွဲအခမ်းအနား ကျင်းပသည်။

ထို့နည်းတူ သီရိမြိုင်ရပ်ကွက်မှ တောင်သူဦးဘမြင့်၏ လယ်မြေတွင် စိုက်ပျိုးထားသော မျိုးသန့်စပါးပေါ်ဆန်းရင်စိုက်ခင်းတွင် မျိုးကွဲနုတ်ပယ်ခြင်း၊ မြေဩဇာကြဲပက်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မော်လမြိုင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကျော်ဦးက စပါးတစ်ဧက အထွက်နှုန်းတိုးရန် ဓာတ်မြေဩဇာထည့်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ရန် ပိုးသတ်ဆေးဖျန်းခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ) (၁၀၈)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၉-၂၀၁၄

**ငွေလဲလွှဲနှုန်း**(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း**(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း**(သား/ငါးနိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၇၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၈၀၀-၆၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး**(သိပ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၃ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၁.၂-၃၂.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇-၃၁၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၇၂၀၀-၁၇၅၀၀ |
| ပေါ်ကျဲ(အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း(အသစ်) | တစ်အိတ် | ၂၈၅၀၀-၃၂၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၈၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၅၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၅၀-၁၇၅၀ |
| ကြက်သွန်ဖြူ(ကြေကုတ်) | တစ်ပိဿာ | ၁၃၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၀၀-၆၈၀ |
| ငရုတ်ရှည် (ဒိုးတောင်) | တစ်ပိဿာ | ၂၄၅၀ |
| ငရုတ်ပွ (ဝိစ်းစား) | တစ်ပိဿာ | ၄၂၀၀-၄၇၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။





**အမည်ပြောင်း**

ကျောက်တန်းမြို့၊ စံချိန်မိ(၁)ရပ်ကွက်၊ မြသုခလမ်း၊ အမှတ်(၄၁၂)နေဦးသောင်းအေး၏သမီး မဇာဇာဦး ၁၂/ကတန(နိုင်) ၁၁၀၉၇၂B.Eom(Eco) အား မမေသံစဉ်မျူးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေသံစဉ်မျူး**

မက်မောခဲ့၊ ဈေးကြီးပေးခဲ့၊ အရသာခံခဲ့၊ လိုတာယူပြီး ပုံပြောင်းလို့ စွန့်မယ်ဆိုမှ တွယ်ကပ်ပြီး ကောင်းကောင်းမသွားတော့ ညစ်အားအလွန်အကျွံသုံးရ၊ မအီမသာနာကျင်ခံခက်နဲ့....ကဲ-ရော့! နောက်နေ့ ဒါသုံး အားလုံးအဆင်ပြေသွားမယ်။

**စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး**





## သားအဖြစ်အမှတ် အမွေပြတ်စွန့်လွှတ်ခြင်း

မောင်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ ၂၂ (A)၊ သံလွင်ဥယျာဉ်လမ်း ဒေါ်မိဌေးဌေးအောင် ၁၀/မလမ(နိုင်)၀၂၂၆၅၆၀တို့၏သား ညီညီ(ခ)ဓင်းညီညီဝင်္ကမ္ဘန်သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်မိဌေးဌေးအောင်**

## အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

၉/၄၈၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့ (ဘ) ဦးယုဝေ ၃/ဘအန(နိုင်)၁၁၉၅၀၂၊ အမိ ဒေါ်နှင်းနှင်းစိုး ၃/ဘအန(နိုင်)၁၀၉၆၂၈ တို့၏သား မောင်ငြိမ်းချမ်းဝေ ၃/ဘအန(နိုင်)၂၅၅၄၁၀ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည် မဟုတ်ပါကြောင်း။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိဘများ- ဦးယုဝေ-ဒေါ်နှင်းနှင်းစိုး**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**လုပ်ငန်းသုံးသတင်းစာစက္ကူနှင့် ကုန်ကြမ်းပစ္စည်းများဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးသတင်းစာစက္ကူနှင့် ကုန်ကြမ်းပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Newsprint Paper 48.8 Gsm (or) 45 Gsm (30") | - | 4500 Tons |
| (ခ) | Thermal Plate (889x609x0.3)mm | - | 31400 Shts |
| (ဂ) | Thermal Plate (889x577x0.3)mm | - | 21200 Shts |
| (ဃ) | Thermal Plate Developer | - | 11400 Liters |
| (င) | Wipe On Aluminium Plate (650x550x0.24)mm | - | 1150 Shts |
| (စ) | Ortho Film (22"x32")(50 Sheet/Box) | - | 295 Boxs |
| (ဆ) | Film Developer (10 Lit/Bot) | - | 50 Boxs |
| (ဇ) | Film Fixer (5 Lit/Bot) | - | 60 Boxs |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၉-၂၀၁၄ ရက်မှ ၇-၁၀-၂၀၁၄ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၁၀-၂၀၁၄ ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၃၊ ၀၆၇-၄၁၂၁၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြင်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

**အမည်ဖြည့်စွက်ခေါ်ပါရန်**

ကျောက်တော်မြို့နယ်၊ မြို့သစ်ရပ်ကွက် စောပြည်ညီလမ်းနေ (ဘ)ဦးထွန်းမြအောင် ၏သမီး ဒေါ်အဝင်းချော ၁၁/ကတန(နိုင်)၀၁၀ ၇၁၃၁၁၁ အား ဒေါ်အဝင်းချော(ခ)ဒေါ်စီစီ ဟုအမည်ဖြည့်စွက်ခေါ်ပါရန်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မ၏သား မောင်ပေါစု(ခ)နေလင်းအောင် ၁၂/လမန(နိုင်)၁၂၄ ၃၇၂ သည် မိမိသဘောဆန္ဒ အလျောက်ပြုမူသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၄င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လုံးဝ တာဝန်မယူပါ။

**ဦးမိုဂမ်း-ဒေါ်ဆာဒါဆူး**

## ဧည့်ခံပွဲကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမြင့်သိန်း-ဒေါ်ခက်ခက် တို့၏သားကြီး

**ဗိုလ်ကြီးအောင်သူ B.C.Sc (DSA)**

နှင့်

ရန်ကုန်မြို့နေ ဦးမြလွင်-ဒေါ်မြင့်မြင့်ကြည် (ဌာနခွဲမှူးဈေးများဌာန) (Y.C.D.C)၊ ဦးဌေးလွင်(ဦးစီးမှူးဝန်ကြီးရုံး(သစ်တော)-ဒေါ်လှလှမော် (မေသူစားသောက်ဆိုင်) တို့၏ သမီးကြီး

**မမြရည်ဝင်း LL.B(Q), LL.M**

လက်ထောက်မန်နေဂျာ (မြန်မာ့အာမခံလုပ်ငန်း)

တို့သည် ၁၄-၉-၂၀၁၄ ရက် (တနင်္ဂနေ့)တွင် M-3 Restaurant ၌နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်သူ-မမြရည်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ တိုးချဲ့မြေကွက်အမှတ်-၂၆၉၊ အကျယ်အဝန်း(အလျားပေ ၄၀×အနံပေ ၆၀)ရှိ ဦးစိုးနိုင်ဦး (K/RGN-၀၅၇၀၅၂)အမည်ပေါက် ပါမစ်မြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ရီရီဝင်း ၁၂/ဒဂန(နိုင်)၀၂၁၀၀၄၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ၄င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးမူ (စဉ်-၈၂၃၃) LL.B,D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ**
**တိုက်-၉/၁၁ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၁၃၉၉၁**

## စည်သူအောင်မြင့်သို့ တောင်းပန်စာ

စည်သူအောင်မြင့်၏ သမီးရော သားပါ (အော်တစ်ဇင်) လက္ခဏာရှိသူ မိခင်၏ရင်ဖွင့်သံ အင်တာဗျူးစာမူကို The Real Lives, Real Stories-Volume (2) နှင့် The Book House မှ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေသော ဘဝတစ်ဆယ့်ငါး စာအုပ်၌ စည်သူအောင်မြင့်အမည်ဖြင့်ပင် အက်ဆေးပုံစံပြုပြင်ပြောင်းလဲရေးသားဖော်ပြမိသည့်အတွက် စာရေးသူ စည်သူအောင်မြင့်အား တောင်းပန်အပ်ပါသည်။

**တာဝန်ခံအယ်ဒီတာ**
**The Book House**

# ရိုးရဲမက်ဒရစ်တို့ နိုင်ပွဲရယူမယ့် လာလီဂါပွဲစဉ်(၄)

စပိန်လာလီဂါပွဲစဉ်(၄)ကို စက်တင်ဘာ ၂၀ ရက်မှာ ယှဉ်ပြိုင်ကြမှာဖြစ်လို့ နိုင်ပွဲတွေရဖို့ ကြိုးစားလာမယ့် ရီးရဲမက်ဒရစ်ကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။ လာလီဂါမှာ အက်သလက်တီကိုတို့ရဲ့ အားထုတ်မှုအပိုင်းကလည်း ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေတာအမှန်ပါပဲ။

**ဒီပို့တီဗိုနှင့် ရီးရဲမက်ဒရစ်**

ဒီပို့တီဗိုနဲ့ဆုံတိုင်း ရီးရဲမက်ဒရစ်တို့ အနိုင်ကစားခဲ့တာ များပေမယ့် သရေပွဲတွေဖြစ်ခဲ့တာလည်း ရှိနေပါတယ်။ ဒါပေမယ့် ဒီပို့တီဗိုဟာ လက်ရှိအနေအထားမှာ ရီးရဲမက်ဒရစ်ကို ယှဉ်နိုင်ဖို့ မလွယ်ပါဘူး။ ရီးရဲမက်ဒရစ်ဟာ လာလီဂါမှာ ရလဒ်မကောင်းပေမယ့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အဖြစ် ဘေဆယ်ကို ငါးဂိုးပြတ်သွင်းပြီး အောင်ပွဲခံခဲ့တာမို့ အခုပွဲမှာ နိုင်ပွဲဆက်နိုင်ရေး မွတ်သိပ်နေပြီဖြစ်လို့ ဒီပွဲမှာ နည်းပြ အန်ဆယ်လော့တီအတွက် သုံးမှတ်အပြည့်ယူဖို့ပဲ အာရုံစိုက်မှာဖြစ်ပါတယ်။

**အက်သလက်တီကိုနှင့် ဆယ်လ်တာဗီဂို**

ရီးရဲမက်ဒရစ်ကို အနိုင်ကစားခဲ့တဲ့ အက်သလက်တီကိုဟာ ခြေစွမ်းကောင်းနေတယ်လို့ ဆိုရမှာပါ။ အက်သလက်တီကိုဟာ လာလီဂါမှာ ရှုံးပွဲမရှိသလို ဆယ်လ်တာဗီဂိုတို့ကလည်း နောက်ဆုံးငါးပွဲမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါပေမယ့် ဆယ်လ်တာဗီဂိုဟာ အက်သလက်တီကို နဲ့ဆုံတိုင်း နိုင်ပွဲရလေ့မရှိတာမို့ အဲဒီအစဉ်အလာကို ဒီပွဲမှာ ချေဖျက်ဖို့ သိပ်တော့မလွယ်ပါဘူး။

**အက်စ်ပန်ညိုနှင့် မာလာဂါ**

ဒီနှစ်လာလီဂါမှာ အက်စ်ပန်ညိုတို့ ရလဒ်တွေ ဆိုးနေပါတယ်။ မာလာဂါတို့ကတော့ ခြေစွမ်းထက်မြက်နေပြီး အခြေအနေကောင်းနေပါတယ်။ ဒါပေမယ့် အစဉ်အလာအရတော့ အက်စ်ပန်ညိုဟာ မာလာဂါနဲ့ဆုံတိုင်း ရလဒ်ကောင်းတတ်တာမို့ အက်စ်ပန်ညိုအတွက် ဒီပွဲဟာ အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အသုံးချပြီး နိုင်ပွဲယူပါလိမ့်မယ်။

**ဘီလ်ဘာအိုနှင့် ဂရန်နာဒါ**

အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ဘီလ်ဘာအိုကို ဂရန်နာဒါတို့ လျှော့တွက်ရင်မှားပါလိမ့်မယ်။ ဘာစီလိုနာအသင်းကိုတောင် ခြေရည်တူကစားနိုင်တဲ့ အိမ်ရှင်ဟာ ဂရန်နာဒါကို ဖိအားပေးကစားနိုင်ပါလိမ့်မယ်။ ဘီလ်ဘာအိုရဲ့ အိမ်ကွင်းခြေစွမ်းကပြိုင်ဘက်တိုင်းအလေးထားရတဲ့ စွမ်းအားစိုက်ထုတ်မှုတွေရှိနေတာမို့ ဂရန်နာဒါတို့ ဒီပွဲမှာ မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်ပါဘူး။

**ဆိုစီဒက်နှင့် အယ်လ်မာရီယာ**

သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတဲ့ အယ်လ်မာရီယာဟာ ဒီပွဲမှာလည်း အနိုင်ဆိုတာ မျှော်လင့်ရခက်နေပါဦးမယ်။ ဆိုစီဒက်တို့ တစ်ပွဲထက် တစ်ပွဲခြေစွမ်းတက်လာတာမို့ အနိုင်ဆိုတဲ့ စိတ်အားပြင်းပြမှုနဲ့ အိမ်ကွင်းမှာ အမှတ်ပြည့်ယူဖို့ ကြိုးစားပါလိမ့်မယ်။

**မိုးမြင့်လင်းလက်**

# ဘိုင်ယန်မြူးနစ်က မန်စီးတီးကို အနိုင်ကစား

ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းက ဘိုတန်၏ ပွဲပြီးခါနီးဂိုးဖြင့် မန်စီးတီးကို အနိုင်ယူလိုက်သည်။ မန်စီးတီးနောက်တန်းကစားသမားဟောင်း ဘိုတန်က ပွဲချိန် မိနစ် ၉၀ တွင် ဘိုင်ယန်မြူးနစ်အတွက် အနိုင်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။



မန်စီးတီးဂိုးသမား ဂျိုးဟက်သည် သောမတ်မူလာနှင့် ဘိုတန်တို့၏ ကန်သွင်းမှုများကို ဆက်တိုက်ကာကွယ်ခဲ့ရသည်။

မန်စီးတီးအသင်းသည် လေလွင့်ချိန်တွင် အကောင်းဆုံးအခွင့်အလမ်းရခဲ့သော်လည်း တိုက်စစ်မှူး အဂူရိုဏ်၏ ကန်သွင်းမှုမှာ ဘေးချော်သွားခဲ့သဖြင့် တစ်ဂိုးဆုံးရှုံးခဲ့သည်။ ဘိုင်ယန်၏အဓိက ကစားသမား ရီဘာရီ မပါဝင်နိုင်သောဘိုင်ယန်မှာ တိုက်စစ်ပိုင်းအားနည်းခဲ့သည်။

ဘွန်ဒက်စ်လီဂါ ချန်ပီယံက ဘောလုံးပိုင်ဆိုင်မှု အများဆုံးဖြင့် ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

## ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**ပြင်သစ်လီဂူး ပွဲစဉ်(၆)** — **စက်တင်ဘာ ၂၀**

| | | | |
|---|---|---|---|
| ဘော်ဒိုး | - | အီဇီယန် | နံနက် ၁း၀၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၄)** — **စက်တင်ဘာ ၂၀**

| | | | |
|---|---|---|---|
| ဖရိုင်းဘတ် | - | ဟာသာဘာလင် | နံနက် ၁း၀၀ |

**ဗပိန်လာလီဂါ ပွဲစဉ်(၄)** — **စက်တင်ဘာ ၂၀**

| | | | |
|---|---|---|---|
| အယ်လ်ချီ | - | အီဘာ | နံနက် ၁း၃၀ |

**စက်တင်ဘာ ၁၈ ဂိုးရလဒ်များ**

| | | |
|---|---|---|
| အိုင်းယက်စ် | ၁-၁ | ပီအက်စ်ဂျီ |
| ချယ်လ်ဆီး | ၁-၁ | ရှော်လ်ကေး |
| မာရီဘော | ၁-၁ | စပို့တင်း |
| ပေါ်တို | ၆-၀ | BATE ဘိုရီဆော့ |
| ဘီလ်ဘာအို | ၀-၀ | ရွက်တာဒိုးနက် |

## မရဏအုပ်စုမှာ ရောမသားရိုးများတို့ ဂိုးပြတ်အနိုင်ယူ

ချန်ပီယံလိဂ်အုပ်စု(၈) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အီတလီကလပ် ရိုးမားနှင့် ရုရှားကလပ် CSKAမော်စကိုတို့ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အီတလီမြေတွင် ယှဉ်ပြိုင်ခဲ့ရာ ရိုးမားတို့ ဂိုးပြတ်အနိုင်ယူထားခဲ့ပါတယ်။

ရိုးမားအသင်းနည်းပြ ရူဒီဂါစီယာက ၄-၃-၃ ကစားကွက်ဖြင့်ပွဲထွက်ခဲ့ရာ ပွဲစပြီး ခြောက်မိနစ်တွင် ဂျန်းမန်နူရယ်က အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ ၁၀မိနစ်တွင် ဂါဗင်ဟို၊ မိနစ်၂၀တွင် မိုင်ကွန်၊ ၃၁မိနစ်တွင် ဂါဗင်ဟိုက ထပ်သွင်းယူပြီး ပထမပိုင်းတွင် ရိုးမားတို့ လေးဂိုးပြတ်ဖြင့် ဦးဆောင်ထားပါတယ်။

ဒုတိယပိုင်းပွဲစလို့ မိနစ်၅၀တွင် ယူကရိန်းနောက်ခံလူ အစ်နာချီဗစ်ရဲ့ ပေးဂိုးဖြင့် ရိုးမားတို့ ထပ်မံတစ်ဂိုးရရှိကာ ၈၂မိနစ်တွင် ယူကရိန်းအတွက် အာမက်မူဆာက တစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ပွဲပြီးချိန်တွင် အိမ်ရှင်တို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။ ပွဲကျပ်အုပ်စုလို့ သတ်မှတ်ခံထားရတဲ့ အုပ်စု(၈)မှာ ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ ရိုးမား၊ CSKAမော်စကို တို့ဖြစ်ကာ အုပ်စုပထမပွဲစဉ်မှာ အိမ်ရှင်နှစ်သင်း အမှတ်ပြည့် ရယူသွားနိုင်ပါတယ်။

# ဘာစီလိုနာ တစ်ဂိုးတည်းဖြင့်ကပ်နိုင်

ချန်ပီယံလိဂ်အုပ်စုပွဲများအဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိရာ ဘာစီလိုနာက အိမ်ကွင်း၌ အေပိုးလ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဘာစီလိုနာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဂျရတ်ပီကေးက မက်ဆီ၏ တည်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

ဆိုက်ပရပ်စ်ချန်ပီယံ အေပိုးလ် ဂိုးသမားပါဒိုသည် မက်ဆီ၏ ကန်သွင်းချက်နှစ်ကြိမ်ကို ကာကွယ်ပေးနိုင်ခဲ့သည်။


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံဆေးကောင်စီ**
**ပြည်ပနိုင်ငံများမှ ဆေးပညာဘွဲ့ M.B.,B.S နှင့် အလားတူဘွဲ့ရရှိပြီးသူ မြန်မာနိုင်ငံသား ဆရာဝန်များအတွက် ဆေးကုသခွင့်လိုင်စင်(ဆမ)ထုတ်ပေးရေး အရည်အချင်းစစ် စာမေးပွဲစစ်ဆေးရန်**

**ကြေညာချက်**

ပြည်ပနိုင်ငံများမှ ဆေးပညာဘွဲ့ M.B.,B.S နှင့် အလားတူ ဘွဲ့ရရှိပြီးသူ မြန်မာနိုင်ငံသားဆရာဝန်များအတွက် ဆေးကုသခွင့်လိုင်စင်ထုတ်ပေးရေး အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စာမေးပွဲဖြေဆိုခွင့် လျှောက်ထားသူများ၏ ခံအမှတ်စာရင်းများကို မြန်မာနိုင်ငံဆေးကောင်စီရုံး၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကြေညာထားမည်ဖြစ်ပါကြောင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၇-၁၀-၂၀၁၄ ရက်နှင့် ၂၈-၁၀-၂၀၁၄ ရက်များတွင် မြန်မာနိုင်ငံဆေးကောင်စီ၌ နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**စာမေးပွဲကျင်းပမည့်အစီအစဉ်**

| နေ့ရက် | အချိန် | ဘာသာရပ် | နေရာ |
|---|---|---|---|
| ၂၉-၁၀-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) | နံနက် ၉ နာရီမှ ၁၁ နာရီ | မေးခွန်းလွှာ(၁) | မြန်မာနိုင်ငံဆေးကောင်စီ၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်း |
| ၃၀-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့) | နံနက် ၉ နာရီမှ ၁၁ နာရီ | မေးခွန်းလွှာ(၂) | မြန်မာနိုင်ငံဆေးကောင်စီ၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်း |
| | မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ | မေးခွန်းလွှာ(၃) | မြန်မာနိုင်ငံဆေးကောင်စီ၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်း |
| ၁-၁၁-၂၀၁၄ ရက် (စနေနေ့) | နံနက် ၉ နာရီမှ စတင်စစ်ဆေးပါမည်။ | ဆေးလက်တွေ့ ဘာသာရပ် | ဆေးတက္ကသိုလ်(၁)ရန်ကုန် |

**မေးခွန်းလွှာ(၁)** - ခန္ဓာဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ၊ ဥပဒေရေးရာ ဆေးပညာဘာသာရပ်များ။
**မေးခွန်းလွှာ(၂)** - ဆေးပညာဘာသာရပ်၊ ကလေးကျန်းမာပညာဘာသာရပ်။
**မေးခွန်းလွှာ(၃)** - ခွဲစိတ်ကုပညာဘာသာရပ်၊ သားဖွားဧီးယပ် ပညာဘာသာရပ်။
**ဆေးလက်တွေ့စစ်ဆေးခြင်း** - OSCE (Objective Structured Clinical Examination)
**မှတ်ချက်** - စာမေးပွဲဖြေဆိုခွင့်ကတ်ပြား လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြရန်လိုပါသည်။

**မြန်မာနိုင်ငံဆေးကောင်စီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဆေးစက်၊ မြေကွက်အမှတ်၄၉၆၊မြေကွက်တည်နေရာအမှတ် ၁၅၊ (၂)လမ်း၊ ဧရယာသီရိရပ်ကွက်၊ဒေါ်ပုံမြို့နယ် ဦးသော်ဒါအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသော်ဒါ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြရီ ၁၂/ဒပန(နိုင်)၀၀၂၈၃၅၈ တစ်ဦးတည်း သောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**GOLDEN STAR** Travels & Tours

| | | |
|---|---|---|
| ရန်ကုန်(မွန်တက်ရထားဆူး)–ပုဂံ | Oct-3,7 | ကျိုက်ထီးရိုး(မော်လမြိုင်) |
| ပန္းလေး–မြင်ညီလွှာ–ဆိပ်ဆင်း | Oct-3,7 | ထောင်းသာ(ရန်ကုန်) |
| တောင်ကြီး–အင်းထလေး–ပင်တလေး | Oct-3,7 | ငွေဆောင်(တောင်ကြီး) |

Ph: 209200, 430480, 544383, 703448



**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ကိုဖာဖူ NTU-131455 ၏ ပတ်စ်ပို့နံပါတ် MA-010668 စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၄၆၈၄၅၊ ၀၉-၂၅၆၂၁၄၆၆**



**မွေးသက္ကရာဇ်အမှန်**

ဦးနေဝင်း ဖ/ကသန(နိုင်)၀၁၁၇၅၉ ၏ သမီး ကေ့သောင်းမြို့၊ အထက(၁) အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မချို့ချို့လွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၃- ၁၉၉၆ဖြစ်ပါသည်။



STI MYANMAR UNIVERSITY

**ဘွဲ့ကြို နှင့် ဘွဲ့လွန် ပညာသင်ဆု လျှောက်ထားခြင်း**

၁။ STI Myanmar University မှ အောက်ဖော်ပြပါ အထူးပြုဘွဲ့ကြို နှင့် ဘွဲ့လွန်ပညာဆုများ ပေးအပ်မည်ဖြစ်ပါသည်။

(က) Master of Business Administration (MBA)
(ခ) Master of Financial Services (MFS)
(ဂ) Master of Education (MEd)
(ဃ) Bachelor of Business Administration (BBA)
* Management
(င) Bachelor of Engineering (BE)
* Civil and Architectural Engineering
* Electronic Engineering

၂။ ဘွဲ့ကြိုအဆင့်တန်းများအတွက် အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် ပြည်စုံသူများ လျှောက်ထားနိုင်ပါသည်။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲ သို့မဟုတ် GCE ထူးချွန်ဒွိဘာသောင်မြင့်ပြီးသူများ
- ခေါင်းဆောင်မှုစွမ်းရည်ပြိုပြီး လူမှုရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူများ

၃။ ဘွဲ့လွန်အဆင့်တန်းများအတွက် အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် ပြည်စုံသူများ လျှောက်ထားနိုင်ပါသည်။
- ဘွဲ့တစ်ခုခုရပြီးထားပြီး လုပ်ငန်းနှင့်အတွေ့အကြုံ (၅)နှစ်ရှိသူများ
- ခေါင်းဆောင်မှုစွမ်းရည်ပြည့်ဝပြီး အောင်မြင်ရန်အလားအလာကောင်းရှိသူများ

၄။ စိတ်ပါဝင်စားသူများ STI Myanmar University ၌ လျှောက်လွှာများကို (၅)ရက် အောက်ပို့အာလာ နောက်ဆုံးထားရှိ လာရောက်ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက- STI Myanmar University
Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL : 507151/507152, 377988, 09250064451, 09311702299, 09420254872

ကြော်ငြာ




**Htike Sin Co.,Ltd. မှဂုဏ်ယူစွာဖြင့် တာဝန်ယူတည်ဆောက်နေသော Golden Link Condominium နှင့်**
**Forest Oasis Condominium တို့မိတ်ဆက်ပွဲအခမ်းအနားနှင့် Htike Sin Co.,Ltd. နှင့်**
**Teambuild Engineering & Construction Pte.,Ltd. တို့၏ MOU လက်မှတ်ရေးထိုးပွဲအခမ်းအနား**

| Date | Time | Venue |
|---|---|---|
| 21.9.2014 | 9:00 AM to 1:00 PM | Sedona Hotel (Grand Ballroom) |

**21.9.2014 ထွင် Sedona Hotel အခမ်းအနားသို့ ဝယ်ယူအားပေးမည့်မိတ်ဆွေများအား**
**(21.9.2014 တစ်ရက်ထဲသာ) အထူးအစီအစဉ်အနေဖြင့် မေတ္တာလက်ဆောင်များထည့်သွင်းပေးသွားပါမည်**

ဖိတ်စာနှင့်တကွကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

**Show Room**
Corner of Damazayti Road & Link Street, Golden Link Condominium Project Area,
Bahan.TSP, Yangon. Tel : 09 86 237 37, 09 86 239 39.

# နယ်လှည့် ကျန်းမာရေး စောင့်ရှောက်

**တာချီလိတ် စက်တင်ဘာ ၁၈**

တာချီလိတ်ခရိုင် ကျန်းမာရေး ဦးစီးဌာနနှင့် မင်းခေတ်သစ်ကုမ္ပဏီ လီမိတက်ကျောက်မီးသွေးဓာတ်အား ပေးစက်ရုံ စီမံကိန်းတို့၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် နယ်လှည့်ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ မိုင်းဟဲ (အောက်)ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၇ ရွာ၊ ဒေသခံပြည်သူ ၁၀၀၀ ကျော်တို့ကို ကျန်းမာရေး စစ်ဆေးမှုနှင့် ကုသမှုများအား အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းကို စက်တင်ဘာ ၁၅ ရက်က ပန်ကူ(လားဟူ)ကျေးရွာ တွင် စတင်ကျင်းပရာ ကျေးရွာအုပ်စု အတွင်းရှိ ပန်ကူ(လားဟူ)၊ ပန်ကူ (အာခါ)၊ ယန်းခေါင်၊ ပန်နယ်၊ ပန်စလီ



နှင့် သရက်ပင်ကျေးရွာများရှိ ဒေသခံ ပြည်သူ ၁၆၀ တို့ကို ကျန်းမာရေး စစ်ဆေးမှုနှင့် ကုသမှုများအား ဆောင်ရွက်ပေးခဲ့ရာ ကျန်းမာရေးဦးစီး ဌာနမှဝန်ထမ်းများနှင့်အတူ တာချီ လိတ်မြို့ ဇီဝက ကုသိုလ်ဖြစ်ဆေးခန်း က ဒေါက်တာဂျီဝမ်းနှင့် ဒေါက်တာမိုး သွယ်သွယ်တို့က ပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြကာ မင်းခေတ် သစ်ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ဆေးဝါးကိရိယာများ၊ ခွန်အားဖြည့် အစားအစာများ၊ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၅၀ ကျော်ကို ဖြည့်ဆည်း လှူဒါန်းပေးခဲ့ကြသည်။ လာရောက် ကုသကြသည့် ဝေဒနာရှင် ၁၆၀ ကို ဆန်းစစ်လေ့လာမှုပြုခဲ့ကြရာတွင် သွေးတိုးနှင့် အစာအိမ်ရောဂါဖြစ်ပွား မှုများပြားလျက်ရှိသည်ကို တွေ့ရှိရပြီး အဆိုပါကျေးရွာသည် ဝေးလံခေါင်သီ သော တောတောင်များအကြားတွင် တည်ရှိသည့်အတွက် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကိုသာ အဓိက ထားစားသုံးကြကာ ဆားသုံးစွဲမှုနည်း ပါးသည့်အတွက် သွေးတိုးရောဂါဖြစ် နိုင်မှုနည်းပါးသော်လည်း ကျန်းမာရေး ပတ်သုတနည်းပါးမှုကြောင့် အချို မှုန့်နှင့် ဟင်းခပ်ကြက်သားမှုန့်စားသုံး မှုလွန်ကဲမှုကြောင့် ဖြစ်ပွားရခြင်း ဟုသုံးသပ်ရရှိသည်။

ထို့အတူ တောင်ယာလုပ်ငန်းကို အဓိကထားကာ လုပ်ကိုင်စားသောက် သည့် ဒေသဖြစ်သောကြောင့် တောင် ယာလုပ်ငန်းခွင်ဝင်ရာတွင် အစာစား ချိန်မှန်ကန်မှုမရှိခြင်း၊ အာဟာရဓာတ် ပြည့်ဝသော အစာအာဟာရကို မှီဝဲ မှုနည်းပါးကာ အသင့်စားအစားအစာ များကို စားသုံးမှုများပြားခြင်းတို့ ကြောင့် အစာအိမ်ရောဂါဖြစ်ပွားမှု နှုန်းမြင့်မားလာခြင်းဟု သုံးသပ်ရရှိပြီး ကျေးလက်ဒေသနေပြည်သူများအား ကျန်းမာရေးအသိ ပညာပေးမှုနှင့် စောင့်ရှောက်မှု လုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# အောင်ပွဲရနိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားအား ဂုဏ်ပြု

**သရက် စက်တင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သည့် ဖိလစ်ပိုင်ငြိမ်းချမ်း ရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ တွင် အနိုင်ရရိုလ်ဖွဲ့ ဆုဖလားရယူနိုင်ခဲ့ သည့် မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းမှ အားကစားသမား တင်ဝင်း အောင်(၂၁) (ဇွဲကပင်ယူနိုက်တက် ဘောလုံးအသင်း)ကို သရက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဥက္ကဋ္ဌ ဦးတင်အောင်မြင့်နှင့် အဖွဲ့ဝင် များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၊ ကုန်သည်ကြီးများနှင့် စေတနာရှင်များက ဂုဏ်ပြုခြင်း အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက မြို့နယ်စည်ပင် သာယာရေးအဖွဲ့ရုံးတွင် ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် သရက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု




ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်မြင့်က "တောင်ကိုရီးယားနိုင်ငံမှာ မကြာခင် ကကျင်းပခဲ့သည့် အာရှလူငယ်ဘော လုံးပွဲတော်တွင် အုပ်စုပထမရရှိခဲ့သည့် မြန်မာယူ-၁၂ လူငယ်ဘောလုံး အသင်းမှ ဂိုးသမားဟိန်းထက်အောင် ကို မြို့နယ်မှ ဂုဏ်ပြုခဲ့ကြောင်း ယခု ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ် ပြိုင်ပွဲတွင်လည်း ထိုက်ထိုက်တန်တန် အနိုင်ရရိုလ်ဖွဲ့ခဲ့သည့် မြန်မာ့လက်ရွေး စင်ဘောလုံးအသင်းမှ ကျောနံပါတ် ၂၁ သရက်သားတင်ဝင်းအောင်ကိုလည်း မြို့သူမြို့သားများက ဂုဏ်ပြုရခြင်းဖြစ် ကြောင်း၊ သရက်မြို့မှလည်း နိုင်ငံ့ဂုဏ် ဆောင်ဘောလုံးကစားသမားများ မွေး ထုတ်ပေးနိုင်ခဲ့ကြောင်း၊ တင်ဝင်း အောင်အနေဖြင့် လက်ရွေးစင်ဘော လုံးသမားကောင်းဖြစ်၍ မိမိကဲ့သို့ ထူးချွန်ထက်မြက်သော ဘောလုံး သမားများပေါ်ထွက်လာရေးကိုလည်း ကူညီရန် ပြောကြားလိုကြောင်းနှင့် စည်းကမ်းတကျ ကြိုးစားကစားရင်း နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးကစား သမားကောင်းအဖြစ် အမြဲခံယူထားဖို လိုကြောင်း ပြောကြားခဲ့သည်။ ဆက် လက်၍ မြန်မာ့လက်ရွေးစင်ဘောလုံး သမားတင်ဝင်းအောင်ကို မြို့နယ် ဘောလုံးကစားသမားများ နာယက ဦးအေးဝေ(အေးဝေ/သရက်)နှင့်မြို့ နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းနိုင်(အမှု ဆောင်အရာရှိ)တို့က ချီးမြှင့်ခဲ့သည်။

**ပေါက်ကလေး(သရက်)**

## ပြည်ထွင်းသတင်းနှင့် ကြော်ငြာ

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ကျင်းပ

**ပြည်မြို့နယ်**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပြပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့က ပြည်မြို့ သိရိခေတ္တရာမြို့တော်ခန်းမ၌ စက်တင် ဘာ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူကုန်ကူးမှုမှန်သမျှ စုပေါင်းကာကွယ်တိုက်ဖျက်ကြ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဝိုင်းဝန်းကူညီ ဆောင် ရွက်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူသားအချင်းချင်းစာနာလို့ လူကုန် ကူးမှုတိုက်ဖျက်စို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူကုန်ကူးခြင်း၏ အကြောင်း တရားများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး ပြည်ခရိုင်အဆင့်၊ ပြည်မြို့နယ်မှ ဆုရကျောင်းသား ကျောင်းသူ ၂၃ ဦးကို ဆုတံဆိပ်နှင့် ဆုငွေ များ ချီးမြှင့်ပေးခဲ့ကြသည်။ ယင်းနောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နှင့် ပြည်ခရိုင်ရဲတပ်ဖွဲ့မှ စွမ်းရည်မြှင့်သင်တန်း၊ ပြည်သူ့အကျိုးပြုဆောင်ရွက်မှု၊ စွမ်းစွမ်းတမံမှုခင်းဖော်ထုတ်ရရှိမှုတို့ကို ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ဗီနိုင်းပိုစတာများဖြင့် ခင်းကျင်းပြသထားရှိကြောင်း သိရသည်။ **(၁၀၅)**

---

**မူဆယ်မြို့နယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက် ရေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်း အနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော် ထွန်းက မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးပဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲ ရေးဝန်ကြီးဌာန ပြည်ထောင်စုပန်ကြီးထံမှပေးပို့သော မြန်မာနိုင်ငံ လူကုန်ကူး မှု တိုက်ဖျက်ရေးနေ့သဝဏ်လွှာကိုဖတ်ကြားပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် အထက(၁) ဒသမတန်းမှ မအိမျိုးဝင်း(ပထမ)၊ အထက(၂)နဝမတန်းမှ မကြည်ဖြူခင်(ဒုတိယ)၊ အထက(၁)နဝမတန်းမှ မကေဇူကေခိုင်(တတိယ)၊ အထက(၃) နဝမတန်းမှ မယွန်းသဥ္ဇာအောင် (နှစ်သိမ့်ဆု)၊ အထက(၃)နဝမတန်းမှ မသိမ့်နန္ဒာအောင်(နှစ်သိမ့်ဆု)တို့အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဦးကိန်မိုင်၊ ဒေါ်နန်းငွေငွေနှင့် ခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ထားထားဝင်းတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

---

**ဖျာပုံမြို့နယ်**

မြန်မာနိုင်ငံလူကုန် ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကို ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ သီရိအဏ္ဏဝါမြို့နယ်ခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီ ကကျင်းပသည်။ အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ် ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စောစိုးမိုးက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းတောပြောခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဝိုလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးယဉ်မောင်ဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းတို့က မြို့နယ်အဆင့်လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ ကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဝေါလ်ဒီးရှင်း(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြား သည်။

**သူဇာနွယ်(ဖျာပုံ)**

---

**ဖခင်အမည်မှန်**
နေပြည်တော်၊ တပ်ကုန်းအထက(၁) တက္ကသိုလ်ဝင်တန်း($FE_3$) တွင်ပညာသင်ကြားနေသော မသန်းသန်းမွေး၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင်ဦးဖြစ်ပါကြောင်း။
**ဦးမင်းလွင်ဦး ၉/တကန(နိုင်)၁၀၉၆၂၇**

**ဖခင်အမည်မှန်**
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက(၂)တက္ကသိုလ်ဝင်တန်း$A_2$ မှ မမေသက်ထား၏ ဖခင်အမည်မှန်မှာ ဦးသိန်း ၉/တကန(နိုင်)၀၂၉၁၈ဖြစ်ပါသည်။
**ဦးသိန်း ၉/တကန(နိုင်)၀၂၉၁၈**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၇ယ/၈၇၂၀၁ Sunbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော်သူ ၉/စကန(နိုင်)၀၈၆၄၅၀၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**အမည်မှန်**
တပ်ကုန်းမြို့၊ အထက(၂)၊ နဝမ တန်း(A-6)မှ မောင်ချစ်ဦးသူ၏ အမည် မှန်မှာ မောင်ချစ်မင်းသူ ဖြစ်ပါကြောင်း။
**မောင်ချစ်မင်းသူ**

**အမည်မှန်**
ဦးမိုးခိုင်၏သမီး တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း ($A_3$) အခန်းမှ မရွှန်းရဒီ၏ အမည်မှန်မှာ မရွှန်းရတီ ၉/တကန(နိုင်)၂၀၇၇၅၄ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက(၂)တက္ကသိုလ်ဝင်တန်း$A_4$ မှ မောင်စိုးမြင့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ ၉/တကန(နိုင်)၀၄၉၆၃၉ ဖြစ်ပါသည်။
**ဦးကျော်ရွှေ ၉/တကန(နိုင်)၀၄၉၆၃၉**

**ဖခင်အမည်မှန်**
တပ်ကုန်းမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း$A_4$ မှ မောင်ထွန်းလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၉/တကန(နိုင်) ၀၄၇၂၉၁ ဖြစ်ပါကြောင်း။
**ဦးမောင်လွင် ၉/တကန(နိုင်)၀၄၇၂၉၁**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၈ယ/၂၂၂၈၈၊ Zhineng M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညီညီဦး ၉/ မနတ(နိုင်)၀၅၀၁၄၇၇ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 5F/8506 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

**မိခင်အမည်မှန်**
နေပြည်တော် တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A-2)တွင် ပညာသင်ကြားနေသော မောင်စိုင်းသီဟဦး၏ မိခင်အမည်မှန်မှာ ဒေါ်ကြည်ကြည်အေး ဖြစ်ပါကြောင်း။
**ဒေါ်ကြည်ကြည်အေး**

**အမည်မှန်**
ဦးမိုးခိုင်၏သမီး တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း ($A_3$) အခန်းမှ မရွှန်းရဒီ၏ အမည်မှန်မှာ မရွှန်းရတီ ၉/တကန(နိုင်)၂၀၇၇၅၄ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
နေပြည်တော် တပ်ကုန်းမြို့ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A-1)တွင် ပညာသင်ကြားနေသော မောင်နေထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဖြစ်ပါကြောင်း။
**ဦးဝင်းဇော်**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရဲကိုနှင့်အဋ္ဌမတန်း(G) မှမနှင်းနှင်းဝေတို့၏ဖခင်အမည်မှန်မှာဦးဇော်ဝင်းနိုင်ဖြစ်ပါသည်။
**ဦးဇော်ဝင်းနိုင် ၈/ခမန(နိုင်)၀၀၃၂၅၇**

**ဖခင်အမည်မှန်**
မိတ္ထီလာမြို့၊ အထက(၅)ရှမ်းတဲ့ တက္ကသိုလ်ဝင်တန်း(C)မှ မထွေးစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ဖြစ်ပါကြောင်း။
**ဦးတင်မောင်ဝင်း၁/မရက(နိုင်)၁၄၀၇၃၆**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် ၈၈/၇၈၃၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။
**ကညန(ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၅ယ/၂၉၄၅၃၉၊ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလွေလွင် ၁/မကန(နိုင်)၀၅၂၅၈၄၇ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မူဆယ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၂ယ/၄၁၂၇၁၊ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၉/ထကန (နိုင်) ၀၆၅၆၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၅၈/၄၃၆၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ကလေး)**

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၂၁ယ/၅၄၅၅၆ Zong Shen-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းထူး ၈/မသန(နိုင်)၀၀၀၆၀၆၈ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ်ဆောင် ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

**အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၈ယ/၄၄၄၈၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ် ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# တရားမဝင်သစ်များဖမ်းဆီးရမိ၊ ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်

နောင်ချို စက်တင်ဘာ ၁၈

စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး Mobile Team -လရ(၁)ဦးခင်မောင်လှိုင် ညွှန်ကြားရေးမှူးဦးစီးသော အကောက်ခွန်ဦးစီးဌာနမြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်သတင်းမီဒီယာများပါဝင်သော ဌာနစုံပူးပေါင်းအဖွဲ့တို့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၁ နာရီခွဲခန့်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌မူဆယ်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ယာဉ်များ၊ မန္တလေးဘက်မှ မူဆယ်ဘက်တက်လာသည့်ယာဉ်များကို ရပ်တန့်စစ်ဆေးမှုများ ပြုလုပ်ကြသည်။

စစ်ဆေးရေးဂိတ်သို့ အစစ်ဆေးခံဖြတ်သန်းမောင်းနှင်လာသော ၁၂ ဘီးယာဉ် ယာဉ်အမှတ် ၄၁/----- ယာဉ်ကိုစစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ရာ ယာဉ်ပေါ်မှ ဖွဲ့ခွဲအိတ်များဖုံးကာ အောက်မှ တမလန်းသစ် ၁၀၉ လုံး ၉၁၀မ ၂၂၆ တန်ကို သိမ်းဆည်းရမိသည်။ သိမ်းဆည်းရမိသော သစ်များကို မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးပြီးယာဉ်ကို အကောက်ခွန်အမှုတွဖွင့်လှစ်လျက် နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။ (၀၆၁)



# စစ်ကိုင်းမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်အချို့နှင့် အဝင်လမ်းဆုံတွင် မိုးရေလျှံမှုဖြစ်ပွား

စစ်ကိုင်း စက်တင်ဘာ ၁၈

စစ်ကိုင်းမြို့တွင် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ထစ်ချန်းရွာသွန်းခဲ့သောမိုးကြောင့် စစ်ကိုင်းမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်အချို့နှင့် ရောဝတီတံတား(ရတနာပုံ)အဆင်း စစ်ကိုင်းအဝင်လမ်းဆုံတို့တွင် မိုးရေလျှံမှုဖြစ်ပွားခဲ့သည်။

ရောဝတီတံတား (ရတနာပုံ) အဆင်းလမ်းဆုံမှာ ခေတ္တသွားလာမှုအခက်အခဲရှိခဲ့သော်လည်း ယင်းနေ့မွန်းလွဲပိုင်းတွင် မိုးရေများပြန်လည်ဆင်းသွားခဲ့၍ လမ်းများပြန်လည်ကောင်းမွန်သွားခဲ့ပြီး အနိမ့်ပိုင်းရပ်ကွက်အချို့ မိုးရေဝဝ်ကျန်ခဲ့သည့် နေရာများသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့် တိုင်းဒေသကြီး စည်ပင်သာယာအင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ့၊ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှု ကော်မတီ(ခေတ္တ)ဥက္ကဋ္ဌ ဦးတိုးလင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က စစ်ကိုင်းမြို့မင်းလမ်းရပ်ကွက်၌ လေးလက်မပိုက်တပ်ဆင်ထားသော မော်တာ၊ ပန့်နှစ်လုံးဖြင့် မိုးရေများထုတ်ပေးနေမှုကိုလည်းကောင်း၊ တကောင်းရပ်ကွက်တွင် JCB Backhoe Loader ဖြင့် ရေစီးရေလာကောင်းရန် ရေနုတ်မြောင်းတူးဖော်နေမှုကိုလည်းကောင်း၊ ပန်းဘဲတန်းရပ်ကွက်မှ ရေစုပ်စက်ဖြင့် မိုးရေထုတ်ပေးနေမှုနှင့် ရေနုတ်မြောင်းပိတ်ဆို့သည့် နေရာများတွင် ရပ်ကွက်နေပြည်သူများ မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းနေမှုကိုလည်းကောင်း၊ စစ်ကိုင်း-မင်းကွန်းသွားကွန်ကရစ်လမ်း၏ မြေထိန်းနံရံပဲ့ကျနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မျိုးဝင်း(စစ်ကိုင်း)

## သတင်းတိုများ

### စီးပွားရေးလုပ်ငန်း စိတ်ပါဝင်စားသူများကို ဦးစားပေးပြသမည့် ကုန်စည်ပြပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ အိမ်တွင်းအလှဆင် ဒီဇိုင်နာများအပြင် အိမ်ရာဆောက်လုပ်ရေးကုမ္ပဏီများ၊ ဟိုတယ်နှင့်အပန်းဖြေအိမ်၊ အဆောက်အအုံထိန်းသိမ်းရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီများအပါအဝင် စီးပွားရေးမိတ်ဖက်များကို စိတ်ဝင်စားသူများအတွက် အဓိကပြသမည့် မြန်မာ့ဆောက်လုပ်ရေးသုံးပစ္စည်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းပြပွဲ Myanmar Build & Decor ကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှင်စောပုလမ်းရှိ Myanmar Event Park (MEP)တွင် စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နံနက် ၉နာရီမှ ည ၅နေ ၅ နာရီအထိ ကုန်စည်ရောင်းဝယ်ပေးနိုင်သည့် နေ့များအဖြစ် သတ်မှတ်ထားပြီး စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီ မှ ည ၅နေ ၅နာရီအထိ ပြည်သူများလေ့လာနိုင်ရန် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) နှင့်မြန်မာအေဂျီတီအိုင်အသင်းတို့၏ အကူအညီဖြင့် ကျင်းပခြင်းဖြစ်ကာ ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာကုမ္ပဏီပေါင်း ၁၀၀ နီးပါး ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးပစ္စည်းများကို ပြသရာတွင် ထုတ်ကုန်လက်တွေ့ အသုံးဝင်မှုနှင့်ပတ်သက်၍ ကောင်းမွန်သည့်အကြံဉာဏ်များ ပေးခြင်းနှင့် ပြခန်းတွင် တိုင်ပင်ဆွေးနွေးရန် ကွမ်းကျင်သူများကို ထားရှိပေးထားခြင်းအပြင် မြို့ပြနေထိုင်မှုအတွက် ပန်းခြံဖန်တီးခြင်း၊ သလင်းကျောက်ကြမ်းခင်းအသုံးပြုပုံများနှင့် အမိုးဒီဇိုင်းများ ဖန်တီးခြင်းတို့ကို ဆွေးနွေးပွဲများကျင်းပသွားမည်ဟု သိရသည်။ လာရောက်လေ့လာရန်နှင့် စာရင်းပေးသွင်းနိုင်ရန် www.myanmarbuilddecor.comတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

### ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံခိုင်မှုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများဆက်သွယ်နိုင်

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ကာယဗလမောင်ပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီးကာယကြံခိုင်မှုပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်တွင် မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ဗထူးကွင်းအတွင်းရှိ ကာယဗလနှင့် ကာယအလှအားကစားလေ့ကျင်းရေးခန်းမ၌ စာရင်းပေးသွင်းနိုင်သည်။ ကာယဗလမောင်ပြိုင်ပွဲတွင် ၆၀ ကီလို၊ ၆၅ ကီလို၊ ၇၀ ကီလိုနှင့် ၇၅ ကီလို အထက် အတန်းငါးတန်းပါဝင်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ငါးပေသုံးလက်မ အောက်နှင့် ငါးပေသုံးလက်မအထက် အတန်းနှစ်တန်းပါဝင်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၉၁၀၄၄၂၆၊ ၀၉-၂၀၆၀၀၉၆၀၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

### ရွှေဟောင်းကြေးဆင်းတုတော် ပျောက်ဆုံး

ခင်ဦး စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အင်ကြင်းပင်ကျေးရွာ ဝေဘူဆရာတော်၏ကမ္ဘာ့ဘုန်းကျောင်းတိုက်အတွင်းရှိခမ္မာရုံ၌ ကိုးကွယ်လျက်ရှိသော ဘုဇင်္ဂတော်အမြင့် နှစ်ပေခွဲ ပိသာခွဲခန့် ရွှေဟောင်းကြေးဆင်းတုတော်တစ်ဆူမှာ စက်တင်ဘာ ၁၄ရက် ည ၇နာရီခန့်က ပျောက်ဆုံးသွားကြောင်း သိရသည်။

အဆိုပါ ဆင်းတုတော်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ခင်ဦးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ခင်ဦးစိုးဝေ

# စက်လှေပြင့်သယ်ဆောင်ရန် ကျွန်းသစ်များ ဖောင်ပွဲ့နေစဉ်ဖမ်းဆီးရမိ

ဗန်းမောက် စက်တင်ဘာ ၁၈

ကသာခရိုင် ဗန်းမောက်မြို့နယ်နှင့် အင်းတော်နယ်စပ် ဗန်းမောက်မြို့မရဲစခန်း၏အရှေ့ ကိုးမိုင်ခန့်အကွာရှိ မဲဇာချောင်းအတွင်း စက်လှေဖြင့် သယ်ဆောင်ရန် ကျွန်းသစ်များကို တရားမဝင်ဖောင်ဖွဲ့နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၅ ရက် ၁၁နာရီခွဲက ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးတင်ညွှန့်နှင့် သစ်တောဝန်ထမ်းများသည် သက်သေများနှင့်အတူ တရားမဝင်သစ်ဖမ်းဆီးရေး စီမံချက်အရ အင်းတော်မြို့နယ် မဲဇာချောင်းအတွင်း သစ်တောလှည့်ကင်းဆောင်ရွက်နေစဉ် ဗန်းမောက်မြို့နယ်နှင့် အင်းတော်မြို့နယ် နယ်စပ်မဲဇာချောင်းအတွင်း စက်လှေတစ်စင်းတရားမဝင် သစ်များ ဖောင်ဖွဲ့နေသည်ကို ပူးပေါင်းအဖွဲ့မှ စစ်ဆေးတွေ့ရှိခဲ့ကြပြီး သစ်များကိုဖောင်ဖွဲ့နေသူများ အင်းတော်မြို့နယ် ပိန္နဲကုန်းကျေးရွာနေ ဦးရှမ်း (၅၇နှစ်)ဆိုသူဖြစ်ပြီး ၄၄းမှာ KAWAMA အမျိုးအစားမြင်းကောင်ရေ(၆-၅)အင်ဂျင်တပ်ဆင်ထားသော အလျား ၂၁ ပေ၊ အကျယ် သုံးပေခြောက်လက်မ၊ ဇောက်နှစ်ပေသုံးလက်မခန့်ရှိ စက်လှေတွင် ကျွန်းသစ်ဆိုက်စုံ ၁၆ လုံး ၅ ဒသမ ၇၀၆ တန်နှင့် ကျွန်းသစ်တိုင်တစ်လုံး ဝ ဒသမ ဝ၉၀ တန် စုစုပေါင်း ၅ ဒသမ ၇၉၆ တန် ကာလတန်ဖိုးငွေကျပ် ၁၁၅၉၂၀၀တို့ကို စက်လှေဖြင့် ဖောင်ဖွဲ့နေသည်ကိုတွေ့ရှိရ၍ တောအုပ်ကြီး ဦးတင်ညွှန့်က သက်သေများရှေ့ သိမ်းဆည်းခဲ့ပြီး ဥပဒေအရအရေးယူပေးရန် တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးရှမ်းကို ဗန်းမောက်မြို့မရဲစခန်းတွင်အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ ဦးရဲ(ကသာ)



### ရန်ကင်းအေးငြိမ်းရိပ်သာ ရက် ၆၀ တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး မဓူစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မြေဇင်းတောရဆရာတော်ကြီး၏ အာနာပါန သမထဝိပဿနာ ရက် ၆၀ တရားစခန်းကို (၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်) ၇-၁၀-၂၀၁၄ရက်တွင် စတင်ဖွင့်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား အမျိုးသမီးယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဆွမ်းစရိတ်၊ စခန်းကြေးတောင်းခံခြင်းမပြုပါ။

သာသနာ့အကျိုးဆောင်အဖွဲ့

ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၉၁၀၆၆၁၀၆

၀၉-၃၃၀၆၂၁၃၃၊ ၀၂-၅၇၂၅

### အမည်ပြောင်း

အထက (၂) ဗဟန်း၊ သတ္တမတန်း (B) တွင် ပညာသင်ကြားနေသော ဦးကိုကိုနိုင်၏သား မောင်လင်းမြတ်အောင်အား မောင်ဘုန်းမြတ်ဇော်ဟုပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဘုန်းမြတ်ဇော်

### ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မအိသန္တာဖြိုးဇော်၏ဖခင်အမည်မှန်မှာ ဦးမြင့်ထူး ၅/ထဓန(နိုင်)၀၃၀၉၀၉ ဖြစ်ပါသည်။ ဦးမြင့်ထူး

### အမည်ပြောင်း

တီးဝိုက်နိမ့်မြို့၊ စွယ်ကျော်လမ်းရွှေပုတ်ကွက် အမှတ်(စ/၂၂၆)နေ ဦးထန်ဇဆောမိုး၏သား မောင်ပေါင်လမ့်အင်း ၄/တတန(နိုင်)၀၆၂၈၂၄၄အား မောင်ပေါင်ဆောမိုးတုန်းဟုပြောင်းလဲခေါ်ပါရန်။ မောင်ပေါင်ဆောမိုးတုန်း ၄/တတန(နိုင်)၀၆၂၈၂၄

### ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊အထက(၂)၊ ပဉ္စမတန်း(D)မှ မစီးစီးလွှာ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၆-၂၀၁၃ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန် မှာ ဦးတားလဲ ၁၃/မဖန(နိုင်)၀၂၂၈၁၉ ဖြစ်ပါကြောင်း။ ဦးတားလဲ

### အမည်နှင့် မွေးသက္ကရာဇ်အမှန်

ဦးအိုက်လျှံ-မမိုးမိုးထွေးတို့၏သမီး အမည်မှန်မှာ မမေမီလျှံနှင့် မွေးသက္ကရာဇ်မှာ ၂၈-၁၂-၂၀၀၀ခုနှစ် ဖြစ်ပါကြောင်း။ မမေမီလျှံ

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိုင်းမောင်ဆိုင် ၁၃/လရန(နိုင်)၀၁၆၈၂၆၏သား လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ စိုင်းဆိုင်လွှင်းနှင့် စိုင်းဆိုင်လျှံမီး ၁၃/လရန(နိုင်)၁၉၄၄၅၅၈တို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၅၂၁၅ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအွေ့ ၁၃/တခလ(နိုင်)၀၈၂၀၆၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကည်နန၊ ခရိုင်ရုံး(တာချီလိတ်)

### မိဘအမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ ပဉ္စမတန်း(C)မှ မမီဆာ၏ မိဘအမည်မှန် ဦးလိုးဆက် ၁၃/ကတန(နိုင်)၀၄၂၀၆၇နှင့် ဒေါ်မိချိုး ၁၃/ကတန(နိုင်)၀၄၂၀၆၈ ဖြစ်ပါကြောင်း။ ဦးလိုးဆက်-ဒေါ်မိချိုး

### ဖခင်အမည်မှန်

မိုင်းခတ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မနန်းနေနွယ်ဖူး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆမ် ၁၃/မခန(နိုင်)၀၀၀၁၇၈ ဖြစ်ပါကြောင်း။ ဦးစိုင်းဆမ်

### အမည်မှန်

ဦးဌေးနိုင်၏သမီး ကော့ကရိုတ်မြို့၊ အထက ကော့ဘိန်းတက္ကသိုလ်ဝင်တန်း(D)မှ မအိရွှေစင်ထက်၏ အမည်မှန်မှာ မရွှေစင်ထက် ၃/ကကရ(နိုင်) ၁၇၆၇၁၁ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၅၆၄၄၃ ဟွန်ဒါဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၅/ရူခန(နိုင်)၀၀၃၉၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။ ကည်နန၊ခရိုင်ရုံး(မုံရွာ)

### မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း

ဦးမြတ်ထွန်း-ဒေါ်မေခင်(ကွယ်လွန်) တို့၏ မွေးစားသားမောင် အောင်နိုင် ၁၂/ဥကတ(နိုင်)၀၃၉၈၆၂ ကိုင်ဆောင်သူအား မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကို ၂၃-၉-၂၀၁၄ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဦးမြတ်ထွန်း AC-၀၀၇၃၃၂၂

၁၂/ဥကတ(နိုင်)၀၃၉၈၆၃

၄/၄၂၂ သုတလမ်း၊ တောင်ဥက္ကလာပ

### ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နဝမအကြိမ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ဓနုဖြူမြို့နယ်အတွင်းရှိ ကျောင်းတိုက် (၆၄)တိုက်မှ ရဟန်းသံဃာနှင့် သီလရှင် (၉၀၀) ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သမိုင်းဝင်ကျိုက္ကလွန်ဗွန်းစေတီတော် ဝင်းအတွင်း ၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာနေ့) ၂၀၁၄ခုနှစ်၊ အောက်တိုဘာ ၈ရက်တွင် စည်ကားသိုက်မြိုက်စွာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဦးကျော်ရီ (၃၇၄၄) ဖုန်း-၀၁-၅၄၁၅၁၊ ဦးကျော်သူ(၃-၃၇၄၄) ဖုန်း-၀၁-၂၂၆၃၃၊ ဦးမြင့်ဆွေ (၃-၃၇၄၄) ဖုန်း-၀၉-၇၃၈၉၉၆၊ ဦးလှဝင်း (၃-၃၇၄၄) ဖုန်း-၀၉-၄၃၀၃၀၈၈၃၊ ဦးမြင့်သိန်း(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၀၆၇၆၄၊ ဦးစိုးဝင်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၂၀၇၆၄ နှင့် နယ်မြေအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆွမ်းဆန်စိမ်းလောင်းလှူရန် ဓနုဖြူမြို့သို့ ၈-၁၀-၂၀၁၄ ရက် (သီတင်းကျွတ်လပြည့်နေ့)၊ နံနက် ၆း၀၀ နာရီတွင် အသင်းတိုက်ရှေ့မှ ထွက်ခွာပါမည်။ လိုက်ပါလိုသည့် အသင်းသူ/သားများအနေဖြင့် ၂၇-၉-၂၀၁၄ ရက်နောက်ဆုံးထား၍ နယ်မြေအမှုဆောင်များထံ စာရင်းပေးသွင်းကြပါရန်။

(အမှုဆောင်အဖွဲ့)

### ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း A.2မှ မကျော်သီရိစံ၏ ဖခင်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ဆန်းဦး ၉/တကန(နိုင်)၀၃၃၅၅၆၆နှင့် ကျော်သီရိစံ၏ မွေးသက္ကရာဇ်မှာ ၁၆-၆-၁၉၉၉ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးမောင်အေးထွန်း၏သမီး မင်းပြားမြို့ အထက-ခွဲ၊ လ(၂)မှ ဖြိုးဖြိုးခိုင် ၁၁/မပန(နိုင်) ၁၁၇၃၃၉အား ထက်ထက်တင့်ဟု လည်းကောင်း၊ ငြိမ်းငြိမ်းခိုင်(ခ)ထက်ထက်ခိုင် ၁၁/မပန(နိုင်) ၁၁၇၃၃၅၏ အမည်မှန်မှာ ထက်ထက်ထွန်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း S.3မှ မထက်ထက်မွန်နှင့် အဋ္ဌမတန်း(B) မှ မရီရီမွန်တို့၏ ဖခင်မှာ အိမ်ထောင်စုစာရင်းအရ ဦးစဒင် ၉/တကန(နိုင်)၀၈၉၇၂၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မင်းပြားမြို့ အထက (၁) နဝမတန်းမှ ဇင်ဝင်းမြတ်၏ ဖခင် ဦးဖိုးလှ၏အမည်မှန်မှာ မောင်ကျန်သိန်း ၁၁/မပန(နိုင်) ၀၀၂၂၆၉ ဖြစ်ပါကြောင်း။ မောင်ကျန်သိန်း

## မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်

**တောင်ကြီး စက်တင်ဘာ ၁၈**

ယနေ့ခေတ်လူငယ်များ မြန်မာ့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားလေးစား မြတ်နိုးထိန်းသိမ်းတတ်စေရန် ရည်ရွယ်ချက်ဖြင့် (၂၁) ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းမြင့်နှင့် ဒုိင်ချုပ် ဦးထွန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက ယနေ့ခေတ်သည် တိုးတက်လာသော ဆက်သွယ်ရေးနည်းပညာများအရ တိုင်းတစ်ပါး ယဉ်ကျေးမှုများ လွှမ်းမိုးဝင်ရောက်လာသည်ကို တွေ့ရကြောင်း၊ ပြိုင်ပွဲဝင်များအားလုံး တိုင်းတစ်ပါး ယဉ်ကျေးမှုများကို မလွှမ်းမိုးစေရေး ကာကွယ် ထိန်းသိမ်းစောင့်ရှောက် သွားကြရန်နှင့် ပြိုင်ပွဲတွင် အကောင်းဆုံးပါဝင် ယှဉ်ပြိုင်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဒိုင်ချုပ် ဦးထွန်းအေးက ပြိုင်ပွဲဝင်များအား ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ အခြေခံပညာအဆင့် အဆိုပြိုင်ပွဲဝင်သူ ၁၄ ဦး၊ အကပြိုင်ပွဲဝင်သူ သုံးဦး၊ အတီးပြိုင်ပွဲဝင်သူ ခုနစ်ဦး၊ ကဗျာလွတ်ယိမ်းအကအဖွဲ့ ခုနစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## တောင်သူပညာပေးသရုပ်ပြ

**သထုံ စက်တင်ဘာ ၁၈**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၁၉)ရှိ တောင်သူ ဦးကျော်ဝင်းစိန်၏ ပုလဲသွယ်စံပြစိုက်ခင်း၌ စက်တင်ဘာ ၉ ရက် နံနက်က မိုးစပါးအထွက်နှုန်းတိုးတက်ရေး စုပေါင်းဓာတ်မြေဩဇာကြပက်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်းက သထုံမြို့နယ် မိုးစပါးစိုက်ကေ ၁၂၅၄၈ ကေအနက် GAP စနစ်ဖြင့် ကေ ၂၀၂၅၀ စိုက်ပျိုးနိုင်ခဲ့ပြီး GAP စနစ်၏ အကျိုးကျေးဇူးများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးကျ အချိန်ကိုက်သုံးစွဲနည်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးစိုက်ခင်းကို ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကိုကိုရွှေ**



## စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားသင်တန်းဖွင့်



**သုံးခွ စက်တင်ဘာ ၁၈**

လူထု ကျန်းမာရေးလုပ်သားများ လစ်လပ်လျက်ရှိသော ကျေးရွာများမှ စေတနာ့ဝန်ထမ်းလူထုကျန်းမာရေးလုပ်သား(အသစ်)များ ရွေးချယ်၍ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။ (ဝဲပုံ)

စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲတွင် သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးဝင်းက ကျန်းမာရေးလုပ်သားများ၏ အဓိကတာဝန်များမှာ ရောဂါကာကွယ်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာများ သုံးစွဲရေးတို့ဖြစ်ကြောင်း၊ ကျန်သောလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ သင်တန်းကို စိတ်ဝင်တစားတက်ရောက်ကြပြီး မိမိတို့ နေရပ်ပြန်ရောက်လျှင်လည်း သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက ထိန်းသိမ်းပေးကြစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပင်လယ်ကမ်းစပ်နားမှ တက်ရောက်ကြသော သင်တန်းသားများအား စီမံခန့်ခွဲပြီး ဆောင်ရွက်ပေးကြစေလိုကြောင်း သိရသည်။ (၀၂၈)

---

**ပြည်တွင်းသတင်းနှင့် ကြော်ငြာ**

## တောင်သူပညာပေးစိုက်ခင်းတွင် မျိုးကွဲနုတ်ပယ်ခြင်း၊ ကွင်းဆင်းလက်တွေ့ သရုပ်ပြပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ မျိုးသန့် ပြန့်ပွားရေးအတွက် လက်တွေ့လေ့လာနိုင်ရန်နှင့် မျိုးကွဲနုတ်ပယ်ခြင်းဆောင်ရွက်ချက်များကို စိုက်ကွင်းအတွင်း လက်တွေ့သရုပ်ပြသခြင်းကို အုတ်တွင်းမြို့နယ် သရက်ပင် မောင်နှမကျေးရွာ ကွင်းအမှတ် (၃၅၃-က)၊ ဆင်းသုခမျိုး မျိုးသန့်စံပြရွာကေ ၁၀၀ စိုက်ကွင်း၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူးက မျိုးသန့်ပွားများခြင်း၊ (Seed Flow) နှင့် မျိုးသန့်ပွားများရန် ဆောင်ရွက်ရမည့်နည်းစနစ်များ၊ မျိုးသန့်စပါးစိုက်ပျိုးခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများ၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) အလေ့အကျင့်ကောင်းများနှင့် ကွင်းပြပွဲဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ခင်ဥမ္မာဇော်က မျိုးကွဲနုတ်ပယ်ခြင်း၊ လက်တွေ့ဆောင်ရွက်ရမည့် နည်းစနစ်များ၊ ခရိုင်မြေအသုံးချတာဝန်ခံနှင့် ခရိုင်ပိုးမွှားတာဝန်ခံတို့မှ သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

**ကျော်လှ(တောင်ငူ)**

## ချပ်သင်းဘေးမဲ့တောအတွင်းကျူးကျော်၍ သဘာဝနယ်မြေပျက်စီးအောင် သဘာဝသစ်တောသစ်ပင်များ ခုတ်ထွင်ရှင်းလင်းသူများအား အမှုဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၈**

ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောမှတောအုပ် ဦးအောင်ဇော်မြင့် ဦးဆောင်သော ကင်းလှည့်ထိန်းသိမ်းရေးအဖွဲ့သည် ဘေးမဲ့တော၏ အနောက်ဘက် တောင်ကြား ပန်းမရဲဒေသများသို့ ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေစဉ် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက မောင်ထွေး၊ အောင်မျိုးကျော်၊ ချစ်ကို၊ စိုးနိုင်တို့မှာ ဘေးမဲ့တောအတွင်း ကျူးကျော်၍ သဘာဝ နယ်မြေများပျက်စီးအောင် သဘာဝတောသစ်ပင်များအား ခုတ်ထွင်နေကြစဉ် တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူပေးရန် ချပ်သင်းဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစီးအရာရှိ ဦးမောင်ဝင်း (၄၆နှစ်) က စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် ကောလင်းမြို့မရဲစခန်းသို့စာဖြင့် ပေးပို့တိုင်တန်းခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် မောင်ထွေး (၃၅ နှစ်) တောင်ကြားကျေးရွာ ကောလင်းမြို့နယ်နှင့် (တစ်ရွာတည်းနေ) အောင်မျိုးကျော် (၂၃ နှစ်)၊ ချစ်ကို (၃၄ နှစ်) ပန်းမရဲကျေးရွာ ကောလင်းမြို့နယ်နှင့် (တစ်ရွာတည်းနေ) စိုးနိုင် (၃၄နှစ်) တို့ လေးဦးကို ကောလင်းမြို့မရဲစခန်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေအရအမှုရေးဖွင့်ခဲ့ပြီး တရားလိုနှင့် သက်သေများစစ်ဆေးခြင်း၊ အခင်းဖြစ်နေရာစစ်ဆေးခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများအားဖမ်းဆီးခြင်းတို့ကို အမှုစစ်ဆောင်းနား ရဲကင်းစခန်းမှူး ရဲအုပ်ဇော်ဝင်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ (ကသာ)**

## သစ်တောသစ်ပင် တိုချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး


**REQUEST FOR EXPRESSIONS OF INTEREST**
**Ministry of Livestock, Fisheries and Rural Development**
**Department of Rural Development**
**Strengthening Capacity of the Department of Rural Development for Coordination of Rural Development Activities**
**Assignment Title: National Project Operations Consultant (Three Positions)**

The Department of Rural Development (DRD) is being implementing "Strengthening Capacity of the Department of Rural Development for Coordination of Rural Development Activities to Implement the Government's Poverty Alleviation and Rural Development Action Plan" funded by IFAD.

DRD intends to apply part of the proceeds for the hiring of National Project Operations Consultants. The Consulting services ("the services") include.

- Assist in the preparation of training manuals for project training activities at the national, township and village levels;
- Provide advice as needed to the Project Implementation Committee (PIC) and Project Implementation Unit (PIU) at the township level in implementing project activities in pilot villages;
- Assist the PIC and PIU in designing and implementing project training activities at the township and village levels;

DRD now invites eligible consultants to indicate their interest in providing the Services. Interested Consultant should provide personal information demonstrating that they have the required qualifications and relevant experience to perform the service.

The assignment period will be for six (6) months and expected to commence mid October 2014. The assignment shall be extended based on the consultants' performance and project needs.

Expressions of Interest must be submitted in a written form to the address below (in person, or by mail, or by e-mail) by October 2, 2014.

Further information and a copy of the detailed Terms of Reference (TOR) may be obtained through email or from the address below during office hours from 09:00 to 16:00, Monday through Firday, except public holidays.

Attn: U Khant Zaw (Deputy Chief Engineer),
Department of Rural Development
Ministry of Livestock, Fisheries and Rural Development,
Office No. 14, Nay Pyi Taw, Myanmar.
Tel & Fax: 067-409408
**Email address: ir.drdhq@gmail.com**
**cc:minnzarni@ gmail.com**



**မထသ ၄၈ (အထူး)**

( ၁၈ နှင့် ၂၈ Nissan နှစ်စီးရောင်းမည်)
CNG နှင့် ကညန လိုင်စင် သက်တမ်းတိုးပြီး
**ဖုန်း-၀၉-၅၀၁၇၀၆၅၅၊ ၀၉-၄၂၁၀၁၆၃၄၁**



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**လုပ်ငန်းသုံးမော်တော်ယာဉ်များဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အတွက် လိုအပ်နေသော Hilux Surf 3000 CC(Diesel) မော်တော်ယာဉ်နှစ်စီးအား ပြည်တွင်းထွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၁၅၊ နေပြည်တော်တွင် ၁၉-၉-၂၀၁၄ ရက်မှစ၍ တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၃-၁၀-၂၀၁၄ ရက် ညနေ ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် မော်တော်ယာဉ်၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ဝစ္စည်းဝယ်ယူရေးအဖွဲ့**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**ရုံးအမှတ်(၁၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၀၂၊ ၀၆၇-၄၁၀၁၄၉**



**ဖခင်အမည်မှန်**

ရွှေတောင်မြို့၊ အထက၊ ကျီးသဲတက္ကသိုလ်ဝင်တန်း(D)မှ မောင်ငြိမ်းချမ်းဇော်၊ မခင်နီနီဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးစောဝင်းဇော် ၇/ရတန(နိုင်)၀၉၂၈၅၆ ဖြစ်ပါသည်။

**ဦးစောဝင်းဇော်**



**လိပ်စာအမှန်ပြင်ဆင်ခြင်း**

၁၃-၉-၂၀၁၄ ရက်စွဲပါ ဦးမျိုးမင်းဇော် ၈/မလန(နိုင်)၀၇၄၀၀၀ ပဋ္ဌနကိုအုပ်စု၊ ရွာသစ်ကျေးရွာ၊ မကွေးမြို့နှင့် အများသိစေရန် အသိပေးကြေညာချက်တွင် ဦးသိန်းထွန်း၏ လိပ်စာအမှန်သည် မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ အုတ်ပုံဆိပ်လမ်း၊ အမှတ်(၅၀)ဖြစ်ကြောင်း ကြေညာပါသည်။

ပြည်တွင်းသတင်းနှင့်ဧကြောင်း

# ထီလေးသိမ်ချောင်းကူးတံတားပြုပြင်ပေးရန် ဒေသခံများ လိုလားနေ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၈**

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အနောက်ဘက်ခြမ်းရှိ အရေးပါသော ထီလေးသိမ်ချောင်းကူးတံတားမှာ တံတား၏ ကြမ်းခင်းအချို့ ပျက်စီးလာပြီး တံတားလက်တန်း အချို့လည်း ပျက်စီးလျက်ရှိနေသည်။

ယင်းမော်လမြိုင်ကျွန်း-ထီလေးသိမ်ချောင်းကူးတံတားသည် မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်းရှိ ကျေးရွာပေါင်း ၂၀ ကျော်နှင့် ပင်လယ်ပိုင်း ဒေသကျေးရွာများသို့ တစ်ဆက်တည်းသွားလာ၍ရသော ချောင်းကူးတံတားဖြစ်ရာ တံတားကြမ်းခင်းအချို့ ပျက်စီးခြင်းနှင့် တံတားလက်တန်းအချို့ ပျက်စီးနေခြင်းတို့ကြောင့် တံတားပေါ်မှ နေ့ညဖြတ်သန်းသွားလာလျက်ရှိကြသော ဆိုင်ကယ်များ၊ စက်ဘီးများ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် အခိုက်အန္တရာယ် ကျရောက်နိုင်ဖွယ် ရှိနေသည်။ ထို့ကြောင့် အဆိုပါ ထီလေးသိမ်ချောင်းကူးတံတား၏ ပျက်စီးယိုယွင်းမှုအချို့ကို အခိုက်မိပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံပြည်သူများက လိုလားနေကြောင်း သိရသည်။

မော်လမြိုင်ကျွန်း - ထီလေးသိမ်ချောင်းကူးတံတားသည် နာဂစ်မုန်တိုင်းဖြစ်ပြီး နောက်ပိုင်းတွင် တည်ဆောက်ပေးခဲ့သော တံတားများအနက် အရေးပါသော တံတားတစ်စင်းဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့တွင်



နာဂစ်မုန်တိုင်းကျရောက်ခဲ့ပြီးနောက် မော်လမြိုင်ကျွန်းဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ လမ်း၊ တံတားများဖောက်လုပ်တည်ဆောက်ပေးခဲ့ရာ ဒေသဖွံ့ဖြိုးအလှတိုးလျက်ရှိပြီး မြို့နယ်ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လျက်ရှိသည်။

**မော်ကျွန်းမြင့်အောင်**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူပူးပေါင်းပါဝင်မှု အခြေခံသင်တန်းဖွင့်

**မြင်းမူ စက်တင်ဘာ ၁၈**

ဒိန်းမတ်နိုင်ငံ ပြည်သူအလျှူရှင်များအဖွဲ့(DCA)၏ ထောက်ပံ့မှုဖြင့် ရွှေညာမြေ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့က ဖွင့်လှစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံ သဘောတရားများနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ခြင်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြင်းမူမြို့နယ် ခြေရာတော်ကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမျိုးကျော်က အမှာစကားပြောကြားပြီး ရွှေညာမြေ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့ မြို့နယ်တာဝန်ခံ ဒေါ်သန်းဌေးက ကျေးရွာများတွင် စားနပ်ရိက္ခာဖူလုံရေး၊ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားစေရေးစသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ကျေးရွာပြည်သူများသိရှိပြီး ပူးပေါင်းပါဝင်နိုင်စေရေးအတွက် မျိုးစေ့လိုအပ်ချက်၊ နည်းပညာလိုအပ်ချက်များကို ပံ့ပိုးပေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းများကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးထွန်းကျော်ကျော်မျိုးက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို မြင်းမူမြို့နယ်အတွင်းရှိ ရွာသစ်၊ ချောင်းကွေ့၊ စပယ်ကန်၊ ဦးနှောင်းကုန်း၊ ကြာပင်လှ၊ သရက်ကန်၊ လည်ဖင်းနှင့် ကုလားပုံကျေးရွာတို့မှ သင်တန်းသား ၂၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။

ရွှေညာမြေ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့သည် ဒိန်းမတ်နိုင်ငံပြည်သူအလှူရှင်များအဖွဲ့(DCA)၏ ထောက်ပံ့ငွေကို အသုံးပြုပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်အထိ စီမံချက်ကာလဖြင့် မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**

# တောင်သူနည်းပညာပေး ကွင်းပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၁၈**

တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်စိုက်ခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးစေနိုင်ပြီး မျိုးကောင်းမျိုးသန့်စိုက် စံပြရွာများထူထောင်နိုင်ရန် ရည်ရွယ်၍ မျိုးကွဲနုတ်ပယ်ခြင်း တောင်သူပညာပေးကွင်းပြပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာမှ တောင်သူဦးမောင်မြင့်၏ ဆင်းသုခ R.S မျိုးသန့်စံပြကွက် ၁၅ ဧကတွင် စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။

ကွင်းပြပွဲတွင် တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ကွင်းပြပွဲဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၏အကျိုး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု၊ မျိုးသန့်ပြန့်ပွားရေး (seed flow) ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဥမ္မာဇော်က မျိုးသန့်ပြန့်ပွားရေး အခြေခံအချက်များ၊ မျိုးကွဲထုတ်ပယ်ခြင်းနည်းစနစ်များကိုလည်းကောင်း၊ မြေအသုံးချတာဝန်ခံနှင့် ပိုးမွှားရောဂါတာဝန်ခံတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် နည်းစနစ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တောင်သူများက သိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် စပါးသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးခြင်း၊ လာမည့်ဆောင်းရာသီတွင် စပါးအပြီး မတ်ပဲမျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ ကြွက်ကာကွယ်နှိမ်နင်းရေးနည်းများ စသည်တို့ကို မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က အသေးစိတ် သင်တန်းပေးပို့ချခဲ့သည်။

အဆိုပါသရုပ်ပြပွဲနှင့် ပညာပေးဟောပြောပွဲသို့ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသွင်မြင့်၊ ခရိုင်အဆင့်မျိုးစေ့အသုံးချရေး၊ သီးနှံကာကွယ်ရေးတာဝန်ခံများနှင့် တောင်သူများတက်ရောက်ခဲ့သည်။

**မောင်ရွှေဝင်း(ဖြည်)**



## မြစ်ကြီးနာ၌ ပျိုရွယ်သူကျန်းမာရေး အသိပညာပေးဟောပြော

**မြစ်ကြီးနာ၊ စက်တင်ဘာ ၁၈**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြစ်ကြီးနားမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အေးမြသီတာခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသည်။

ဟောပြောပွဲသို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနုနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဒေါ်ကေရွယ်အောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေရွယ်အောင်နှင့် တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာများ ဟောပြောသည်။ ထို့နောက် အလှူငွေပေးအပ်ပွဲကိုဆက်လက်ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက အလှူငွေကျပ် ၂၅၀၀၀၀ ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

**(ခရိုင် မြန်/ဆက်)**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) 1000 KVA Transformer သုံးလုံးနှင့် ဆပ်စပ်ပစ္စည်းများ

(ခ) အဆိုပါ Transformer များထားရှိမည့် အဆောက်အအုံတစ်လုံးတည်ဆောက်ခြင်း

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၃-၁၀-၂၀၁၄ ရက် (သောကြာနေ့) ၁၆း၀၀နာရီ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၆၊ မြေကွက်အမှတ် ၅၇၆၊ အကျယ်ပေ(၄၀×၆၀)ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၅၇၆၊ မကွေးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်မြမြသွေး ၁၂/ဗဟန(နိုင်)၀၂၅၆၇၆ အမည်ပေါက်လျက်ရှိပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျန်ပိတ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျန်ပိတ်မိတ်ဆွေသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း
အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)

ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)

အမှတ် ၄၆၊ ပထမထပ်(၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈၈၂/၄၉၇၅ SUN FLOWER M/B ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/မတန(နိုင်)၀၇၉၂၃၃၇ (ကမ-၃)ဟုက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**



**အရွယ်မရောက်သေးသောသူငယ်ကို**
**အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း**

**အကြောင်းကြားစာ**

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)**
**မြိတ်ခရိုင်တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမအထွေထွေမူအမှတ် ၁၂**

ဒေါ်ချိုချို ၆/မအရ(နိုင်)၀၁၀၄၂၀
ခရုတောရပ်၊ မြိတ်မြို့။ လျှောက်သူ

(၁) မောင်အောင်ထူးနိုင် အသက်(၁၁)နှစ်၊ (၂) မောင်ရဲထက်နိုင် အသက်(၉)နှစ်၊ (၃) မောင်ဖေမိုရိန် အသက်(၅)နှစ် မြိတ်မြို့၊ ခရုတောရပ်နေ အရွယ်မရောက်သေးသောလူငယ်နှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း။

မြိတ်မြို့၊ ခရုတောရပ်နေ ဒေါ်ချိုချိုက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် (၁) မောင်အောင်ထူးနိုင်၊ (၂) မောင်ရဲထက်နိုင်၊ (၃) မောင်ဖေဖေရိန်ဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပေးပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၄ခုနှစ် အောက်တိုဘာ ၆ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်)တွင်ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းမြကြူ)**
**ဒုတိယခရိုင်တရားသူကြီး**
**မြိတ်ခရိုင်တရားရုံး၊ မြိတ်မြို့**



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုလယ်ယာဦးစီးဌာန**
**ကရင်ပြည်နယ်၊ ဘားအံမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးရုံး၊ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဘားအံမြို့နယ်၊ သံလှယ်ကျေးရွာတွင် စက်မှုလယ်ယာစနစ်ကျလယ်မြေ (Fully Mechanized Farm)(၃၀၀)ဧကဖော်ထုတ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁၀-၂၀၁၄ ရက်
**တင်ဒါစစ်ဆေးရွေးချယ်မည့်ရက်** - ၁၀-၁၀-၂၀၁၄ ရက်

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးရုံး၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၇၄၂ သို့ ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ် ၂၆/၂၇၊ ခေါင်းရင်းဘက်ခြမ်း၊ ဒုတိယထပ်၊ ၁၅' ×၅၀' အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်နွယ်နွယ်အေး ၁၂/ဓရက(နိုင်)၁၅၆၃၄၃၃မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးနုန္နာဝင်း
အထက်တန်းရှေ့နေ(စဉ်-၂၈၀၂၆) ဖုန်း-၀၃၀၃၉၅၈၆

ဒေါ်မိတင်ဇာလင်း
အထက်တန်းရှေ့နေ(စဉ်-၃၀၄၉၁)
မင်းမဟာအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်
ပါရမီလမ်းရုံးချုပ် ဖုန်း-၀၉-၇၃၁၆၂၇၇၂၊ မြောက်ဒဂုံ(ရုံးခွဲ) ဖုန်း-၀၉-၂၅၀၆၃၆၁၂
တောင်ဥက္ကလာပ(ရုံးခွဲ) ဖုန်း-၀၉-၇၃၉၀၃၄၆၆

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကလေးဗဟိုပြု သင်ကြားမှုလက်တွေ့ဆောင်ရွက်

**ညောင်ဦး၊ စက်တင်ဘာ ၁၈**

ညောင်ဦးခရိုင် ငါးသရောက်မြို့နယ်ခွဲတွင် ကလေးဗဟိုပြု ချဉ်းကပ်နည်း (Child Centre Approach- CCA) လက်တွေ့သရုပ်ပြသင်ကြားမှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ရန် ဖလန်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို တာဝန်ခံနယ်မြေမျှူးအဖြစ် ရွေးချယ်ခန့်အပ်ခဲ့ကြောင်း ငါးသရောက်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများထံမှ သိရသည်။ ကလေးဗဟိုပြုချဉ်းကပ်နည်း လက်တွေ့သရုပ်ပြသင်ကြားပေးမှု လုပ်ငန်းများကို ငါးသရောက်မြို့နယ်ခွဲအတွင်းရှိ အခြေခံပညာကျောင်း ၁၃ ကျောင်း၌ ဆောင်ရွက်သွားမည်ဟု သိရသည်။

လုပ်ငန်းများ ဆောင်ရွက်မှုအဖြစ် ဖလန်ကန်နယ်မြေအတွင်းမှ ဆရာဆရာမ ၇၀ ခန့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က ကူတောကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကလေးဗဟိုပြုချဉ်းကပ်နည်း လက်တွေ့သရုပ်ပြသင်ကြားမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပူးပေါင်းညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တယ်ပင်တဲ၊ တောင်တောနှင့် ကြိုပင်သာကျေးရွာများရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို လက်တွေ့သရုပ်ပြသင်ကြားခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် အခြားကျန်ရှိသည့်ကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ဓာတ်အားလိုင်းတစ်လျှောက် သစ်ကိုင်းများရှင်းလင်း

**တောင်သာ စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း မြင်းခြံ-တောင်သာဓာတ်အားလိုင်းတစ်လျှောက်ရှိ ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် မလွတ်သည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးမိုးကျော် ဦးဆောင်ပြီး ဝန်ထမ်းများနှင့်ဆောင်ရွက်လျက်ရှိသည်။

ဓာတ်အားသုံးစွဲသူများ ဓာတ်အားအပြည့်အဝရရှိသုံးစွဲနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်စေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး မြင်းခြံ-တောင်သာ ဓာတ်အားလိုင်းတစ်လျှောက်ရှိ ဓာတ်အားပို့လွှတ်ပစ္စည်းများ ကြိုခိုင်မှုစစ်ဆေးခြင်း၊ ကြွေသီးများ အစားထိုးလဲလှယ်ပြီး အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# စတုတ္ထမဏ္ဍိုင်နှင့် တာဝန်ခံမှုဆိုင်ရာဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာတော်နိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးရှိ လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့နှင့် Wave Myanmar အဖွဲ့အစည်းတို့ ပူးပေါင်း၍ "စတုတ္ထ မဏ္ဍိုင်နှင့် တာဝန်ခံမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပသွားမည်ဟု သိရသည်။ အဆိုပါဆွေးနွေးပွဲ၌ စာရေးဆရာ ဦးသီဟစော၊ ဦးဇော်သက်ထွေးနှင့် ဒေါ်ခင်မမမျိုးတို့က ပါဝင်ဆွေးနွေးသွားမည်ဟု သိရသည်။ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**



# အင်းစိန်ခုံးကျော်တံတားသစ် သံကူကွန်ကရစ်ရက်မပေါင်များ တပ်ဆင်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းပေးနိုင်ရန်အတွက် အရေးပါသောစီမံကိန်းတစ်ခုဖြစ်သည့် အင်းစိန်ခုံးကျော်တံတားသစ် တည်ဆောက်ရေးစီမံကိန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာနက ဇူလိုင်လကုန်ပိုင်းမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၈၄ ပေ x ၁၀ လက်မ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မပေါင် ၁၂ ပေါင်ကို ပြုလုပ်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

တံတားကြီးဆောက်လုပ်ရာတွင် အပေါ်ထည်အနေဖြင့် သံကူကွန်ကရစ် Cap & Shaft တိုင်များပေါ်တွင်ထားရှိရန် ၈၄ ပေ x ၁၀ လက်မ အရှည်ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မပေါင် ၁၀၄ ပေါင်ပြုလုပ်အသုံးပြုသွားမည်ဖြစ်ရာ ယခုပြုလုပ်ဆောင်ရွက်နေသည့် အင်းစိန်မီးရထားဆေးရုံဘက်ခြမ်းတွင် ၄၂ ပေါင်ကိုလည်းကောင်း၊ ခုံးကျော်တံတားဟောင်း ညာဘက်ခြမ်းအမှတ်(၅၀) ကားဂိတ်တွင် ယာယီအလုပ်ရုံပြုလုပ်ပြီး ၆၂ ပေါင်ကိုလည်းကောင်း ၅၇ ပေ x ၃ လက်မ ၃၆ ပေါင်ကို မလွှကုန်းအလုပ်ရုံတွင် လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားဆောက်လုပ်မည့်ပုံစံမှာ ပင်မတံတားကို နှစ်လမ်းသွားအကျယ်၊ ၂၈ ပေ၊ အလျား ၁၅၅၃ ပေ တည်ဆောက်မည်ဖြစ်ပြီး အင်းစိန်ဈေးဘက်မှ စော်ဘွားကြီးကုန်းဘက်လမ်းသစ်ပေါ် သို့ လမ်းလေးခွဆုံကို ဖြတ်ကျော် တည်ဆောက်သွားမည်ဖြစ်သည်။ လက်တက်တံတားကို တစ်လမ်းသွား အကျယ် ၁၆ ပေ၊ အလျား ၆၀၃ ပေ တည်ဆောက်မည်ဖြစ်ပြီး အင်းစိန်ဈေးဘက်မှ အင်းစိန်ဘောလုံးကွင်းဘက် ဗဟိုလမ်းမကြီးပေါ် သို့ (၅၀)ကားဂိတ် ကားလမ်းသွယ်ကို ဖြတ်ဆင်းမည့်ပုံစံ တည်ဆောက်သွားမည်ဖြစ်သည်။ လက်တက်တံတားအပါအဝင် တံတားတစ်ခုလုံး၏ စုစုပေါင်းအရှည်မှာ ပေ၂၁၆၀ ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

# ကျောက်ပန်းတောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာအုပ်စု လက်ပံပျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာအတွင်းရှိ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၁၆ ရက်က နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မှတ်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်က လက်ပံပျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၁၅ ဦးတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်က ကျေးရွာအတွင်းမှ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူ ၃၇ ဦးတို့ကိုလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လက်ပံပျားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးသောင်းလွင်နှင့် ကျေးရွာအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေအောင်**


**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)**
**တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့**

## (၂/၂၀၁၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ကုန်-မြိတ်လမ်း (ထား၀ယ်-မလွှတောင်)အပိုင်းတွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | ဘိလပ်မြေ | ၁၆၀၁ တန် | |
| ၂။ | သံချောင်းရွယ်စုံ | ၁၆၅ တန် | |
| ၃။ | ခွဲကျောက်ရွယ်စုံ | ၅၅၈၀၀ ကျင်း | |
| ၄။ | (၆"×၉")ကျောက်ကြီး | ၈၁၂၉ ကျင်း | |
| ၅။ | မြစ်ကျောက်စရစ် | ၁၇၈ ကျင်း | |
| ၆။ | မြစ်သဲ | ၄၄၁၀ ကျင်း | |
| ၇။ | အုတ် | ၂၀၆၂၇၀ ချပ် | |
| ၈။ | တောသစ် | ၂၄၉ တန် | |
| ၉။ | သစ်မာ | ၂၉ တန် | |
| ၁၀။ | ထုံးအိတ် | ၃၃၄၃၆ အိတ် | |
| ၁၁။ | Guard Rail | ၅ မိုင် | |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၉-၂၀၁၄ ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁-၁၀-၂၀၁၄ ရက်၊ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂-၁၀-၂၀၁၄ရက်၊ နံနက် ၉း၀၀နာရီ
**နေရာ** - အမှတ်(၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့(၁၆)ရုံး၊ ထား၀ယ်မြို့

အသေးစိတ်သိလိုပါက ဖုန်း-၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရေးကော်မတီ**

**ဖောင်းကြွနံပါတ်ပြားပျောက်ကျွလ်ကထားခြင်း**

ယာဉ်အမှတ် 6F-8327 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမှတ်၊ -၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၅**

ဦးနေသူရိန် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးအိုး၇) အမှတ်(၂၅၀/၂၅၁)၊ စုပေါင်း ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

**နှင့်**

၁။ ဒေါ်ယဉ်ယဉ်ချို အမှတ်(၃၄/၁၃၂၈) လောပိတလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

၂။ ဒေါ်ချိုနှင်းကျူးရှင် အမှတ်(၁၇၆)၊ နီလာ(၁)လမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။

**တရားလို**

**တရားပြိုင်များ**
(ယခုနေရပ်လိပ်စာမသိ)

သင့်အပေါ်၌ တရားလိုက မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု ခွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုမွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကစွပ်စွဲသည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မိမိအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် သတ္တမတန်း(A)တွင် ပညာသင်ကြား နေသော မမျိုးပပ၏ ဖခင်အမည်မှန်မှာ ဦးထွန်း၀င်း ၈/နမန(နိုင်)၀၆၄၆၅၀ ဖြစ်ပါကြောင်း။

**ဦးထွန်း၀င်း**

## အမည်ပြောင်း

အထက(၂) မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်း) တက္ကသိုလ်ဝင်တန်း(က)မှ မအေးသျှင်မိုးအား မအေးအုံသုသျှင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆/D၊ မြေကွက်အမှတ်-၈၁/၂၊ ဧရိယာ ၀ဒသမ ၃၃၅၈၊ မြေပိုင်မြေ၊ မြေကွက်တည်နေရာအမှတ်-၄၀/A၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေအမည်ပေါက် ဒေါ်မြမြသွင်၊ ဒေါ်သင်းသင်းလွင်မြေအားအပြီးအပိုင်စွန့်လွှတ်စာချုပ်-၄၀၁/၄-၇-၈၁၊ အမှားပြင်စာချုပ်-၄၉၇၃/၁၈-၁၂-၂၀၁၃၊ မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်- ၁၁၇၅/၁၂-၃-၂၀၁၄၊ အမှားပြင်စာချုပ်-၄၅၇၁/၆-၈-၂၀၁၄ ပိုင်ဆိုင်သူ ဦးဗိုလ်အေးမြင့် ၁၂/ဟသတ(နိုင်)၀၁၄၆၅၆နှင့် ဒေါ်ခင်ထားမင်း ၁၂/မဂတ(နိုင်)၀၁၂၉၃၀၇၄ အမည်ပေါက်စာချုပ်အမှတ်-၁၀၅၈/၃၁-၁၂-၇၁ လက်ခံအမှတ်တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများ တင်ပြ၍ ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဇာတ်ကြောင်း

# မြိတ်ကျွန်းစုဒေသထွက် ခရုအိုးစုပ်များ တရုတ်နိုင်ငံမှအဝယ်လိုက်သဖြင့် ဈေးကောင်းရ

**မြိတ် စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ၎င်း၊ ပုစွန်စသည့် ရေထွက်ကုန်ပစ္စည်းများအပြင် အခြားရေထွက်ကုန်များကိုလည်း ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ဖြစ်သော ထိုင်း၊ မလေးရှား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့အထိ တင်ပို့လျက်ရှိရာ မြိတ်ကျွန်းစုဒေသထွက် ပင်လယ်စာတစ်မျိုးဖြစ်သော ခရုအိုးစုပ်များကို တရုတ်နိုင်ငံမှဝယ်ယူမှုကြောင့် ဈေးကောင်းရနေကြောင်း ခရုအိုးစုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ခရုအိုးစုပ်များကို ယခင်ကထိုင်းနိုင်ငံသို့တင်ပို့ခဲ့ကြသော်လည်း ယခုနှစ်တွင် တရုတ်နိုင်ငံမှ ကိုယ်စားလှယ်များသည် ရန်ကုန်မှတစ်ဆင့် မြိတ်မြို့အထိ လာရောက်ကာ ဈေးကောင်းပေး၍ ဝယ်ယူကြောင်း ခရုအိုးစုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ကိုမောင်မျိုးထံမှ သိရသည်။ "ခရုအိုးစုပ်တစ်ပြည်ကို ငွေကျပ် ၄၀၀၀ နှုန်းနဲ့ ခရုအိုးစုပ်ကောက်သူတွေဆီက ဝယ်ယူပြီး ပြည်ပဈေးကွက်ကို ပြန်ရောင်းတော့ ကီလိုနဲ့ချိန်တွယ်ပြီး ရောင်းရတယ်။ တစ်ပြည်မှာ နှစ်ကီလိုရှိတယ်။ အရင်က ထိုင်းကိုတင်ပို့တာ တစ်ကီလိုကို ငွေကျပ် ၁၅၀၀ လောက်ပဲရပြီး အခုတရုတ်နိုင်ငံက တစ်ကီလိုကို ငွေကျပ် ၂၅၀၀ ကနေ ၃၀၀၀ အထိ ဈေးကောင်းပေးဝယ်နေတယ်"ဟု ကိုမောင်မျိုးက ပြောသည်။ "မြိတ်ဒေသခံတွေကလည်း ခရုအိုးစုပ်ကို ကြိုက်တဲ့သူများတယ်။ စားသောက်ဆိုင်တိုင်း ခရုအိုးစုပ်ဟင်းရောင်းကြတယ်။ အဲဒါကြောင့် ပင်လယ်စာ ဈေးကွက်မှာ ခရုအိုးစုပ်လည်း ဈေးကောင်းရလာတာဖြစ်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ပြည်တွင်းဈေးကွက်သာမက ပြည်ပတရုတ်နိုင်ငံဈေးကွက်တွင်ပါ လူကြိုက်များသဖြင့် ခရုအိုးစုပ်များ ဈေးကောင်းရခြင်းဖြစ်ကြောင်း သိရသည်။

ခရုအိုးစုပ်များကို ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့မှ ဝယ်ယူပြီး တရုတ်နိုင်ငံမှ ဝယ်ယူမှုမှာ အများဆုံးဖြစ်ကြောင်း မြိတ်မြို့ အင်းလေးကမ်းရပ်ရှိ ခရုအိုးစုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ခရုအိုးစုပ်များကို ကျွန်းစုမြို့နယ် ပင်လယ်ပြင်အနီးတစ်ဝိုက်နှင့် ကျွန်းရွာများတွင် သဘာဝအလျောက် ပင်လယ်ရေကျချိန်တွင် ဒီရေတောများအတွင်း စက်လေ့များဖြင့် လိုက်လံကောက်ယူရကြောင်းနှင့် ယခုကဲ့သို့ ဈေးကောင်းရလာသဖြင့် ခရုကောက်သူများ ဝင်ငွေပိုရလာကြောင်း ကျွန်းစုမြို့နယ်အတွင်းရှိ ပင်လယ်ရွာများမှ ခရုအိုးစုပ်လာရောင်းသူတစ်ဦးထံမှ သိရသည်။

**နိုးဟိန်း(မြိတ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြု

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၁၄ ခုနှစ် အောင်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာနခွဲ စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) မှ တပ်ဖွဲ့ဝင် ၁၀ ဦးက သွေးလှူဒါန်းပြီး ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်)မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း ၂၅၀ က စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ်ဘားအံမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀၀၊ အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၀၀ နှင့် ဆေးရုံဝန်ထမ်း ၂၀ တို့က ပေါင်းမြက်များ၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်း၊ အမှိုက်နှင့် မြေစာများကို ဖယ်ရှားခြင်း၊ ဆေးရုံသုံး စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မီးရှို့ခြင်း၊ အများသုံးသန့်စင်ခန်းများကို ဆေးကြောခြင်း တို့ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယင်းနေ့နံနက် ၇နာရီခွဲမှ နံနက် ၁၀ နာရီအထိ မန္တလေးတိုင်းဒေသကြီး ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ တပ်ဖွဲ့ဝင် ၁၅၆ ဦး၊ ဒုတိယ ရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၇၈/၂၀၁၃) မှ သင်တန်းသား ၂၉၃ ဦး၊ အမှုစစ်အရာရှိ သင်တန်းအမှတ်စဉ် (၇၉/၂၀၁၄) မှ သင်တန်းသား သင်တန်းသူ ၃၁၁ဦး စုစုပေါင်း ၇၆၀တို့က ပြင်ဦးလွင် မြို့နယ် ဇီးပင်ကြီးကျေးရွာ ခုတင် ၅၀ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ချုံနွယ်နှင့်မြက်များ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ကိုရဲ)**



**ပေးအပ်လှူဒါန်း**

**တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအခြေခံပညာ မူလတန်းကျောင်းသို့ စက်တင်ဘာ၁၇ရက်က နေပြည်တော် သတင်းစာတိုက်မှ အလှူရှင်ကို တင်လင်းအောင်နှင့် စေတနာရှင်များက ကျောင်းသားကျောင်းသူ ၁၄၂ ဦးကို တစ်ဦးလျှင် ဗလာစာအုပ်ငါးအုပ်နှင့်ခဲတံသုံးချောင်း နှုန်း ပေးအပ်လှူဒါန်းရာ ကလေးငယ်များက လက်ခံယူစဉ်။** ထင်လင်း

# မော်လမြိုင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မော်လမြိုင် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေမြိုင်သိရိရပ်ကွက် ဇေယျာအောင်မြေ ဘုန်းတော်ကြီးကျောင်း၌ မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေးခြင်းကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စက်တင်ဘာ ၁၂ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးကိုကိုလတ်၊ မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်သာနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်လဲလှယ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသူများအား အသစ်ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ရပ်ကွက်ပြည်သူ ၅၀၀ ကျော်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သိန်းလှိုင်(မော်လမြိုင်)**

# မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၈**

တောင်ကြီးခရိုင် တောင်ကြီးမြို့တွင် မြို့နယ်အဆင့် (၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းမြင့်နှင့် ဒိုင်ချုပ်ဦးထွန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက အမှာစကားပြောကြားကာ ဒိုင်ချုပ်ဦးထွန်းအေးက အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ အဆိုပြိုင်ပွဲ ၁၄ ဦး၊ အကပြိုင်ပွဲ သုံးဦး၊ အတီးပြိုင်ပွဲ နှစ်ဦးနှင့် ကဗျာလွတ်ယိမ်း(အမျိုးသမီး) ပြိုင်ပွဲအဖွဲ့ဝင် ရှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင်ပါဝင်သော ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပွဲ ကျောက်ဆည်ဇန် ပြိုင်ပွဲများကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၀ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျောက်ဆည်ဇုန်ပွဲစဉ်များကို ကျောက်ဆည်မြို့ ပြည်သူ့အားကစားကွင်း၌ စက်တင်ဘာ ၁၄ ရက်က စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့ ပြည်သူ့အားကစားကွင်း၌ အုပ်စု(၇)တွင် ပါဝင်သော ရခိုင်ပြည်နယ်အသင်း၊ ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့၏ အုပ်စုပွဲစဉ်များအားလုံးကို ကျင်းပသွားမည်ဟု သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**


## (၂၄)ကြိမ်မြောက် ပေါင်းတည် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ပေါင်းတည် အထက၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၇ရက် (သောကြာနေ့)တွင် အထက ပညာရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူဟောင်းများမှ ပါဝင်ဆင်နွှဲပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ရပ်ဝေး/ရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ငွေအား၊ လူအား အကြံဉာဏ်အားများဖြင့် ပူးပေါင်းပါဝင်ပေးကြပါရန်နှင့် ပူဇော်ပွဲနှင့်ပတ်သက်၍ အောက်ဖော်ပြပါ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်-**

၁။ ဦးကျော်ဇင် ၂လမ်း၊ ဖုန်း-၀၉-၅၃၇၆၁၂၇
၂။ ဦးအောင်မြင့် ၁၅လမ်း၊ ဖုန်း-၀၉-၅၃၁၂၆၂၉
၃။ ဦးရွှေတိုး ၈လမ်း၊ ဖုန်း-၀၉-၄၂၇၀၃၅၅၃
၄။ ဦးမင်းမင်းသိုက် ၁၅လမ်း၊ ဖုန်း-၀၉-၄၃၀၁၅၄၃၄
၅။ ဦးမျိုးနိုင်(ခ)ဦးအပိုဖို၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၅၁၆၆၂
၆။ ဦးသန်းစိုး ၃၉လမ်း၊ ဖုန်း-၀၉-၂၅၀၂၈၀၆၈



## အများသိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/နော်၊ မြေကွက်အမှတ် ၃၅(အေ-ခ) ဧရိယာစတုရန်းပေ ၁၅၆၀ ရှိ နှစ် ၆၀ ဂုန်းမြေကွက်သည် ဒေါ်ချစ်အေး MOG-001295 ၏ အမည်ပေါက်တည်ရှိပါသည်။ အဆိုပါမြေကွက်သည် ဦးကျော်ဇောထွန်း ၁၂/သကတ(နိုင်)၁၃၁၀၇၃နှင့် အစ်မ ဒေါ်သန်းသန်းဆင့်တို့၏ အမွေဆက်ခံရိုင်ခွင့်ရှိသော မြေကွက်ဖြစ်ပြီး ဦးကျော်ဇောထွန်းနှင့် ဒေါ်သန်းသန်းဆင့်တို့၏ သဘောတူညီချက်မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းဂုဏ်ရမ်းခြင်းလဲလှယ်ခြင်းပေးကမ်းစွန့်လွှတ်အပြည့်ပြောင်းခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ဦးကျော်ဇောထွန်း၏ညွှန်ကြားချက်အရ-**

**ဦးထွန်းအောင် (စဉ်-၃၂၃၈) ဒေါ်နန်းစန္ဒာဝင်း ဒေါ်စီစီမြင့်အောင်**
**တရားလွှတ်တော်ရှေ့နေ (အထက်တန်းရှေ့နေများ၊ စဉ်-၂၆၉၇/၃၈၇၉၉)**
**အခန်း အီး(၆)၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ အထက်မန္တလေးလမ်း၊ လမ်းသွယ် ၂လမ်း၊ အမှတ် ၂၀ဟုခေါ်တွင်သော (၂၅×၅၀)ပေ အကျယ်အဝန်းရှိ မြေနှင့်အဆောက်အအုံပါ အကျိုးခံစားခွင့်အရပ်ရပ်မှာ မြို့မြေစာရင်းနှင့်မြေဂရန်တွင် Moono Swamy အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ၄င်းကွယ်လွန်သည့်အခါ မိသားစုဧလေ့ထုံးတမ်း ဥပဒေအရ သားများဖြစ်သော ဦးမန်းနီး ၁၂/မဂတ(နိုင်)၀၈၅၀၁၀နှင့် ဦးဘဘူကြီး ၁၂/မဂတ(နိုင်)၀၈၅၀၁၀တို့က အမွေဆက်ခံ အကျိုးခံစားခွင့်ရှိသူများဖြစ်ပါသည်။

အဆိုပါမြေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံသူသားနှစ်ဦး၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ စွန့်လွှတ်၊ လှူဒါန်းပေးကမ်းခြင်းမပြုရန် တားမြစ်လိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဆုပြည့်နုံ** **ဒေါ်ခင်သန်းအေး**
**MBA(AWU), LL.B, D.S.M** **B.Com, H.G.P, R.L**
**D.L.P, WIPO(Switzerland)** **DLP, WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၇၇၁)** **တရားလွှတ်တော်ရှေ့နေ(၆၀၉၅)**
**အမှတ် ၄၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ်(၈၈၄/က)၊ အကျယ်အဝန်းပေ(၂၀×၆၀)ဟုခေါ်တွင်သော မြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ၂၇-၉-၂၀၁၄ရက်တွင် အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူ အကျိုးခံစားခွင့်များ ရှိသူများ ရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား၊ စာချုပ်မူရင်းအထောက်အထား၊ တရားဝင်စာရွက်စာတမ်း အထောက်အထားများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမင်းသိန်း LL.B**
**အထက်တန်းရှေ့နေ**
**စဉ်-၃၁၅၈၃**
**ဖုန်း-၀၉-၄၂၀၀၃၇၃၁၉၊ ၀၉-၄၂၀၇၆၂၄၈၁**



## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မသဇင်လှိုင် (ဘ) ဦးဝင်းလှိုင်၊ (သ) ၂၂ နှစ်၊ ၃/မဝတ(နိုင်)၀၅၃၂၇သည် နေအိမ်မှ မိမိဆန္ဒအလျောက် ရွှေငွေစွယ်စုစုပေါင်း ကျပ်သိန်းနှစ်ဆယ်ကျော်ကို ယူဆောင်၍ ၁၈-၈-၂၀၁၄ရက်တွင် ထွက်ပြေးသွားသည်။ ယခင်ကလည်း ၂၀၁၂ခုနှစ် ၈ လပိုင်းတွင် တစ်ကြိမ်၊ ၂၀၁၃ခုနှစ် ၁၀ လပိုင်းတွင် တစ်ကြိမ်၊ ယခုတစ်ကြိမ် စုစုပေါင်း သုံးကြိမ်ရှိနေပြီဖြစ်သောကြောင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ လုံး၀(လုံး၀)စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စရပ်အ၀ဝကို တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**အောင်အောင်**
**၃/မဝတ(နိုင်)၀၅၃၂၁၆**
**(ကား၀င်းဟောင်း)၊ ကျွန်းတစ်ပင်ကျေးရွာ၊**
**အမှတ်(၅)ရပ်ကွက်၊ မြ၀တီမြို့နယ်**



**ဖခင် အမည်မှန်**

မုံရွာမြို့၊ ဘုန်းဘွဲ့ရာ အလက၊ ဆဋ္ဌမတန်းမှ မအေးမြတ်သူ ဝက်လက်မြို့နယ်၊ မိဘိဌလာကျေးရွာ အမက၊ ဒုတိယတန်းမှ မအေးမြတ်မွန်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးမောင် ဖြစ်ပါသည်။ **ဦးမျိုးမောင်**

## ရပ်ကွက်ဧရိယာနှင့်စီးပွားရေးကြော်ငြာ

မန္တလေးမြို့၊ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅) ကြိမ်မြောက် ကျောက်စိမ်းရတုအထိမ်းအမှတ် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲကို ၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့၊ ၈-၁၀-၂၀၁၄ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများနှင့် ငယ်သူငယ်ချင်းအပေါင်းတို့ မပျက်မကွက်တက်ရောက် ဂါရဝပြုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မြို့နှင့်ရပ်နီးရပ်ဝေးမြို့နယ်များမှ အလှူငွေများကို လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ၁။ ဥက္ကဋ္ဌ | ဦးအေးအေး(ဓာတု) ဖုန်း-၀၉-၂၀၁၂၈၅၅ |
| ၂။ ဘဏ္ဍာရေးမှူး | ဦးမြင့်မောင်(ပြည့်စုံ) ဖုန်း-၀၉-၂၀၀၅၃၁၅ |
| ၃။ အဝေးရောက်အမှုဆောင် | ဦးသိန်းဌေး ဖုန်း-၀၉-၄၃၁၇၆၂၄၃ |
| ၄။ အဝေးရောက်အမှုဆောင် | ဦးတင်လှ(တောင်မြို့) ဖုန်း-၀၉-၅၁၉၆၄၁၀ |
| ၅။ မြို့နယ်မှူး (ပန်းဘဲတန်းမြို့နယ်၊ ရဲတပ်ဖွဲ့) | ဦးခင်မောင်ထွေး ဖုန်း-၀၁-၃၁၃၃၇၊ ဖုန်း-၀၉-၃၁၃၃၈၂၂ |

မှတ်ချက်။ ရာသက်ပန်ငွေပဒေသာပင် စိုက်ထူလှူဒါန်းငွေကျပ် သိန်း ၁၀၀၀/ကျော်လွန် ရရှိနေပြီဖြစ်ပါသည်။

## ရုပ်ရှင်ဗီဒီယိုလောကသားများ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နှစ်စဉ်ကျင်းပသည့် မြန်မာ့ရုပ်ရှင်နေ့နှင့် (၅၁)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၃ရက် (တနလ်ာနေ့) နံနက် ၉း၀၀နာရီ အမှတ် ၁၆၊၀က်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသဖြင့် ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ စုံစုံညီညီတက်ရောက်နိုင်ကြရန် ဖိတ်ကြားအပ်ပါသည်။ ဇာတ်ကားရိုက်ကူးရေးများကို မွန်းတည့် ၁း၀၀နာရီမှ ရိုက်ကူးကြပါရန် မေတ္တာရပ်ခံပါသည်။

(၅၁)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများ၊ ဆေးပစ္စည်းများကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လှူဒါန်းနိုင်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

၁၉၈၅-၉၂ စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်း သူငယ်ချင်းတို့ရေ-အမိတက္ကသိုလ်ကြီးရဲ့ ရွှေရတုပွဲကို ဆင်နွဲကြရင်း တို့တစ်တွေရဲ့ တတိယအကြိမ်မြောက် မိတ်ဆုံညစာစားပွဲကို အောက်တိုဘာ ၃၁ရက် (သောကြာနေ့) ညနေ ၆နာရီ အင်းလျားကန်စောင်းက ရွှေရှမ်းကန်မှာ ကျင်းပမှာဖြစ်လို့ ပါဝင်ဆင်နွဲ ကြဖို့ တိုက်တွန်းဖိတ်ကြားလိုက်ပါတယ်။ လက်မှတ်များကို အောက်ပါသူငယ်ချင်းများဆီမှာ ဆက်သွယ်ဝယ်ယူနိုင်ပါတ်ဦ။

| | | | |
|---|---|---|---|
| ၁။ ဝင်းတင့် | ဖုန်း-၀၉-၄၂၁၀၄၅၁၀၂၆ | ၉။ မိမိအောင် | ဖုန်း-၀၉-၅၁၂၈၉၁၆ |
| ၂။ အောင်နိုင်မိုး | ဖုန်း-၀၉-၄၃၁၂၆၁၆၄ | ၁၀။ မေသက်ဝင်း | ဖုန်း-၀၉-၄၃၀၀၄၄၀၀၄ |
| ၃။ ဝင်းကြိုင် | ဖုန်း-၀၉-၈၅၀၁၇၄၂ | ၁၁။ အေးအေးသန်း | ဖုန်း-၀၉-၅၁၆၂၄၁၄ |
| ၄။ အောင်နိုင်မောင်မောင် | ဖုန်း-၀၉-၅၄၀၀၂၁၁ | ၁၂။ မို့မို့လွင် | ဖုန်း-၀၉-၅၀၈၇၆၄၄ |
| ၅။ စိုင်းအောင်နိုင် | ဖုန်း-၀၉-၅၀၀၄၀၆၃ | ၁၃။ လွင်လွင်ကြည် | ဖုန်း-၀၉-၅၀၄၆၇၄၀ |
| ၆။ မြင့်သူ | ဖုန်း-၀၉-၅၀၁၆၂၆၃ | ၁၄။ သီတာအောင် | ဖုန်း-၀၉-၈၅၅၂၈၅ |
| ၇။ အေးအေးမာ | ဖုန်း-၀၉-၅၂၈၁၂၅၈ | ၁၅။ နီလာသိန်း | ဖုန်း-၀၉-၇၃၀၂၆၇၄၉ |
| ၈။ မိုးပပ | ဖုန်း-၀၉-၇၃၀၀၉၃၈၃ | ၁၆။ သီသီခင် | ဖုန်း-၀၉-၇၃၁၂၈၃၁၀ |

**ပျောက်ဆုံးကြောင်း**

ကျွန်မဒေါ်သန်းသန်းဆွေ၏ ၁၂/တမန(နိုင်)၁၅၁၉၀ အရေးကြီးစာရွက်စာတမ်းများပါရှိသော ဖိုင်တစ်ခု Taxi အငှားယာဉ်(မမှတ်မိ)ပေါ်တွင် မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၄၁၃၈**

## တေဇ(၁၂)မှ သူငယ်ချင်းများသို့

သင်တန်းဆင်း(၂၉)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျဆုံး၊ ကွယ်လွန်သွားသော သူငယ်ချင်းများအားရည်စူး၍ အလှူဒါနများပြုလုပ်ပြီး သူငယ်ချင်းမိသားစုများ ခင်မင်ရင်းနှီးစွာတွေ့ဆုံမည့်မိတ်ဆုံစားပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ မိသားစုဝင်များနှင့်အတူ (ကျဆုံးကွယ်လွန်သွားခဲ့ပြီးဖြစ်သော သူငယ်ချင်းများ၏ မိသားစုဝင်များပါ) မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| အလှူဒါနပြုလုပ်မည့်အစီအစဉ် | မိတ်ဆုံစားပွဲပြုလုပ်မည့်အစီအစဉ် |
|---|---|
| (ရန်ကုန်မြို့) | |
| နေ့ရက် - ၂၀-၉-၂၀၁၄ ရက် (စနေနေ့) | ၂၀-၉-၂၀၁၄ ရက်(စနေနေ့) |
| အချိန် - နံနက် ၉ နာရီ | ညနေ ၆ နာရီ |
| နေရာ - မမွေစေတီစာသင်တိုက်၊ရှင်စောပုလမ်း၊ မြေနီကုန်းကားရပ်နားစခန်းရှေ့ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | M3 Food Center ဗဟန်းအားကစားကွင်းအနီး |
| (မန္တလေးမြို့) | |
| နေ့ရက် - ၂၀-၉-၂၀၁၄ရက် (စနေနေ့) | ၂၀-၉-၂၀၁၄ ရက် (စနေနေ့) |
| အချိန် - မွန်းလွဲ ၂း၃၀ နာရီ | ညနေ ၆း၃၀ နာရီ |
| နေရာ - မန္တလေးတောင်ခြေ ဘိုးဘွားရိပ်သာ | ရွှေဘဲစားသောက်ဆိုင်(မန္တလေး) |

(၂၀-၉-၂၀၁၄ ရက် နံနက် ၆း၃၀နာရီတွင် မန္တလေးမြို့ ရောဝဲခွန်တောင် ဂေါက်ကွင်း၌ လျှပ်တပြက် ဂေါက်ရိုက်ပွဲ ပြုလုပ်ပါမည်)

**လှူမှုရေးကော်မတီ**

## ရန်ကုန်တက္ကသိုလ်သတ္တဗေဒ အဓိကဘာသာရပ် ရွှေရတုအထိမ်းအမှတ် ကျင်းပမည်

"ရန်ကုန်တက္ကသိုလ် သတ္တဗေဒအဓိက (ပင်မ၊ လွှင်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ လုပ်သားများကောလိပ်)ကျောင်းသား/သူဟောင်းများအသင်း"မှ ကြီးမှူး ကျင်းပမည့် ရန်ကုန်တက္ကသိုလ် သတ္တဗေဒအဓိကဘာသာရပ်၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်း၊ ရွှေရတုသက်ကြီး အာစရိယပူဇော်ပွဲကျင်းပခြင်း၊ ရွှေရတုမိတ်ဆုံညစာစားပွဲ ကျင်းပခြင်းတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၀ရက်၊ ၁၁ရက်တို့တွင် ကျင်းပပြုလုပ်ရန် စီစဉ်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ရန်ကုန်တက္ကသိုလ်သတ္တဗေဒအဓိက ကျောင်းသား/သူဟောင်းများအသင်း"အနေဖြင့် ၂၈-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ "ရွှေမန်းကျောင်းတိုက်"၌ ကျင်းပပြုလုပ်မည့် "ရွှေရတုကျင်းပရေးအစည်းအဝေး"သို့ ကျောင်းသား/သူဟောင်းများ တက်ရောက်ဆွေးနွေးကြပါရန် ဖိတ်ခေါ်ပါသည်။

အလှူငွေထည့်ဝင်လိုသူများသည် အလှူခံဖြတ်ပိုင်းစာအုပ်ထုတ်ယူထားသော ကျောင်းသား/သူဟောင်းများထံ အလှူငွေများထည့်ဝင်၍ ဖိတ်ကြားစာများကို ရယူနိုင်ကြပါသည်။

ဆက်သွယ်လိုပါက ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၀၉-၄၂၁၀၇၈၅၆၁၊ ဆရာမဒေါ်တင်စိုး ဖုန်း-၀၉-၅၀၃၂၂၀၅၅၊ ဦးကျော် ၀၉-၅၁၉၃၀၂၇၊ ဦးသိန်းထွန်း ဖုန်း-၀၉-၄၃၀၈၄၄၉၊ ဦးချစ်ကိုကို ဖုန်း-၀၉-၅၀၀၄၁၄၄၊ ဦးစောဝင်း ဖုန်း-၀၉-၃၁၅၈၈၆၆၊ ဦးမောရစ် ဖုန်း-၀၉-၄၂၀၀၉၉၅၆၆ တို့သို့ ဆက်သွယ်နိုင်ပါသည်။

**ကျင်းပရေးအဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၈-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၁)ပါ တောင်ပိုင်း ကလေးနယ်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ (Southern Kalay Valley Baptist Association) တံဆိပ်အမှတ်အသားအား အောက်ဖော်ပြပါတံဆိပ်အမှတ်အသားဖြင့် ပြင်ဆင်ဖတ်ရှုပါရန်-



၁၂-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာကဏ္ဍ၊ စာမျက်နှာ (၁)ပါ မြောက်ပိုင်း ကလေးနယ်နှစ်ခြင်းခရစ်ယာန်အဖွဲ့ (Northern Kalay Valley Baptist Association) တံဆိပ်အမှတ်အသားအား အောက်ဖော်ပြပါ တံဆိပ်အမှတ်အသားဖြင့် ပြင်ဆင်ဖတ်ရှုပါရန်-



**ဦးဂင်ခန်ကပ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၀၁)**
**အမှတ်(၁၈)၊ နယ်မြေ (၂)၊ တပ်ဦးသီတာရပ်ကွက်၊**
**ကလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၂၊ ၇ ရပ်ကွက်၊ ခိုင်စံပယ်လမ်း၊ အမှတ် ၁၂၇/ခ၊ မြေအကျယ်အဝန်း (၂၃ပေ×၀၆၀)၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာအိမ် မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ခင်နု(ဘ)ဦးဖိုးမျိုင် ၁၂/လသယ(နိုင်)၀၁၁၇၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြိုင်(ဘ) ဦးချစ် ၁၄/ဘကလ(နိုင်)၁၃၇၅၀၃ က ၀၆ယူနှစ် စနှစ်ထွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအ၀ယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်မေနင်းဦး** — **ဦးမင်းကိုလွင်**
**အထက်တန်းရှေ့နေ(စဉ်-၃၂၉၀၉)** — **အထက်တန်းရှေ့နေ (စဉ်-၄၁၄၂၈)**
**ဖုန်း-၀၉-၄၂၅၃၀၄၉၃၄၊ ၀၉-၄၂၀၁၂၄၃၄၄**
**အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၄[3]၊ မြေကွက်အမှတ်-၁၅၆၊ မြေကွက်တည်နေရာအမှတ်-၉၊ ကြိခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်စိန်စိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန်နှင့် ခင်ပွန်းဦးထွန်းလှိုင် ကွယ်လွန်သဖြင့် ဦးစန်းယု ၁၂/စခန(နိုင်)၀၁၅၆၂၂ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-အနော်မာ)၊ မြေကွက်အမှတ် (၃၄၆-ခ)၊ မြေကွက်တည်နေရာအမှတ် (၃၄၆/ခ)၊ မြို့တက်လမ်း၊ ၁-အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ကြည်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်(မိခင်)နှင့် ဦးကျော်ခင်(ဖခင်) တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးထွန်းထွန်းသိန်း ၁၂/သကတ(နိုင်)၁၈၉၆၄၆ မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ရ၃၆၊ မြေကွက်တည်နေရာအမှတ် ရ၃၆၊ ကျွန်းရွေမြို့လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးတင်ရိန် LPN-၀၁၃၁၄၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ရိန်နှင့်ဇနီး ဒေါ်ကျင်မြတို့ ကွယ်လွန်သဖြင့် သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ဖခင်၊ မိခင်သေစာရင်းတင်ပြ၍ ဦးခင်မောင်၀င်း ၁၂/မရက(နိုင်)၀၁၁၈၅၆၊ ဒေါ်ခင်စန်းမော် ၁၂/မဂတ(နိုင်)၀၁၁၈၅၁၊ ဒေါ်ခင်မာထွေး ၁၂/မဂတ(နိုင်)၀၁၃၂၂၀၂၊ ဒေါ်ခင်စန်း၀င်း ၁၂/သဃက(နိုင်)၀၂၂၇၇၇၊ ဒေါ်လှမြင့် ၁၂/ဒဂတ(နိုင်)၀၁၂၂၄၄၇၆ တို့၏ G.P ၂၀၂၉၉/၂၉-၇-၁၄ရသူ ဦးဆက်မြင့်မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအ၀ယ်မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၇၄၉/က၊ မြေကွက်တည်နေရာ (၇၄၉/က)၊ ၀ရုဏာ(၇)လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်တင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် (ဒေါ်တင်နှင်ခင်မွန်းဦးမြသင်း) တို့ ကွယ်လွန်သဖြင့် ဦးစိန်မြင့် ၁၂/ဥကတ(နိုင်)၀၆၇၀၆၈၊ ဦးမြင့်စိုး ၁၂/ဥကတ(နိုင်)၀၆၀၆၁၅၊ ဦး၀င်းဖေ ၁၂/ဥကတ(နိုင်)၀၆၀၆၂၉၊ ဦးမောင်မောင် ၁၂/ကမရ(နိုင်)၀၁၅၀၄ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းတို့အားလုံး ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၆၇၆(၃၀-၆-၁၄)ဖြင့် ရသူ ဦးအောင်ဇံမြဲအေး ၁၄/ရကန(နိုင်)၀၁၃၉၅၂၂၀ ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါ၀ါမရှုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၇၂၉ (၁၅-၇-၁၄)တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီးပွားရေးနှင့် ရပ်မှုရေးကြော်ငြာ

### ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၊ ခေါ်ဇာမြို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် ထပ်မံလိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၁၉-၉-၂၀၁၄ရက် (သောကြာနေ့)
(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါ်ဇာမြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၃-၁၀-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၀ နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့

**တင်ဒါစီစစ်ရေးကော်မတီ**
ဖုန်း-၀၅၇-၂၃၅၈၇

### ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ထပ်မံလိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၁၉-၉-၂၀၁၄ ရက် (သောကြာနေ့)
(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၁၀-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၃-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက်၁၀ နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့

**တင်ဒါစီစစ်ရေးကော်မတီ**
ဖုန်း-၀၅၇-၂၄၅၈၄

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

**သထုံခရိုင်တရားရုံး**

**၂၀၁၄ ခုနှစ်၊ တရားမစာရင်းမှုအမှတ်-၃**

**(သထုံခရိုင်တရားရုံး၏ ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၆ နှင့် မွန်ပြည်နယ် တရားလွှတ်တော်၏ ၂၀၁၃ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၃၁ တို့မှ ရရှိသည့်အနိုင်ဒီကရီအပေါ် လျှောက်ထားမှု)**

ဦးတင်ဝင်း နှင့် ဦးဝင်းနိုင်
**တရားနိုင်** **တရားရှုံး**

ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ ဘူတာလမ်းသွယ်၊ အိမ်အမှတ် ၃၅၁ ဧရာ ဦးဝင်းနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ မွန်ပြည်နယ် တရားလွှတ်တော်၏ ၂၀၁၃ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၃၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးတင်ဝင်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အဆိုပါဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြဋ္ဌာန်းဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်တင်ပြထုချေစေ။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဇေယျာတင့်ညို**
**ဒုတိယခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ထားဝယ်မြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

| | | |
|---|---|---|
| ၁။ ခေါ်ခိုင်လှလှဦး | နှင့် | ၁။ မသီတာမျိုး |
| ၂။ ဦးထင်အောင် | | ၂။ ဦးမျိုးသန်းဦး |
| ၃။ ဦးသန်းထိုက် | | ၃။ ဦးမျိုးမြင့် |
| **တရားလိုများ** | | **တရားပြိုင်များ** |

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်ကွက်၊ ဈေးတောင်ဘက်လမ်း၊ အမှတ် ၁၁၂ရေ (၂)တရားပြိုင် ဦးမျိုးသန်းဦး၊ (၃)တရားပြိုင်ဦးမျိုးမြင့်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ-၁၂ (၁)(က) ပထမပိုင်း၊ ဌာနရမ်းခမပေးရ၍ အိမ်ငှားကိုဥပဒေအမှု နှင်ထုတ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုမွဲဆိုချက်ကို ထုချေရှုင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအခွင့်ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ထွန်းလင်း**
**မြို့နယ်တရားသူကြီး**
**ထားဝယ်မြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ မြဟာရိုးကွက်သစ်(၁)၊ ၁၆လမ်း၊ အမှတ်(၅၄၇)၊ ၅၄၈၊ ၅၄၉) ခြံမြေအား ဦးတင်အေး ၁၂/ခရန(နိုင်)၀၀၅၅၆၆ မှ ၂-၆-၂၀၁၃ ရက်တွင် ဦးသန်းအောင်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက ဥပဒေအတိုင်း ပိုင်ဆိုင်မှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်အေး၏လွဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(သန်လျင်)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

### ဗိုလ်ချုပ်ဇေယျကျော်ထင် တင်ထွန်း ကွယ်လွန်ခြင်း (၇)နှစ်ပြည့်

**၁၉-၉-၂၀၁၄**

အဆွေခင်ပွန်းကောင်းရှိခြင်း **ကလျာဏမိတ္တတာ** တရားသည်များစွာ အကျိုးရှိခြင်းငှာဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှာဖြစ်သော အခြားတစ်ခုသော တရားကိုမျှလည်း ငါဘုရားမြင်တော်မမူ။ ရဟန်းတို့ အဆွေခင်ပွန်းကောင်းရှိခြင်းသည် များစွာအကျိုးရှိခြင်းငှာဖြစ်၏။

**(အင်္ဂုတ္တိရ်-ဇကနိပါတ်-ပမာဒါဒိဝဂ္ဂ)**

ပြုမြဲ-ပြုဆဲ ကောင်းမှုအစုစုကို အမျှပေးဝေလျက်-
အမျှရ၍ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်နိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းရီ(မုဒုံ)
**အသက်(၈၀)**

စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေ တို့၏ မိခင်ကြီး ဒေါ်သန်းရီသည် ၈-၉-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မိုးနိုင်(ဥက္ကဋ္ဌ)မိသားစု**
**Kristlite**
**Lighting Specialist Co.,Ltd.**

### အထူးဝမ်းနည်းကြေကွဲခြင်း
### Capt. ကျော်သက်မင်း
**(Lizstar Shipping Co.,Ltd.)**
**အသက်(၅၇)နှစ်**

ဆရာ Capt. ကျော်သက်မင်းသည် ၇-၉-၂၀၁၄ရက် Australia နိုင်ငံ၊ Brisbane မြို့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရေယာဉ်မှူး၊ အင်ဂျင်နီယာမှူးနှင့် ရေယာဉ်ဝန်ထမ်းများ**
**MV Basic Pioneer**

### ဦးမြသန်းထွန်း (ဟုမ္မလင်း)
**အသက်(၆၃)နှစ်**

ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်နေ ဒေါ်သိန်းသိန်းရီ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ နဝဒေးအိမ်ရာ၊ အမှတ် B-43,16နေ ကိုစောထွန်းလှိုင်-မမြဲသွေး(မုံရွာ သိန်းတရာရွှေဆိုင်)၊ မုံရွာမြို့၊ ဒေါနဲခြံရပ်နေ ကိုတင်ထွန်းဦး-မသင်းယုဆွေ (ရွှန်းနဒီအထည်ဆိုင်)၊ ကိုစိုင်းဟန်ထွန်း-မအားရီ၊ ကိုအိုက်တွဲ-မစန္ဒာထွေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၄ ရက် (သောကြာနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ စက်ရေတွင်း အလှူရှင် ဒါယိကာမကြီး**
### ဒေါ်ဝင်းရီ
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်နေ (ဦးသန်းညွှန့်)-ဒေါ်တင်မြင့်တို့၏ သမီးကြီး၊ (ဦးအိမ်စွန်-ဒေါ်ခင်ရွှေ)တို့၏သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေမင်းဝန်ကမ္ဘဏ်နှင်းကျောင်းတိုက်ကြီးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်တို့၏ ဦးစီးပခန္ဓ နာယက ဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇေကမ္မဋ္ဌာနာစရိယ)၊ ဘုရားကြီးမြို့နေ ဦးလှမြင့်-ဒေါ်အေးမြင့်၊ (ဦးလှဝင်း)-ဒေါ်ကျင်ငွေ၊ ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်ခင်စန်းသိန်းတို့၏သြဠာ၊ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝေတို့၏အစ်မ၊ တူ၊ တူမ ၁၃ ယောက်တို့၏အဒေါ်၊ မအေးဥမ္မာမြင့်၊ မောင်အေးမင်းသန့်၊ မခင်စန္ဒာဝင်းတို့၏မိခင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် ၅၆၁ နေ ဦးမြင့်အေး(ခ) ဦးဖိုးထောင်၏ ဇနီးသည် ၁၅-၉-၂၀၁၄ ရက် (တနင်္လာနေ့) ည ၉း၄၄ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကြွင်းကျန်ရစ်သောခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၂) ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီ အထိ ရက်လည်ဆွမ်းကျေးတရားတော်နှာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သန်းသန်းမြင့် (မင်းလှမြို့)
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၃၀၊ ပထမထပ်နေ (ဦးရွှေဘို့ထွန်း-ဒေါ် အုန်းခင်)တို့၏သမီး၊ ဒေါ်ကျင်စု(ခ)ဒေါ်ခင်မူ၏တူမ၊ ဒေါ်စန်းစန်းမြင့်၏ ညီမသည် ၁၇-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၄ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ တွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး ၂၃-၉-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျေးတရားတော်နှာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်မှ မေတ္တာဖြင့်အပိုင်ပေးကမ်းခဲ့သဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက်အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့်တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်ဂျာဘူ<br>၁/မကတ(နိုင်)၀၀၃၅၂၄(မ) | ကြောင်ရှီဖ(ခ)မောင်နိုင်<br>၁၃/နခန(ပြု)၀၀၀၀၀၈ | တိုက်အမှတ်(၅၃/၅၄)၊<br>ဒုတိယထပ်(ဝဲ)<br>ဗဟိုစည်အိမ်ရာ၊<br>လမ်းမတော်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးဘိုကြီး(ပုသိမ်)
**အသက် (၈၀)**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ၃-ဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးဝင်းဖေ-ဒေါက်တာခင်ကျော့ယဉ်တို့၏ဖခင် ဦးဘိုကြီး(ပုသိမ်)သည် ၉-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ခရိုင်အင်ဂျင်နီယာမှူးနှင့်ဝန်ထမ်းများ**
**ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးဘိုကြီး(ပုသိမ်)
**အသက် (၈၀)**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ၃-ဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးဝင်းဖေ-ဒေါက်တာခင်ကျော့ယဉ်တို့၏ဖခင် ဦးဘိုကြီး(ပုသိမ်)သည် ၉-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ခရိုင်အင်ဂျင်နီယာမှူးနှင့်ဝန်ထမ်းများ**
**ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဆရာကြီးဦးခွန်ဝင်းလှိုင် (B.Sc, BL)
**တရားလွှတ်တော်ရှေ့နေကြီး**
**မြန်မာနိုင်ငံရှေ့နေအသင်း ဥက္ကဋ္ဌ**
**ရန်ကုန်ရှေ့နေအသင်း ပဋိဂတ်တိုက်မှူး**
**အသက် (၇၄)နှစ်**

ကျေးဇူးကြီးမားလှသော ကျေးဇူးရှင်ဆရာကြီး ဦးခွန်ဝင်းလှိုင်သည် မမျှော်လင့်ဘဲ ၁၃-၉-၂၀၁၄ရက် (စနေနေ့)က ကွယ်လွန်သွားပါသဖြင့် အထူးကြေကွဲဝမ်းနည်းတုန်လှုပ်ရပါသည်။

ဆရာကြီးခိုင်းလို့ တာချီလိတ်မြို့နယ်တရားရုံးနှင့် တာချီလိတ်ခရိုင်တရားရုံးကို သွားပြီး ပြန်ရောက်တော့ ဆရာကြီးမရှိတော့ဘူး၊ ဆရာကြီးကို မတွေ့ရတော့ဘူး။ ဦးသိန်းလွင် ခင်ဗျား ဆောင်ရွက်တာကောင်းတယ်လို့ ပြောသံကြားရတော့ဘူး။ ကျွန်တော် ဆရာကြီးခိုင်းသမျှ တာဝန်ကျေအောင် ဆောင်ရွက်ပေးပါတယ် ဆရာကြီးခင်ဗျား ဆရာကြီး၏တပည့်ရင်းဖြစ်သူ-

**ဦးသိန်းလွင်**
**တရားလွှတ်တော်ရှေ့နေ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးကျော်သန်း(ခ)ဦးချူးဖေ (ထားဝယ်)
**ပဲ့နင်းကြီး(ရွှေဇင်ယော် Group)**
**အသက်(၆၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာနေ (ဦးအေးဘဏ်-ဒေါ်သင်းနု)တို့၏သား၊ သရက်ချောင်းမြို့နေ(ဦးရှင်း-ဒေါ်ဝင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်ကမ်းနားလမ်း၊ အမှတ် ၁၇နေ ဒေါ်အေးသင်း(ခ) ဒေါ်ဘီမ၏ခင်ပွန်း၊ မောင်ကျော်ဇင်ဝင်း(ရွှေဇင်ယော် Group)၊ ပဲ့နင်းမောင်လွင်ကို-မခင်ယု၊ မသီသီဝင်း၊ မောင်သိန်းအောင်၊ မောင်ထက်လင်းတို့၏ဖခင်၊ မယွန်းဝဿန်ကို၏ အဘိုးသည် ၁၅-၉-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၈း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၄ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေစေးသုသာန်၌ သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### (၆)နှစ်ပြည့်အလွမ်း
### ဧမာန္နေလကြာအိုင်လင်း
**အသက်(၁၁)လ**
**(၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)**

သမီးလေး မိသားစုကို ခွဲခွာသွားခဲ့တာ ၁၇-၉-၂၀၁၄ရက်ဆိုရင် (၆)နှစ်ပြည့်ပါပြီ။
လောကမှာ ဇာတာနေသွားရသော်လည်း
မိမိအတွက်၊ မိသားစုအတွက်၊ အများအတွက်၊ အကျိုးရှိရှိ အသက်ရှင်နေထိုင်သွားတဲ့ သမီးလေး…
ရက်တွေပြောင်း၊ နှစ်တွေဟောင်းသော်လည်း ယနေ့ထိတိုင် သမီးလေးကို မမေ့နိုင်။

**ကိုကို - ရှုမွေလလင်း**
**ဖေဖေ - ဒံယေလလင်း**
**မေမေ - လီဗီဆပ်နိုင်ထန်း**
**i Love Myanmar**

## ကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
### ဦးအေးမောင်
**လူမှုထုံးချုပ်(တတိယဆင့်)**
**အသက်(၅၇)နှစ်**

ဦးအေးမောင်(M.D, Great Apex Co.,Ltd.)သည် ၁၈-၉-၂၀၁၄ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဇနီး ဒေါ်ဆွေဆွေချစ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

### ဦးအေးမောင်
**လူမှုထုံးချုပ်(တတိယဆင့်)**
**Managing Director**
**Great Apex Co.,Ltd.**
**အသက်(၅၇)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာနေ (ဦးဂနေရှန်-ဒေါ်ကွန်မရာသီ)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (FMI City) C-105၊ ဂန္ဓမာ ဖလမ်းနေ ဒေါ်ဇာဇာလွင်(Director Great Apex Co.,Ltd.)၏ခင်ပွန်း၊ မဇင်မီအေးလွင်၊ မဂျင်မီအေးလွင်တို့၏ဖခင်သည် ၁၈-၉-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရုပ်မြင်သံကြား အစီအစဉ်

၁၉-၉-၂၀၁၄ (သောကြာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၄၀ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ/အက |
| ၆း၅၀ | **သာသနာ့ဂုဏ်ဆောင် ရွှေကြက်တောင်** |
| ၇း၀၀ | နံနက်ခင်းသတင်း |
| ၇း၂၀ | Hyper Sports |
| ၈း၀၀ | ပြည်တွင်းသတင်း |
| ၈း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဒဏ္ဍာရီထဲက တေးကဗျာ** (အပိုင်း-၅၇) |
| ၉း၃၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၉း၄၀ | **အာဆီယံနှင့်ပူးပေါင်းဆောင်ရွက် ရန်ကြိုးစား စက်စက်ယို၏ ပြင်ဆင်မှုများ** (အပိုင်း-၃) |
| ၁၁း၀၀ | ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် |
| ၁၁း၄၀ | ပျော်ရွှင်စေသောနေ့ရက်များ **ရှုးနိုင်တယ်**(အပိုင်း-၂) မြင့်မြတ်၊မယ်လိုဒီ (ဒါရိုက်တာ-ဝိုင်း) |
| ၁၂း၀၀ | ပြည်တွင်းသတင်း |
| ၁၂း၄၀ | ဆေးရောင်စုံရုပ်ရှင် **ချစ်ခြင်းဖွဲ့မေတ္တာ** ဒွေး၊ မင်းသူ၊ မင်းထက်ကျော်ဇင်၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ဆုပန်ထွာ၊ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်) |
| ၁၅း၃၀ | **၂၀၁၄ ခုနှစ် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်** |
| ၁၉း၃၀ | တေးဂီတအစီအစဉ် |
| ၁၉း၄၀ | ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသော လယ်ယာကဏ္ဍပုံရိပ်များ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၂၁း၃၀ | ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ |
| ၂၁း၄၅ | လူမှုစီးပွားမြင်ကွင်းများ -Hyper Sports |

## မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော်  စက်တင်ဘာ ၁၈

**နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

### ဦးဝင်းအောင်
**လက်ထောက်စာရင်းအင်းမှူး၊ ဗဟိုစာရင်းအင်းရုံး(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၂၅၊ အခန်း ၂၄နေ (ဦးသင်းဖေ-ဒေါ်အေးရင်)တို့၏သား၊ (ဒေါ်နှင်းရီ)၏ခင်ပွန်း၊ (ဦးကျော်ညိမ်း-ဒေါ်စန်းရင်)၊ (ဒေါ်ထွန်းတင်)တို့၏မောင်၊ (ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်သွယ်)၏အစ်ကို၊ ဦးဇော်ဝင်းအောင်-ဒေါ်နီလာသွင်(USA)၊ ဦးကျော်ဝင်းအောင်(C/O St-John Co.)-ဒေါ်ဇင်မာခိုင်၊ ဦးသော်တာအောင်(တကက၊ ငြိမ်း)၊ (ဦးလွှမ်းမိုးအောင်)၊ ဦးဇံဝင်းမောင်-မသင်းသင်းအေး(USA)တို့၏ဖခင်၊ ဦးထွန်းမျိုးဟန်-ဒေါ်တင်မာညိမ်း(USA)၊ ဦးမြဝင်း-ဒေါ်ကြင်ကြင်ငြိမ်း(USA)၊ ဒေါ်ကျင်ကျင်သိန်း၊ ဦးပြည့်ညိမ်း-ဒေါ်ခင်မေဆွေ(USA)၊ (ဦးအောင်ကျော်သိန်း)တို့၏ဦးငယ်၊ မြေး ၁၇ယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်သန်းနွယ်(ခ)ဒေါ်သန်းနွဲ့
**အသက်(၇၅)နှစ်**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မန္တလေး၊ သွားညှိကုပညာဌာနမှ ကထိက/ဌာနမှူး ဒေါက်တာနိုင်ဝင်းထွန်း-ဒေါက်တာတင့်ထားဝင်းတို့၏မိခင်ဖြစ်သူ ဒေါ်ခင်သန်းနွယ်(ခ)ဒေါ်သန်းနွဲ့သည် ၁၂-၉-၂၀၁၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

### ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး
### ဒေါ်တင်တင်ဦး (ဟသ်ာတ)
**အသက်(၇၁)နှစ်**

(ဦးမောင်ဦး)-ဒေါ်လေးတင်တို့၏သမီးကြီး၊ (ဦးကြင်ရှိန်)၏ဇနီး၊ ဦးရဲမြင့်(မူပိုင်ကိုရဲ)-ဒေါ်သန်းသန်းဦး၊ ဦးအောင်သန်း(ခေတ္တ-ဩစတြေးလျ)၊ ဒေါ်ခင်ခင်သန်း (စက်မှု-၁)တို့၏အစ်မကြီး၊ ဒေါ်စန်းစန်းဦးရှိန်(ခ)ပေါက်ပေါက်၊ (ကိုအောင်ကျော်ဦးရှိန်)၊ (ကိုကျော်မင်းစိုး-မထွေးထွေးဦးရှိန်)တို့၏မိခင်၊ မောင်ဇာနည်ဦးရှိန် (တတိယနှစ်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ အဘွားသည် ၁၇-၉-၂၀၁၄ရက် ညနေ ၃း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၄ရက်တွင် အမှတ် ၁၃၇၊ ပထမထပ်၊ ၁၉လမ်း၊ လသာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစိုင်းကျော်စိန်
**အသက်(၆၇)နှစ်**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၊ သွားညှိကုပညာဌာနမှ ဒေါက်တာစိုင်းကျော်သန်းဌေး(သရုပ်ပြ)၏ ဖခင်ဖြစ်သူ ဒေါက်တာစိုင်းကျော်စိန်သည် ၁၂-၉-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမြသန်းထွန်း (ဥက္ကဋ္ဌ)
**ဟုမ္မလင်းမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ**
**အသက်(၆၃)နှစ်**

ဦးမြသန်းထွန်းသည် ၁၇-၉-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရသကဲ့သို့ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် ကြီးမားသော ဆုံးရှုံးမှုအဖြစ်ခံစားရပါသည်။

**ဦးစန်းရွှေ-ဒေါ်ကြည်ကြည်ရွှေ မိသားစု**
**ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမြသန်းထွန်း (ဥက္ကဋ္ဌ)
**ဟုမ္မလင်းမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ**
**အသက်(၆၃)နှစ်**

ဦးမြသန်းထွန်းသည် ၁၇-၉-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရသကဲ့သို့ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် ကြီးမားသော ဆုံးရှုံးမှုအဖြစ်ခံစားရပါသည်။

**မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ဟုမ္မလင်းမြို့နယ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးဝင်းဆန်း (ငြိမ်း)
**O.T.S (85)**

သူငယ်ချင်း ဗိုလ်ကြီးဝင်းဆန်း(ငြိမ်း)သည် ၁၆-၉-၂၀၁၄ရက် (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ**
**ကျောင်းဆင်းဖက်သူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း
### မအိအိသင်း(ခ)မအိ
**အသက်(၃၆)နှစ်**

(ဦးကျော်သင်း)-ဆရာမကြီး ဒေါ်တင်ရီတို့၏သမီးဖြစ်သူ မအိအိသင်း(ခ) မအိသည် ၁၅-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အဓိပတိနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ**
**အဘိဓမ္မတက္ကသိုလ် (ရန်ကုန်)**

### ဒေါ်ခင်မမလေး
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့နေ (ဦးစန်းလွင်-ဒေါ်ယဉ်ယဉ်)တို့၏သမီးလတ်၊ (ဦးခင်မောင်ကြည်-ဒေါ်ခင်မေကြည်)၊ ဦးခင်မောင်သွင်-ဒေါ်အေးလှ၊ (ဗိုလ်ကြီးမောင်ကလေး)-ဒေါ်ခင်မမကြီးတို့၏ညီမ၊ ဒေါ်ခင်မိမိလေး၊ ဦးခင်မောင်ထွေး-ဒေါ်ရင်ရင်ရွှေ၊ (ဦးမောင်ဝင်း)-ဒေါ်ခင်ခင်လေးတို့၏ အစ်မကြီးသည် ၁၈-၉-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးရွှေသန်း (မုဒုံ)
**(စက်မှု-၁၊ ငြိမ်း)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၇လမ်း၊ အမှတ် ၂၉၊ မြေညီထပ်နေ (ဦးဘရှင်-ဒေါ်သောင်း)တို့၏သား၊ ဒေါ်ငွေးကြည်၏ခင်ပွန်း၊ (ဦးချမ်းသာ)-ဒေါ်နွဲ့နွဲ့ခိုင်၊ ဦးရဲမြင့်-ဒေါ်မိမိ၊ ဦးမြင့်ထွန်း-ဒေါ်ခင်ပြုံးလွင်၊ ဦးမျိုးငွေး၊ဦးမြတ်ကိုကို-ဒေါ်မိုးသီတာတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၇-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၄၀နာရီတွင် သျှင်ပါကူဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၁၄ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးမြင့်သိန်း(ခ)
### ဝေါင်အရှမ်(ခ)
### အောင်မိန်ရှောင်
**Air China Limited**
**အသက်(၇၀)**

ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၂၃တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၆စီ၁၊ မြေကွက်အမှတ် Southern 1/6 of II 1၊ မြေပိုင်ဧအေအမျိုးအစား အမည်ပေါက် (၁)Ma Halima Bi၊ (၂)Ma Amnia Bi၊ (၃)Ma Zyned Bi (the daughters of sbeykh abdulla Sendroos) ဧအေအားအရောင်းအဝယ်စာချုပ်အမှတ် ၄၃၀/၁၉၄၉ဖြင့် Dr.Saya Ko Ebrahim, ANZ Rhhamatulla (alias) Choota တို့ထံမှ Ma Khin Pu မှရရှိခဲ့ပြီး စွန့်လွှတ်စာချုပ်အမှတ် ၁၃၆၀/၁၉၅၁အရ Ma Khin Pu မှ Noor Mohamed သို့ စွန့်လွှတ်ခဲ့ပါသည်။ နူးမာမက်နိုင်ငံသားလက်မှတ် CC-၀၅၁၈၅၅၆နှင့် ၁၆-၄-၂၀၀၃ရက် သေစာရင်းတို့ကိုတင်ပြပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဖာတမာဘီဘီ CC-၀၃၇၆၄၅၅ နှင့် သားနှစ်ဦးဖြစ်သော ယာကွတ်(၁)မောင်မောင် ၁၂/ဗဘတ(နိုင်)၀၂၃၀၆၅၊ မိုဟာမက်အူးမား ၁၂/ရပသ(နိုင်)၀၅၈၀၀၇၆၅ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၁၃၆၀/၁၉၅၁ဖြင့်ရရှိခဲ့သူ ဦးနုမ်မာမက်(၁)ဦးနုမ်ရဲမိုဟာမက်ဟာဘီဘီ ကွယ်လွန်၍ ဇနီးနှင့်သားနှစ်ဦးမှ အစ္စလာမ်ဧလေထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိကြောင်းဖော်ပြသည့် ကတိသစ္စာပြုလွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူးလျှောက်ထားလာပါသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာကဏ္ဍ

## ဖောင်းကြွနံပါတ်ပြားပျောက်ကြောင်းထားခြင်း

ယာဉ်အမှတ် 6F/5923 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ကောင်းကြွယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## Kaung Kywe Public Company Limited

**(အများပိုင်ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ပြီးကြောင်း ကြေညာခြင်း)**

ကောင်းကြွယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် Kaung Kywe Public Company Limited အား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်၂၇၂/၂၀၁၄-၂၀၁၅ ရက်စွဲ(၂၈-၈-၂၀၁၄)ဖြင့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ(အများပိုင်)အဖြစ် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ဤအများပိုင်ကုမ္ပဏီသည် အများပြည်သူများအတွက် ဒေသအတွင်း လူမှုရေး၊ စီးပွားရေးစသော ဘက်စုံကဏ္ဍအသီးသီးတို့တက်စေရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်သော စီမံကိန်းများ၊ အခြားပတ်သက်ဆက်နွယ်နေသော ဆက်စပ်လုပ်ငန်းများကိုလည်းကောင်း သက် ဆိုင်ရာဝန်ကြီးဌာနများ၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားသော စီးပွားရေးကဏ္ဍများတွင်လည်း လုပ်ကိုင်ပါဝင်ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် တိုင်းရင်းသား ပြည်သူများအနေဖြင့် အစုရှယ်ယာများကိုတစ်စုလျှင် ကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိဖြင့် ထည့်ဝင်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရောင်းချမည့် အစီအစဉ်ကို အသေးစိတ်ထပ်မံ၍ ကြေညာသွားမည်ဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

**ကောင်းကြွယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**


**အမှတ်(ဟ/၂၁/၂)၊ ဟိုဓနံရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။**

**ဖုန်း-၀၉-၃၆၁၄၅၆၅၈၆၊ ၀၉-၂၅၀၈၂၉၀၀၇**

## သွေးသည် အသက်
































ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ





## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဓမ္မာရုံ(၁)လမ်း၊ ၁၁ ရပ်ကွက်၊ အမှတ် ၄၃၄၊ အခန်း A(5) ၏ အကျိုးခံစားခွင့်အရပ်ရပ်ကိုဝယ်ယူရန် လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်မာအေး ၁၂/လမန(နိုင်)၀၁၇၁၅၅ ထံမှ ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုံးမောင်(ဘီအက်စ်စီ၊ ဘီအယ်လ်)
တရားလွှတ်တော်ရှေ့နေနှင့် နိုတ္တိုပမ္မလစ် (စဉ်-၈၃၀)
အမှတ် (၃)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၁၂၉၈၂၊ ၀၉-၇၃၀၂၄၈၃၆၊ ၅၂၅၅၆၄







## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ စင်ကင်(အထက)တက္ကသိုလ်ဝင်တန်းမှ မိုးအိစံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစံရွှေမြင့် ဖြစ်ပါကြောင်း။

ဦးစံရွှေမြင့်
၁/ဗမန(နိုင်) ၀၂၇၆၂၈

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၃၁၇၉ယာဉ် လက်ဝယ်ရှိသူ ဦးအောင်နေလင်း ၇/ အတန(နိုင်) ၀၄၄၈၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြေငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (တောင်ငူ)

## မွေးသက္ကရာဇ်အမှန်

ဦးဝင်းဦး၏သား မိုးမောက်မြို့နယ်၊ မြို့သစ်(အထက)တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇင်မင်းဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၉-၁၉၉၉ ဖြစ်ပါသည်။

မောင်ဇင်မင်းဦး



## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် ၂၆(ဒုတိယထပ်)နေ ဟာဂျီမိုဟာမက်မိုက်ဒင်နှင့် ဟာဂျီမ ဒေါ်ဖွာတမာ ကေကွန်တို့၏သားထွေးဖြစ်သူ ကျွန်ုပ်မိတ်ဆွေ မိုဟာမက်ဂျမီးလ်(ခ)မောင်ရွှေသန်းထွေး PBDN-၀၁၀၉၅၁၏လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် ၂၅(ဒုတိယထပ်)နေ ဟာဂျီမိုဟာမက်အီစမိုင်လ်နှင့် ဟာဂျီဒေါ်ဟာဘီဇာခါတူး တို့၏ဒုတိယသမီး နူရ်ဂျန်(ခ)မခင်သီတာဝင်း ၁၂/ပဘတ(နိုင်)၀၃၄၇၆၂တို့သည် ၁၆-၁-၂၀၁၄ရက်တွင် အစွလာမ်တရားတော်နှင့်အညီ နီကာဟ်ထိမ်းမြားမင်္ဂလာပြုခဲ့ကြသည့် တရားဝင်အကြင်လင်မယားဖြစ်ပါသည်။

၂၂-၁-၂၀၁၄ရက်တွင် မိခင်နေမကောင်း၍ ဆေးရုံတင်ထားရကြောင်း အကြောင်းပြကာ ကျွန်ုပ်မိတ်ဆွေ၏ဇနီးသည် နူရ်ဂျန်(ခ)မခင်သီတာဝင်းကို ၄င်း၏မိခင်ဘက်မှ လာရောက်ခေါ်ဆောင်သွားခဲ့ပြီး ယနေ့အချိန်ကာလအထိ ပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေမှလည်း ၄င်း၏ဇနီးသည်နှင့်တွေ့ဆုံခွင့်လုံးဝမရရှိတော့ပါ။ ဤကဲ့သို့ပြုမူခြင်းသည် ကျွန်ုပ်မိတ်ဆွေ၏အိမ်ထောင်ရေးကို ပျက်ပြယ်စေရန်ရည်ရွယ်၍ ဥပဒေမဲ့ ကျူးလွန်ပြုလုပ်ခဲ့ခြင်းသာဖြစ်ပါသည်။ အဆိုပါ ဥပဒေမဲ့ပြုလုပ်ခြင်းကိုပြင်ဆင်ခြင်း၊ ရပ်ဆိုင်းခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၂၉)
အမှတ်(၅၅)၊ အခန်း(၅)ဒုတိယထပ်၊ မဟာဗန္ဓုလမန်းခြံလမ်း၊ ရန်ကုန်မြို့

မြန်မာ့အလင်း

# ကမ္ဘာ့သတင်းအကျဉ်း

၂၀၁၄ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအကောင်အထည်ဖော်မှုများ

စာ - ၄



လူမှုစီးပွား

## ပျော်ရွှင်ဆင်နွဲ့ အာခါရိုးရာ ဒန်းစီးပွဲ

စာ - ၅






မြန်မာ့အလင်း
၁၉-၉-၂၀၁၄ (သောကြာနေ့)




*ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၄)မှာ မန်ယူနိုင်ပွဲရတယ်။ ကျူပီအာကို အသာစီးက ကစားပြီးနိုင်တာ။ ကစားပုံ ကစားဟန်လည်းသာတယ်။ ဂိုးကလည်း လေးဂိုးဆိုတော့။ အဲဒီမန်ယူရဲ့ ဒီရာသီပရီမီယာလိဂ် ပထမဆုံးနိုင်ပွဲအပြီးမှာ ဘာတွေများ ပြောစရာရှိနိုင်မလဲ။ အများစုကတော့ ကျေနပ်လောက်စရာအခြေအနေတွေရော စိုးရိမ်စရာအနေအထားတွေကိုပါ တစ်ပြိုင်နက်တွေ့ခဲ့ရလို့ မန်ယူကို လုံးလုံးလျားလျားမယုံရဲဘူးလို့ ပြောကြတယ်။ ထောက်ပြဝေဖန်ကြတယ်။*

# အတွေးစများကြားက အိုးထရက်ဖို့ဒ်ကောင်းကင်

လင်းဆက်






အထူးသဖြင့် ဒီမာရီယာရဲ့ ခြေရည်ခြေသွေး။ အဲဒါကိုအားလုံးကကျေနပ်လက်ခံကြတယ်။ အရှင်းဆုံးပြောရရင် ဒီမာရီယာရဲ့ အဲဒီနေ့က ကစားသွားတဲ့ အရည်အသွေးဟာ မန်ယူမှာကာလရှည်လိုအပ်လာခဲ့တဲ့ ဖန်တီးရှင်ကောင်းမရှိမှုပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်လိုက်ခြင်းလို့ မြင်ကြတယ်။ တကယ်လည်း ဒီမာရီယာဟာ အဲဒီပွဲမှာ သိပ်ကောင်းတယ်။ အထူးသဖြင့် သူ့ဆီကထွက်တဲ့ ဘောလုံးတိုင်းဟာ မန်ယူကို အခွင့်အရေးဖြစ်စေတယ်။ ဟာရီသွင်းတဲ့ဂိုးဆိုရင် သူကောင်းလို့ရတာ။ ဘယ်တောင်ပံကနေ တောက်လျှောက်ဆွဲပြေးလာပြီး ရွှန်းနီရဲ့ ပြေးလမ်းကြောင်းထဲ အမှတ်မထင်ပို့ပေးလိုက်တဲ့ သူ့ရဲ့ဖန်တီးနိုင်အားက သေသပ်တယ်။ တိကျတယ်။ အကွက်မြင်တယ်။ အဲဒီကမှတစ်ဆင့် ရွှန်းနီတင်ပေးလို့ ဟာရီယာ ဂိုးရတာ။

ပြီးတော့ မာတာသွင်းတဲ့ဂိုးဆိုရင်လည်း သူ့ရဲ့ပေးပို့မှုက သိပ်ကောင်းတယ်။ ကျူပီအာရဲ့ ဧရိယာထဲပြေးဝင်သွားတဲ့ မာတာဆီကို ဘယ်တောင်ပံကနေ တိတိကျကျ အကွက်မြင်မြင်နဲ့ သူဖန်တီးပေးနိုင်လို့သာ မာတာက အသာအယာသွင်းရုံနဲ့ဂိုးရခဲ့တာဆိုတော့ ဒီမာရီယာရဲ့ အရည်အသွေးကို အားလုံးကလက်သင့်ခံကြတယ်။ အထူးသဖြင့် သူဘောလုံးဆွဲယူလာစဉ်မှာ ဗန်ပါစီက ဧရိယာထဲ လျှပ်တစ်ပြက် ပြေးဝင်သွားတဲ့အခါ အဲဒါကိုအတွေ့ ရုတ်တရက် အသာအယာကလေး မပြီး ဗန်ပါစီရဲ့ ပြေးလမ်းကြောင်းထဲ ကျော်ချပေးလိုက်တဲ့ ဒီမာရီယာရဲ့ အကွက်မြင်နိုင်မှုနဲ့ ဖန်တီးပေးနိုင်မှုအားကလည်း သိပ်ကောင်းတယ်။ ဗန်ပါစီက အဲဒီဘောလုံးကို မြေမကျပိတ်သွင်းရာမှာ ဂိုးသမားတည့်တည့်ရောက်သွားလို့သာ ဂိုးမရတာ။ တကယ်လို့ အဲဒီဂိုးသာဝင်ရင် သိပ်လှတဲ့ဂိုးဖြစ်မယ်။ ပြီးတော့ ဒီမာရီယာလည်း ဖန်တီးနိုင်မှုမှာ ဟတ်ထရစ်ရမယ်ဆိုတော့။ ဒီမာရီယာရဲ့ အသင်းနဲ့ အထိုင်ကျမှု မြန်ဆန်ခြင်းနဲ့ သူ့ရဲ့ကမ္ဘာ့အဆင့်ခြေစွမ်းတွေဟာ မန်ယူအတွက် မျှော်လင့်ချက်လို့ မြင်ကြတယ်။



ဘလိုင်း


အဲဒီပွဲမှာ ဒီမာရီယာဟာ တိုက်ရိုက်ဂိုးသွင်းမှု တစ်ကြိမ်၊ အခွင့်အရေးဖန်တီးပေးနိုင်မှု ငါးကြိမ်၊ ဘောလုံးပေးပို့မှု ၇၆ ကြိမ်နဲ့ ဘောလုံးပေးပို့ခြင်းတိကျမှု ၈၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိခဲ့တဲ့အခါ မန်ယူမှာ ကာလရှည်ပျောက်ဆုံးနေတဲ့ ကမ္ဘာ့အဆင့်ဖန်တီးရှင်တစ်ယောက်ရပြီလို့ ယူဆကြတယ်။ ပြီးတော့ ရှိုင်ကိန်းမရှိတော့တဲ့ အချိန်ကတည်းက အားနည်းသွားတဲ့ ကွင်းလယ်အဖျက်နေရာဟာလည်း ဒီဘလိုင်းကြောင့် အဆင့်မီလာနိုင်တယ်လို့ တွက်ကြတယ်။

အဲဒီပွဲမှာ ဗန်ဟားလ်ဟာ ဘလိုင်းကို ကွင်းလယ်အဖျက်မှာသာသုံးတယ်။ အဲဒီနေရာဟာ ဘလိုင်းအတွက် ပုံမှန်နေရာမဟုတ်ပေမယ့် အဲဒီပွဲမှာ ဘလိုင်းဟာ ဘောလုံးပေးပို့မှု ၁၁၂ ကြိမ်တိတိ လုပ်ပေးနိုင်တယ်။ ပြီးတော့ ပေးပို့မှုတိကျခြင်းကလည်း ၉၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိတယ်။ ဘောလုံးလုယူမှု ခုနစ်ကြိမ်အထိ တိုက်စစ်ကို အကောင်းဆုံးကြိုးတားပေးနိုင်ခဲ့တော့ ဘလိုင်းရောက်လာမှုဟာလည်း မန်ယူအတွက် တိုးတက်မှုကို ဖြစ်တည်နိုင်စေတယ်လို့ ယူဆကြတယ်။

ဒါ့အပြင် ရိုဂျိုကလည်း ပထမဆုံးပွဲထွက်မှုလို့မထင်ရလောက်အောင် အသင်းနဲ့လိုက်လျောညီထွေ ကစားနိုင်တယ်။ ဖယ်ကာအိုက မိနစ်အနည်းငယ်သာ ဝင်ကစားခဲ့ရလို့ ခြေခြေမြစ်မြစ်မသုံးသပ်နိုင်ကြပေမယ့် ဟာရီယာကိုလည်း လက်သင့်ခံကြတယ်။ ပြောရရင် ဟာရီယာက တစ်ဂိုးသွင်းတယ်။ အခွင့်အရေးရအောင် ငါးကြိမ်ဖန်တီးနိုင်တယ်။ တိုက်ရိုက်ဖန်တီးမှုတစ်ကြိမ်လုပ်တယ်။ ဘောလုံးပေးပို့မှု ၈၅ ကြိမ်ရှိပြီး ၉၀ ဒသမ ၆ ရာခိုင်နှုန်း တိကျခဲ့တယ်ဆိုတော့။ အရှင်းဆုံးပြောမယ်။ မန်ယူရဲ့ လူသစ်တွေအားလုံးရဲ့ ပင်ကိုအရည်အသွေးနဲ့ အသားကျနိုင်အား။ အဲဒါနဲ့ ရှိရင်းစွဲ ရွှန်နီ၊ မာတာတို့ရဲ့ အစုအဖွဲ့အားတွေအရ မန်ယူမှာ ဖာဂူဆန်ပြီးနောက် ခေတ်တစ်ခေတ်ကို ဖန်တီးနိုင်လောက်တဲ့ နိဒါန်းကိုမြင်ရခြင်းလို့ မြင်ကြတယ်။

ဒါပေမယ့်။ အဲဒီမှာ ခြွင်းချက်တချို့ရှိတယ်။ ဗန်ဟားလ်ခေါင်းမာရင်ဆိုတဲ့အတွေး။ ပြောရရင် အဲဒီပွဲမှာ ဗန်ဟားလ်က ပွဲအစပိုင်းမှာ ၄-၄-၂ သုံးတယ်။ အဲဒီကစားကွက်မှာ မန်ယူရဲ့ ကစားပုံက ကျေနပ်မှုအပြည့်ရှိပေမယ့် လေးဂိုးပြတ်နိုင်ပြီးတဲ့နောက် ၃-၅-၂ ကို ပြောင်းတယ်။ အဲဒီမှာ မန်ယူရဲ့ ကစားအားက သိသိသာသာကျသွားတယ်။ ဒါဟာ မန်ယူမှာ ၃-၅-၂ အလုပ်မဖြစ်နိုင်ဘူးဆိုတာ မြင်သာသလို မန်ယူ အောင်မြင်မှုရရေးမှာ ဗန်ဟားလ်အနေနဲ့ အဲဒီ ၃-၅-၂ ကို ဖက်တွယ်မထားဖို့ လိုပါတယ်လို့ မြင်ကြတယ်။ အဲဒါဟာ စိုးရိမ်စရာအနေအထားလို့ ပြောရရင်လည်း ရတယ်။ သတိပြုရမယ့်အချက်လည်း ဖြစ်တယ်။

ပြောရမယ်ဆိုရင်ပေါ့။ နောက်တစ်ချက်ရှိသေးတယ်။ အဲဒါက ခံစစ်ပိုင်းပဲ။ အထူးသဖြင့် အဲဒီပွဲမှာအီဗန့်စ်နဲ့ဘလက်လက်တို့ရဲ့ ခံစစ်အတွဲဟာ အများအယွင်းတွေရှိခဲ့တယ်။ ပြောရရင် ကျူပီအာရဲ့ အဆုံးသတ်အားနည်းမှုကြောင့်သာ အဲဒီပွဲမှာ မန်ယူဂိုးမပေးခဲ့တာဆိုတော့။ တကယ်တိုက်စစ်ပိုင်းအားကောင်းတဲ့



ဒီမာရီယာ

အသင်းတွေနဲ့တွေ့ရင် မန်ယူတောင့်ခံနိုင်ပါ့မလား။ ပြီးတော့ အစားဝင်ဖာထေးဖို့လည်း စမောလင်းနဲ့ ဖီးလ်ဂျုံးသာကျန်တဲ့အခါ အဲဒီအပိုင်းကို အားလုံးက အားမရကြဘူး။

ဒီတော့ ပရီမီယာလိဂ်ပွဲစဉ် (၄)မှာ မန်ယူက ကျူပီအာကို ခြေအသာ ဂိုးအသာနဲ့နိုင်ပြီး ပထမနိုင်ပွဲရတယ်။ အဲဒီအတွက် ဘာများပြောစရာရှိမလဲ။ သေချာတာက မန်ယူဟာ အလုံးစုံမပြည့်ဝသေးဘူးဆိုတာပဲ။ ဗန်ပါစီခြေကျနေခြင်းကအစပေါ့။ ။

**မန်ယူရဲ့ လူသစ်တွေအားလုံးရဲ့ ပင်ကိုအရည်အသွေးနဲ့ အသားကျနိုင်အား။ အဲဒါနဲ့ ရှိရင်းစွဲ ရွှန်နီ၊ မာတာတို့ရဲ့ အစုအဖွဲ့အားတွေအရ မန်ယူမှာ ဖာဂူဆန်ပြီးနောက် ခေတ်တစ်ခေတ်ကို ဖန်တီးနိုင်လောက်တဲ့ နိဒါန်းကိုမြင်ရ…….**

### ပရီမီယာလိဂ်ပွဲစဉ် (၅)

| | |
|---|---|
| **စနေနေ့ (၂၀-၉-၁၄)** | |
| ည ၆း၁၅ | ကျူပီအာ-စတုတ် |
| ည ၈း၃၀ | ဗီလာ-အာဆင်နယ် |
| ည ၈း၃၀ | ဘန်လေ-ဆန်းဒါးလန်း |
| ည ၈း၃၀ | ကာဆယ်-ဟားလ် |
| ည ၈း၃၀ | ဆွမ်ဆီး-ဆောက်သမ်တန် |
| ည ၁၁း၀၀ | ဝက်စ်ဟမ်း-လီဗာပူး |
| **တနင်္ဂနွေနေ့ (၂၁-၉-၁၄)** | |
| ည ၇း၀၀ | လက်စတာ-မန်ယူ |
| ည ၇း၀၀ | စပါး-ဝက်စ်ဘရွန်း |
| ည ၉း၃၀ | အဲဗာတန်-ပဲလေ့စ် |
| ည ၉း၃၀ | မန်စီးတီး-ချယ်လ်ဆီး |

### စပိန်လီဂါပွဲစဉ် (၄)

| | |
|---|---|
| **စနေနေ့ (၂၀-၉-၁၄)** | |
| နံနက် ၁း၃၀ | အဲလ်ချီ-အီဘာ |
| ည ၈း၃၀ | ဒီပို့တီဗို-ရီးရဲ |
| ည ၁၀း၃၀ | ဘီလ်ဘာအို-ဂရန်နာဒါ |
| **တနင်္ဂနွေနေ့ (၂၁-၉-၁၄)** | |
| နံနက် ၀၀း၃၀ | အက်သလက်-ဆယ်တာဗီဂို |
| နံနက် ၂း၃၀ | အက်စ်ပန်ညို-မာလာဂါ |
| ညနေ ၄း၃၀ | ဆိုစီဒက်-အယ်မာရီယာ |
| ည ၉း၃၀ | ဗီလာရီးရဲ-ဗယ်လီကာနို |
| ည ၁၁း၃၀ | ကော်ဒိုဘာ-ဆီဗီလာ |
| **တနင်္လာနေ့ (၂၂-၉-၁၄)** | |
| နံနက် ၁း၃၀ | လီဗန်တေး-ဘာစီလိုနာ |
| **အင်္ဂါနေ့ (၂၃-၉-၁၄)** | |
| နံနက် ၁း၁၅ | ဂီတာဖေး-ဗလင်စီယာ |

### ဘွန်ဒက်စ်လီဂါပွဲစဉ် (၄)

| | |
|---|---|
| **စနေနေ့ (၂၀-၉-၁၄)** | |
| နံနက် ၁း၀၀ | ဖရိုင်းဘတ်-ဟာသာဘာလင် |
| ည ၈း၀၀ | ရှော်လ်ကေး-ဖရန့်ဖတ် |
| ည ၈း၀၀ | အော့စ်ဘတ်-ဝါဒါဘရီမင် |
| ည ၈း၀၀ | စတုဂတ်-ဟော့ဖန်ဟိမ်း |
| ည ၈း၀၀ | ဟမ်းဘတ်-ဘိုင်ယန် |
| ည ၈း၀၀ | ပါဒါဘွန်-ဟန်နိုဗာ |
| ည ၁၁း၀၀ | မိန့်ဇ်-ဒေါ့မွန် |
| **တနင်္ဂနွေနေ့ (၂၁-၉-၁၄)** | |
| ည ၈း၀၀ | ဝုဖ်ဘတ်-လေဗာကူဆင် |
| ည ၁၀း၀၀ | ကိုလုံး-ဂလာဘတ် |

### အီတလီစီးရီးအေပွဲစဉ် (၃)

| | |
|---|---|
| **စနေနေ့ (၂၀-၉-၁၄)** | |
| ည ၁၀း၃၀ | ဆီစီနာ-အမ်ပိုလီ |
| **တနင်္ဂနွေနေ့ (၂၁-၉-၁၄)** | |
| နံနက် ၁း၁၅ | အေစီမီလန်-ဂျူဗင်တပ်စ် |
| ညနေ ၅း၀၀ | ချီယေဗို-ပါးမား |
| ည ၇း၃၀ | ဂျီနိုအာ-လာဇီယို |
| ည ၇း၃၀ | ရိုးမား-ကက်ဂလီယာရီ |
| ည ၇း၃၀ | ဆက်ဆူအိုလို-ဆမ်ဒိုးရီးယား |
| ည ၁၀း၃၀ | အတ္တလန္တာ-ဖီအိုရင်တီးနား |
| ည ၁၀း၃၀ | အူဒီးနိစ်-နာပိုလီ |
| **တနင်္လာနေ့ (၂၂-၉-၁၄)** | |
| နံနက် ၁း၁၅ | ပါလာမို-အင်တာမီလန် |
| နံနက် ၁း၁၅ | တိုရီနို-ဗီရိုနာ |

# အလန်ပါဂျူးရဲ့ အနာဂတ်နဲ့ နယူးကာဆယ်ရဲ့ရှေ့ရေး

အောင်က



လက်ရှိ ပရီမီယာလိဂ်ပွဲစဉ် (၄)အပြီးမှာ ပရီမီယာလိဂ် အမှတ်ပေးဇယားကို ကြည့်လိုက်ရင် အောက်ဆုံးရောက်နေတဲ့အသင်းဟာ နယူးကာဆယ်အသင်းဖြစ်နေတာကိုတွေ့ရမှာပါ။ နယူးကယ်ဆယ်အသင်းဟာ လက်ရှိ လေးပွဲကစားခဲ့ပြီးချိန်မှာတော့ နှစ်ပွဲရှုံး၊ နှစ်ပွဲသရေ ရလဒ်တွေနဲ့အတူ နိုင်ပွဲမရှိသေးတဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ စနေနေ့က ကစားခဲ့တဲ့ပွဲမှာဆိုရင် ဆောက်သမ်တန်အသင်းကို ၄-၀ နဲ့ အပြတ်အသတ် ရှုံးနိမ့်ခဲ့ပါတယ်။ ဒါကြောင့်လည်း အသင်းရဲ့ပရိသတ်တွေဟာ ဒေါသတကြီးနဲ့ အသင်းမှာ နှစ်ပေါင်းများစွာကြာအောင် ကိုင်တွယ်ခဲ့တဲ့ မန်နေဂျာအလန်ပါဂျူးကို အသင်းကနေထွက်ခွာဖို့အတွက် ဖိအားပေး တောင်းဆိုမှုတွေ ရှိလာခဲ့ပါတယ်။ ဒါပေမယ့် အသင်းပိုင်ရှင်ကတော့ သူ့ကို အသင်းမှာပဲ ဆက်လက်ထားရှိဖို့လည်း အားပေးထားပါတယ်။

တကယ်တော့ အလန်ပါဂျူးဟာ နယူးကာဆယ်အသင်းကို ၂၀၁၀ ခုနှစ် က ဆောက်သမ်တန်အသင်းကနေ ပြောင်းရွှေ့ကိုင်တွယ်ခဲ့တဲ့ မန်နေဂျာ တစ်ဦးဖြစ်ပါတယ်။ လက်ရှိပရီမီယာလိဂ်ရဲ့ မန်နေဂျာတွေထဲမှာတော့ အာဆင်ဝင်းဂါးပြီးရင် ဒုတိယသက်တမ်း အရှည်ဆုံး မန်နေဂျာတစ်ဦးလည်းဖြစ်ပါတယ်။ အလန်ပါဂျူးဟာ နယူးကာဆယ်အသင်းကို အကောင်းဆုံး ကိုင်တွယ်နိုင်ခဲ့တဲ့ နှစ်ကတော့ ၂၀၁၁-၁၂ ရာသီဖြစ်ပါတယ်။ သူဟာ အဲဒီရာသီမှာ အသင်းကို ပရီမီယာလိဂ် အဆင့် ၅ အထိ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း နယူးကာဆယ်အသင်းသမိုင်းမှာတော့ အသင်းကို ဥရောပအဆင့် ဝင်ရောက်ကစားနိုင်ဖို့အတွက် ပထမဦးဆုံး လုပ်ဆောင်ပေးနိုင်ခဲ့တဲ့ မန်နေဂျာတစ်ဦးအဖြစ် မှတ်တမ်းဝင်သွားခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အဲဒီရာသီမှာပဲ သူဟာ ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာ အကောင်းဆုံးမန်နေဂျာဆုအပြင် လိဂ်မန်နေဂျာအဖွဲ့အစည်းမှ ချီးမြှင့်တဲ့ LMA တစ်နှစ်တာအကောင်းဆုံး မန်နေဂျာဆုကို ရရှိခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းနှစ်တွေမှာတော့ အလန်ပါဂျူးဟာ အသင်းကို အဆင့် ၁၀ အောက် ရောက်ရှိဖို့အတွက် လုပ်ဆောင်နိုင်ခဲ့ ခြင်းမရှိခဲ့ပါဘူး။

ပြီးခဲ့တဲ့ရာသီက အလန်ပါဂျူးရဲ့ စွမ်းဆောင်မှုကို ကြည့်မယ်ဆိုရင် သူဟာ အသင်းကို နှစ်စပိုင်းမှာ အကောင်းဆုံး ကိုင်တွယ်ထားနိုင်ခဲ့ပြီး ရလဒ်တွေလည်း ကောင်းမွန်ခဲ့ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီး၊ မန်ယူ၊ စပါးစ်တို့လို အသင်းတွေကိုတောင် အနိုင်ရရှိအောင် ကစား နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဇန်နဝါရီ ဈေးကွက်မှာတော့ အလန်ပါဂျူးဟာ အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြနေပြီး ဂိုးတွေသွင်းယူပေးနေခဲ့တဲ့ ကွင်းလယ်ကစားသမား ကာဘာရီကို ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကို ရောင်းထုတ်လိုက်ပါတယ်။ အဲဒါဟာ မန်နေဂျာ အလန်ပါဂျူး အတွက်တော့ ကြီးမားတဲ့ အမှားတစ်ခုလုပ်လိုက်ခြင်းလို့လည်း ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုရင် အလန်ပါဂျူးအနေနဲ့ အသင်းကနေ ရီမီကိုရောင်းထုတ်လိုက်ပြီးတဲ့ နောက်ပိုင်းမှာ အသင်းအနေနဲ့ ရလဒ်တွေဟာ ပိုမိုဆိုးရွားခဲ့ပါတယ်။ နယူးကာဆယ်အသင်းဟာ ဇန်နဝါရီဈေးကွက်ပိတ်ပြီးနောက် ပရီမီယာလိဂ် ၁၅ ပွဲ ကစားခဲ့ပါတယ်။ အဲဒီ ၁၅ ပွဲမှာ အနိုင်အနေနဲ့ လေးပွဲသာရှိခဲ့ပြီး ကျန်တဲ့ ၁၁ ပွဲဟာ လုံးဝကိုရှုံးနိမ့်ခဲ့တာကို တွေ့ရပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်မှာ အလန်ပါဂျူးဟာ ကာဘာရီလိုအသင်းရဲ့ အဓိကကစားသမားတွေကို ထုတ်လိုက်တာ အပါအဝင် အသင်းရဲ့အင်အားကို မချိန်ညှိနိုင်ခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် နယူးကာဆယ်အသင်းဟာ ရာသီအဆုံးမှာတော့ ပရီမီယာလိဂ်ရဲ့ အဆင့် ၁၀ နေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် ဆိုးလွန်းတယ်လို့တော့ မပြောနိုင်ပါဘူး။

ဒါကြောင့်လည်း အလန်ပါဂျူးဟာ ဒီနှစ်ရာသီမှာတော့ အသင်းရဲ့ အင်အားကို ထပ်မံအားဖြည့်ဖို့အတွက် ကစား သမား ရှစ်ဦးအထိ ခေါ်ယူခဲ့ပါတယ်။ အဲဒီကစားသမားတွေထဲမှာတော့ တိုက်စစ်မှူး နှစ်ဦး၊ ကွင်းလယ်ကစားသမား သုံးဦး၊ ခံစစ်မှူး နှစ်ဦးနဲ့ ဂိုးသမားတစ်ဦးတို့ ပါဝင်ခဲ့ပါတယ်။ အလန်ပါဂျူးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်မှာအသင်းရဲ့ ကွင်းလယ်နေရာကနေ ထွက်ခွာသွားခဲ့တဲ့ ကာဘာရီရဲ့နေရာမှာ အစားထိုးနိုင်ဖို့အတွက် ပြင်သစ်ကလပ်မောင့် ပယ်လီယာအသင်းရဲ့ ကွင်းလယ်ကစားသမား ကာဘယ်လာကို ပေါင် ရှစ်သန်းပေးပြီးတောင် ခေါ်ယူခဲ့ပါတယ်။ ဒါဟာ ဒီနှစ်နွေရာသီဈေးကွက်မှာတော့ နယူးကာဆယ်အသင်းရဲ့ ဈေးအကြီးဆုံး ခေါ်ယူမှုလည်းဖြစ်ပါတယ်။ ဒါပေမယ့် နယူးကာဆယ်အသင်းဟာ ရာသီအစကတည်းက စုဖွဲ့မှုအားကောင်းကောင်းနဲ့ စတင်ပြင်ဆင်မှုတွေကို အကောင်းဆုံး လုပ်ဆောင်ခဲ့ပေမယ့် ပရီမီယာလိဂ်ရဲ့ ပထမဦးဆုံး အဖွင့်ပွဲစဉ်ဖြစ်တဲ့ မန်စီးတီး အသင်းနဲ့ စတင်ကစားခဲ့ရတဲ့ပွဲမှာပဲ ၂-၀ နဲ့ ရှုံးနိမ့်ခဲ့ပြီး ဦးကျိုးခဲ့ပါတယ်။ ဒါဟာ နယူးကာဆယ်အသင်းအတွက်တော့ ကံဆိုးခြင်းတွေစတင်သယ်ဆောင် လာခြင်းလို့လည်း ဆိုနိုင်ပါတယ်။ နောက်ထပ်မံကစားခဲ့တဲ့ ဗီလာ၊ ခရစ္စ တယ်ပဲလေ့စ်အသင်းတို့နဲ့ပွဲမှာလည်း နိုင်ပွဲမရဘဲ သရေနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဒါ့အပြင် အဆိုးရွားဆုံးကတော့ ပြီးခဲ့တဲ့ စနေနေ့ကပွဲမှာ ဆောက်သမ်တန်ကို ၄-၀ နဲ့ ရှုံးနိမ့်ခဲ့ခြင်းပါပဲ။

ဒါကြောင့်လည်း နယူးကာဆယ် အသင်းရဲ့အဆင့်ဟာ ပရီမီယာလိဂ် မှာတော့ အောက်ဆုံးအဆင့်အထိ ရောက်ရှိသွားခဲ့ပြီး အလန်ပါဂျူးကို ထုတ်ပယ်ဖို့အထိ တောင်းဆိုမှုတွေရှိနေခဲ့ပါတယ်။ ဒါကြောင့် အလန်ပါဂျူးရဲ့ အနာဂတ်ဟာ အသင်းမှာပဲ ဆက်လက်ရှိနေဦးမလား။ အသင်းရဲ့ရလဒ်တွေကရော ဘယ်လိုရှိလာမလဲဆိုတာကတော့ ပရီမီယာလိဂ်ရဲ့ ညချမ်းတွေနဲ့အတူ ရင်ခုန်စွာဆက်လက်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

*ဒီယေဂိုကော်စတာ။ ဒါမှမဟုတ် သွင်းဂိုးတွေနဲ့ ဖြိုင်ဘက်တိုင်းကို ထိတ်လန့်စိုးရွံ့စေသူ။ သူရှိနေသမျှကာလပတ်လုံး ချယ်လ်ဆီးမရှုံးနိုင်ဘူးလို့ တွက်ကြတယ်။ သူရှိနေသမျှကာလပတ်လုံး ချယ်လ်ဆီးဂိုးမရမှာ ပူစရာမလိုဘူးလို့ ယူဆကြတယ်။ အရှင်းဆုံးပြောရရင် လေးပွဲမှာ ခုနစ်ဂိုး။ ဒါဟာ တော်ရုံတိုက်စစ်မှူးတစ်ယောက်လုပ်ဆောင်ဖို့ လွယ်တဲ့အလုပ်တစ်ခုမဟုတ်ဘူး။ သာမန် အဆုံးသတ်နိုင်အားနဲ့ရနိုင်တဲ့ သွင်းဂိုးအရေအတွက် မဟုတ်ဘူးဆိုတော့ ဒီယေဂိုကော်စတာဟာ ချယ်လ်ဆီးရဲ့ လေးနှစ်ကြာပျောက်ဆုံးနေတဲ့ ပရီမီယာလိဂ် ချန်ပီယံအိပ်မက်ကို ပြန်လည်တူးဆွထုတ်ဖော်ပေးမယ့်သူလား။*

ဝေမိုးဆက်

# ကော်စတာ၏ သွင်းဂိုးများနောက်ကွယ်၌



ကော်စတာ

အထူးသဖြင့်ပေါ့။ တိုက်စစ်မှူးတွေနဲ့ ပတ်သက်ရင် ချယ်လ်ဆီးမှာ ဆိုးဆိုးရွားရွားအိပ်မက်တွေရှိတယ်။ ရှက်ဖ်ချင်ကို၊ ခရက်စ်ပို၊ တောရက်စ်တို့လို နာမည်ကြီးတွေကအစ ဒမ်ဘာဘာ၊ အီတူးတို့အဆုံး။ အားလုံးနီးပါးဟာ ချယ်လ်ဆီးမှာ ရုန်းကန်မှုဆိုတဲ့ ခေါင်းစဉ်အောက်က ရုန်းမထွက်နိုင်ခဲ့ကြဘူး။ အရှင်းဆုံးပြောရရင် အေဘရာမိုဗစ်ချယ်လ်ဆီးကိုရောက်ပြီးနောက်ဝယ်ခဲ့သမျှတိုက်စစ်မှူးတွေထဲမှာ ဒရော့ဘာကလွဲလို့ ထိထိရောက်ရောက်အကျိုးပြုနိုင်သူ မရှိသေးဘူး။ ပြောရမယ်ဆိုရင် ဒရော့ဘာရဲ့သွင်းဂိုးတွေနဲ့ပဲ ချယ်လ်ဆီးဆုဖလားတွေရခဲ့တာ။ ဒရော့ဘာရဲ့ သွင်းဂိုးတွေနဲ့ပဲ နိုင်ပွဲတွေရခဲ့ရာကနေ ဒရော့ဘာအထွက်မှာ သွင်းဂိုးတွေလည်းပျောက်၊ ဆုဖလားတွေလည်း ပျောက်ဆိုတော့။ အခုကော်စတာရဲ့ သွင်းဂိုးတွေကို မြင်ရခြင်းက အကြိမ်ကြိမ် ပူပန်ခဲ့ရတဲ့သောကကို ဖြေသိမ့်ရာရောက်တယ်။ ဦးချွန်ထက်ထက်မရှိလို့ ထိုးမထွက်နိုင်ခြင်းကြောင့် မရခဲ့တဲ့ အောင်ပွဲတွေကို တစ်ကျော့ပြန်မျှော်လင့်လို့ရစေတယ်လို့ ပြောကြတဲ့အခါ ကော်စတာဟာ တကယ်ပဲ ချယ်လ်ဆီးရဲ့ကယ်တင်ရှင်လား။ ကော်စတာကိုရလိုက်ခြင်းကြောင့် တကယ်ပဲ ချယ်လ်ဆီး ဆုဖလားတွေ ပြန်ယူတော့မှာလား။ အဲဒါက တွက်ဖို့လိုလာပြီ။

ပြောရမယ်ဆိုရင်။ ကော်စတာဟာ ပြောခဲ့ပြီးတဲ့အတိုင်း ချယ်လ်ဆီးမှာ အလျှင်အမြန်အသားကျတယ်။ မျှော်လင့်ထားတာထက်ပိုတဲ့ဂိုးတွေကို သွင်းယူပေးနိုင်တယ်။ လေးပွဲမှာ ခုနစ်ဂိုး။ ဂိုးမသွင်းနိုင်တဲ့ပွဲမရှိဘူး။ ဒီယေဂိုကော်စတာဟာ ချယ်လ်ဆီးအတွက် မျှော်လင့်ချက်ဆိုတာကို လက်ခံပေမယ့် သံသယစိတ်ကိုတော့ ဖျောက်မရကြဘူး။ အထူးသဖြင့် အဲဒီသံသယစိတ်ဟာ အဲဒီကော်စတာအပေါ်မှာပဲ အခြေခံတယ်။ ဘာကြောင့်လဲဆိုတော့ ကော်စတာအနေနဲ့ ဒီခြေစွမ်းကို ဆက်ထိန်းနိုင် မထိန်းနိုင်ဆိုတာ မသေချာမှုကြောင့်ဆိုပြီး ထောက်ပြကြတယ်။

အထူးသဖြင့်ပေါ့။ ဘောလုံးသမားတစ်ယောက် ခြေစွမ်းပြနိုင်ခြင်း မပြနိုင်ခြင်းဟာ ကြံ့ခိုင်မှုဆိုတဲ့အပေါ်မှာ ရာခိုင်နှုန်းအတော်တော်များများတည်မှီတယ်။ ကြံ့ခိုင်မှုပြည့်ဝနေပြီဆိုရင် ကိုယ်ပိုင်အရည်အသွေးကိုအလုံးစုံညှစ်အားထည့်သုံးနိုင်တယ်။ ပွဲတစ်ပွဲမှာ စိတ်နှစ်ပြီး အင်တိုက်အားတိုက် ကစားနိုင်တယ်။ အဲဒီအတွက်ကြောင့် ခြေစွမ်းပြနိုင်မယ်ဆိုပေမယ့် ကြံ့ခိုင်မှုမပြည့်တဲ့အခါကျတော့ စိတ်နောက်ကိုယ်လိုက်နိုင်တဲ့အား မရှိဘူး။ ပင်ကိုအရည်အသွေးကို အလုံးစုံညှစ်ထုတ်မသုံးနိုင်ဘူးဆိုတော့ စွမ်းဆောင်နိုင်အား ကျလာတာနဲ့အမျှ စွမ်းရည်ပါကျသွားပြီး ခြေစွမ်းပြဖို့ ခက်မယ်ဆိုတော့။ မေးချင်တာကလည်း အဲဒါပဲ။ ကော်စတာအနေနဲ့ တစ်ရာသီလုံး ကြံ့ခိုင်မှုပြည့်ပြည့်ဝဝရှိနိုင်ပါ့မလား။ အဲဒါက သေကိုမသေချာဘူး။

ချယ်လ်ဆီးဟာ ပြိုင်ပွဲတစ်ပွဲတည်း တက်ကုန် ရွက်ကုန် ဖွင့်တိုက်နေရတဲ့ အသင်းမဟုတ်ဘူး။ ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်၊ အက်ဖ်အေဖလားနဲ့ ကက်ပီတယ်ဝမ်းဖလား။ စုစုပေါင်း ပြိုင်ပွဲစစ်မျက်နှာပြင် လေးရပ်ရှိတယ်။ အသင်းတစ်သင်းမှာ အစဉ်အမြဲရှိတတ်တဲ့ ဦးစားပေးသတ်မှတ်မှုအရ ဘယ်ပြိုင်ပွဲကိုပဲ ဦးစားပေးပေး အဲဒီပြိုင်ပွဲလေးရပ်ကိုတော့ စဉ်ဆက်မပြတ်ကစားရမယ်ဆိုတော့ အဲဒါဟာ အဓိကပြဿနာပဲ။ အဲဒါဟာ သံသယတွေရဲ့ မြစ်ဖျားခံရာပဲ။



အထူးသဖြင့်ပေါ့။ ချယ်လ်ဆီးဟာ အရန်အင်အား အဆင့်မီမှုနည်းတယ်။ သူတို့ရဲ့ပွဲထွက် ၁၁ ဦးသာ အရာရာကို စိန်ခေါ်နိုင်စွမ်းရှိတာမှန်ပေမယ့် အဲဒီ ၁၁ ယောက်ကြား တိုးဝင်ပြီး အဲဒီ ၁၁ ယောက်ရဲ့ စုပေါင်းအားမျိုး စဉ်ဆက်မပြတ်ရရှိအောင် ထိန်းနိုင်တဲ့အဆင့်မီ အရန်အင်အားကနည်းတယ်။ ဒီတော့ ပွဲပန်းမှုနဲ့ ဒဏ်ရာအနာတရတွေကို ရှောင်ပြီး ဟန်မပျက်ခရီးဆက်နိုင်မှုမှာ ချယ်လ်ဆီးအတွက်မသေချာဘူး။ အများကြီးမတွေးနဲ့ ကော်စတာကလွဲလို့ ချယ်လ်ဆီးမှာဂိုးသွင်းပေးမယ့် အခြားသူ ဘယ်သူရှိမလဲ ပြန်ကြည့်တဲ့အခါ စိတ်ကျေနပ် လောက်စရာ လုံးဝ မရှိဘူး။ အရှင်းဆုံးပြောရရင်ကော်စတာရဲ့နောက်မှာ ချယ်လ်ဆီး တိုက်စစ် အတွက် ရီမီရှိတယ်။ ဒရော့ဘာရှိတယ်။

အဲဒီ နှစ်ယောက် မှာ ဒရော့ဘာကိုမရှိသလို သဘောထားလို့ရတယ်။ သူ့အသက်က ၃၆ နှစ်။ အမှည့်သိပ်လွန်နေပြီ။ သူ့ဆီက အမြင့်ဆုံးမျှော်လင့်နိုင်တာဆိုလို့ တစ်ကြိမ်တစ်ခါ မထင်မှတ်ဘဲ ထတောက်မှုမျိုး။ အရှင်းပြောရရင် ဒရော့ဘာဆီက အစားဝင် တင်းခံဆွဲ မြှင့်ပေးနိုင်မှုမျိုး မရနိုင်တော့ဘူး။ အဲဒီတော့ ရီမီကျန်တယ်။ ရီမီက ဆွမ်ဆီးနဲ့ပွဲမှာ ဝင်ဝင်ချင်းဂိုးသွင်းတယ်။ အဲဒီတော့ သူ့အပေါ် မျှော်လင့်ချက်ထားကောင်း ထားနိုင်ပေမယ့် တစ်ပွဲလောက်က ဘယ်အရာမှ ယတိပြတ်ပြောလို့မရဘူး။ သေချာတာက ရီမီဟာ ပရီမီယာလိဂ်ကို ရောက်ကတည်းက တစ်ရာသီကို ၁၀ ဂိုး ကျော်အောင် မနည်းသွင်းခဲ့ရတယ်ဆိုတာပဲဆိုတော့ အဲဒီမှာမေးစရာရှိပြီ။ ချယ်လ်ဆီး ပြိုင်ပွဲလေးရပ်မှာ စဉ်ဆက်မပျက် ကစားရမယ့် အခြေအနေအရ အဲဒီပြိုင်ပွဲလေးရပ်မှာ သူသူတန်တန်ဖြစ်ဖို့ နိုင်ပွဲတွေရဖို့ ကော်စတာကို အနားပေးချင်တဲ့အခါ ဘယ်သူ့ကို သုံးမလဲ။ ရှာရယ်လား။ သူကတိုက်စစ်မှူး စစ်စစ်မဟုတ်ဘူး။ ဒါဆိုရင် ကော်စတာကိုပွဲတိုင်းသုံးမလား။ မဖြစ်နိုင်သလို ပွဲဆက်များလာတာနဲ့အမျှ ကော်စတာ ပွဲပန်းနိုင်တယ်။ ဒဏ်ရာရနိုင်တယ်။ ဒါဆို ချယ်လ်ဆီးအတွက် ဘယ်သူ ဂိုးသွင်းပေးမလဲ။

ဒီတော့ အချုပ်ပြောမယ်။ လက်ရှိအချိန်မှာ ကော်စတာဟာ ချယ်လ်ဆီးရဲ့ မျှော်လင့်ချက်ပဲ။ ပြီးတော့ချယ်လ်ဆီးအတွက်လည်း အဆုံးအဖြတ် ဖြစ်တယ်။ သူပွဲပန်းမှုမရှိအောင်၊ ခြေစွမ်းပျောက်မသွားအောင် မော်ရင်ညိုဘယ်လိုလှည့်ကွက်သုံးမလဲ။ အခုပဲ မန်စီးတီးနဲ့တွေ့ပြီဆိုတော့။ ကော်စတာ၊ ချယ်လ်ဆီးနဲ့ မော်ရင်ညိုရဲ့လားရာ။ ဘယ်ရွှေ့ ဘယ်မျှဆိုတာ စိတ်ဝင်စားဖို့ သိပ်ကောင်းတယ်။

# GOLDEN CITY ၏ စံသတ်မှတ်ချက်(၂၁)ချက်ဖြင့် ကမ္ဘာ့အဆင့်မီနည်းပညာများဖြင့် မြန်မာပြည်အိမ်ခြံမြေလုပ်ငန်း၏ ခေတ်သစ်ဆီသို့

[illegible] "ကမ္ဘာ့အဆင့်မီအိမ်ရာစံသတ်မှတ်မှု ၂၁ချက်" [illegible]

GOLDEN CITY သည် ဤ "ကမ္ဘာ့အဆင့်မီအိမ်ရာစံသတ်မှတ်မှု ၂၁ချက်" [illegible]



## မြန်မာနိုင်ငံအိမ်ခြံမြေနယ်ပယ်တွင် လစ်ဟာသော" ကမ္ဘာ့အဆင့်မီအိမ်ရာစံသတ်မှတ်မှု ၂၁ချက်"

GOLDEN CITY [illegible] "ကမ္ဘာ့အဆင့်မီ အိမ်ရာစံသတ်မှတ်မှု ၂၁ချက်" [illegible]

## အရည်အသွေး ထိပ်တန်းအဖွဲ့အစည်းမှ ပထမတန်းစားဝန်ဆောင်မှု

[illegible]



## အသုံးအဆောင် အတွင်းအပြင်ဂုဏ်ကျက်သရေရှိသောနေထိုင်မှုဘဝ

[illegible] Luxury Hotel၊ Grade A Office၊ International Shopping၊ Luxury Service Apartment၊ [illegible] GOLDEN CLUB [illegible]


## Landscape [illegible]



[illegible] Landscape [illegible] Sky Garden [illegible]

## မြေနေရာ အဆင့်မြင့်သောဆောက်လုပ်ခြင်းမှ [illegible]

[illegible] Art Deco [illegible]



## နည်းပညာသစ်များမှ ကိုယ်ပိုင်ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း

[illegible]

## [illegible] ကျယ်ပြန့်ခမ်းနားလှပစွာနေထိုင်နိုင်ခြင်း

[illegible]



## အခန်းပုံစံ [illegible]

[illegible]

## ဝန်ဆောင်မှု နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှု

[illegible] Property Management Company [illegible] Colliers International သည် [illegible]




## လုံခြုံမှု [illegible]

[illegible]

GOLDEN CITY [illegible] ကမ္ဘာ့အဆင့်မီ အိမ်ရာစံသတ်မှတ်မှု ၂၁ချက် [illegible]

Golden Land Real Estate Development Company Limited သည် [illegible]

မြန်မာ့အလင်း
၁၉-၉-၂၀၁၄ (သောကြာနေ့)



စစ်ကိုင်းတိုင်းဒေသကြီး

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ

**နယ်နှင့်အကျိုးပေးသောကျွန်တော်**

ကျွန်တော်နှင့် နယ်ဆိုသော ဝေါဟာရက ဘဝတစ်လျှောက်လုံးလိုက်၍ ရေစက်ဆုံသည်ဟုပဲပြောရမလား၊ အကျိုးပေးသည်ဟုပဲ မှတ်ယူရမလားမသိ။ ထူးခြားတာကတော့ အမှန်ပင်။ စမွေးကတည်းက သူများတွေလို မြို့မှာမမွေး၊ တောနယ်မှာမွေးသည်။နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းကို လေးမျက်နှာ ပရဟိတကျောင်းမှာ နေထိုင် ပညာသင်ယူရသောကြောင့် ရှမ်းပြည်နယ်မှ သူငယ်ချင်းများနှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ ထိုမှတပ်ထဲရောက်။ တပ်မတော်မှာ နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့သည့်ဌာနက ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးဖြစ်လို့နေသည်။ အတိုကောက် အမည်ကတော့ ကကနယ်။ ကကနယ်မှ တစ်ဆင့် နယ်ဘက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည် ဆိုတော့ကား. . . . ကျွန်တော့်ဘဝမှာ နယ်ဆိုသောဝေါဟာရက အမြဲတွဲလျက်ရှိနေပါတော့သည်။

**ကဘော်ချိုင့်ဝှမ်းဒေသ အမှတ်တရ**

ကျွန်တော်စာပေနယ်သို့ စတင်ဝင်ရောက်စ အချိန်ကာလ၌ ကလောင်အမည်က မြင့်စိုးပဲဖြစ်သည်။ (ထိုအချိန်က ရုပ်ရှင်မင်းသားကြီး ဦးမြင့်စိုးအပါအဝင် အနုပညာနယ်ပယ်၌ နာမည်တူသုံး၊ လေးဦးခန့်ရှိနေကြောင်း နောင်သိလာရသောအခါ၌ ယင်းကလောင်အမည်အတွက် ရှက်ရွံ့အားနာစိတ် ဖြစ်ပေါ်ခဲ့ရပါသည်)။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသို့ ရောက်လျှင်ရောက်ချင်း ကျွန်တော်ပထမဦးဆုံးရေးသားခဲ့သော ဆောင်းပါးမှာ ကဘော်ချိုင့်ဝှမ်းဒေသ၊ နတလနှင့် ဘဝသစ် စီမံကိန်းအမည်ရသည့် ဆောင်းပါးဖြစ်သည်။ ၁၉၉၃-၉၄ ခုနှစ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကဘော်ချိုင့်ဝှမ်းဒေသကို နတလဖွံ့ဖြိုးရေးဒေသကြီး ၁၈ ခုထဲ၌ အပါအဝင်ထည့်သွင်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ တစ်နည်းဆိုရသော် ဘဝသစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ ယင်းဆောင်းပါးနှင့်အတူ ကျွန်တော်၏ကလောင်အမည်ကို မြင့်စိုး(နတလ)ဟု ပြောင်းလဲသုံးစွဲခဲ့သည်။ ကလောင်အမည်က ဒုက္ခမပေးသော်ငြား နတလတံဆိပ်ကို ရုံးကားမှာတပ်ဆင်၍ မောင်းသောအခါ ဆရာက နတ်တလင်းကလာတာလားဟု သုံးကြိမ်ခန့် အမေးခံရဖူးသည်။ ကဘော်ချိုင့်ဝှမ်းဒေသသည် ကျွန်တော့်အား နတလလုပ်ငန်းများ၏ သဘောသဘာဝကို စတင် မိတ်ဆက်ပေးသော၊ ရင်းနှီးကျွမ်းဝင်စေသော ဒေသတစ်ခုဖြစ်သောကြောင့် ဘဝတွင် အမှတ်တရဖြစ်ခဲ့ရသည်။

**ကျွန်တော်နှင့် ကဒူးကနန်းဒေသ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ပင် ပါဝင်လျက်ရှိသော ပင်လည်ဘူးမြို့နယ်၊ ဗန်းမောက်မြို့နယ်များအတွင်းက ကဒူး၊ ကနန်းတိုင်းရင်းသားသွေးချင်းများနေထိုင်ရာဒေသသည်လည်း ကျွန်တော် စိတ်ဝင်စားသောဒေသဖြစ်ခဲ့သည်။ နတလကိုရောက်ပြီး လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက သင်္ကြန်ပွဲတော်၌ ဖိတ်ကြားခေါ်ယူခဲ့သည့် ထိုဒေသက၊ ကဒူးနှင့်ကနန်းတိုင်းရင်းသား၊ တိုင်းရင်းသူများကြောင့် ကဒူးသမိုင်းကိုလည်း လေ့လာခွင့်ရခဲ့သည်။ မော်ရွာ ၁၀ ရွာ အကြောင်းလည်း သိခွင့်ရခဲ့သည်။ ပြီးခဲ့သည့်တစ်ခေါက် ခရီးစဉ်တွင်မူ ကနန်းတိုင်းရင်းသားများနေထိုင်ရာ မူးမြစ်ဖျားဒေသ ဟော်ယောကျေးရွာသို့ရောက်ခွင့်ကြုံ၍ ကနန်းဒေသဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှု ထုံးဓလေ့များကို လေ့လာကြည့်ရှုခွင့်ရခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် နယ်မြေကျယ်ပြန့်သော တိုင်းဒေသကြီးဖြစ်သည့်အားလျော်စွာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် အခြားသော အကြောင်းအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့သော နယ်မြေဒေသများတွင် ကဒူးကနန်း ဒေသလည်းအပါအဝင်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတို့သည် ယင်းကွက်လပ်ကို ဖြည့်စွမ်းပေးရန်အတွက် ဘဏ္ဍာနှစ်အလိုက် စီမံဆောင်ရွက်လျက်ရှိသည်။


မြင့်စိုး(နတလ)

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းများ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ တမူးမြို့နယ်၊ မြို့သစ်မြို့နယ်ခွဲ၊ ခမ်းပါတ်မြို့နယ်ခွဲ၊ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မော်လိုက်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကသာမြို့နယ်၊ ဗန်းမောက်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ကောလင်းမြို့နယ်၊ ကျွန်းလှမြို့နယ်၊ ကျောက်မြောင်းမြို့နယ်ခွဲများ၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ထွန်းခိုင်က ပြည်ထောင်စုဝန်ကြီးအားရှင်းလင်းတင်ပြခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၅၅၃၄ ဒသမ ၄၈၆ သန်းဖြင့် လမ်းတံတားလုပ်ငန်းတွင် မြေလမ်း ၅၀/၀ မိုင်၊ ကျောက်လမ်း ၂၆/၀မိုင်၊ ကတ္တရာလမ်း ၁၀/၀မိုင်၊ ကွန်ကရစ်တံတား ၉၄ စင်း၊ ကြိုးတံတားသုံးစင်း၊ သစ်သားတံတားတစ်စင်း၊ ကွန်ကရစ်ရေပြွန်(၅၀)ခု ၊ ပညာရေးလုပ်ငန်း ၂၅ ခု၊ ကျန်းမာရေးလုပ်ငန်းခြောက်ခု၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ဧက ၂၀၀၊ ရေရရှိရေးလုပ်ငန်း ၁၉ ခု၊ မွေးမြူရေးလုပ်ငန်းနှစ်ခု၊ စွမ်းအင်လုပ်ငန်း ၁၀ ခု၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းသုံးခု၊ သာသနာရေးလုပ်ငန်းငါးခု၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ၁၀ ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ တင်ဒါအောင်မြင်သော အချို့ကုမ္ပဏီများသည် ဒေသအပေါ် စေတနာပါပါ ဆောင်ရွက်ပေးကြသဖြင့် ကောင်းမွန်သော အရည်အသွေးကို ထုတ်ဖော်ပြသနိုင်ခဲ့ကြသည်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပေးခဲ့သော လမ်း/တံတားလုပ်ငန်းများသည် အရည်အသွေး မြင့်မားကောင်းမွန်ကြောင်းတွေ့ရသည်။

**၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ခွင့်ပြုလုပ်ငန်းများ**

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန၏ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၁၉၁၂ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းများမှာ ကျောက်လမ်း ၄၁ မိုင် ၇ ဖာလုံ၊ အမကကျောင်း နှစ်ကျောင်း၊ သာသနာရေးလုပ်ငန်းတို့ဖြစ်သည်။

ထို့အတူ တိုင်းဒေသကြီးရန်ပုံငွေကျပ်သန်းပေါင်း ၄၄၈ဒသမ ၈၁ သန်းဖြင့် မြေလမ်း ၁၁မိုင် ၄ဖာလုံ၊ ကျောက်လမ်း ၅၅မိုင်၊ ဆိုင်ကယ်လမ်း ၃၈မိုင် ၊ ကတ္တရာလမ်း နှစ်မိုင်၊ ကွန်ကရစ်တံတား ပေ ၁၇၀၊ သောက်သုံးရေလုပ်ငန်း ၁၈ ခု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းခုနစ်ခု၊ စွမ်းအင်လုပ်ငန်းလေးခု၊ ဆိုလာမီးလင်းရေးလုပ်ငန်း ၃၅၅၉ စုံ၊ ဘုန်းတော်ကြီးကျောင်းသုံးကျောင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်သည်။

**ရှေ့၊ နောက်၊ တောင်နှင့် မြောက်**

စစ်ကိုင်းတိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်ရေးကွန်ရက်ကို လေ့လာကြည့်သောအခါ မြောက်ဘက်ဆက်စပ်နယ်မြေ ကချင်ပြည်နယ်နှင့်သော်လည်းကောင်း၊ အနောက်ဘက် ဆက်စပ်နယ်မြေ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်လည်းကောင်း၊ အရှေ့ဘက်နှင့် တောင်ဘက်ရှိ တိုင်းဒေသကြီး အသီးသီးနှင့်လည်းကောင်း ရာသီမရွေးသွားလာနိုင်သည့် လမ်းမကြီးများ တစ်စတစ်စပေါ်ပေါက်လာနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)

# ပျော်ရွှင်ဆင်နွှဲ အာခါရိုးရာ ဒန်းစီးပွဲ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သံလွင်အရှေ့ခြမ်းဒေသတွင် အဓိက မှီတင်းနေထိုင်ကြသည့် အာခါတိုင်းရင်းသားများသည် တောင်ယာစိုက်ပျိုးခြင်းကို အဓိကထားဆောင်ရွက်ကြလေ့ရှိရာ အာခါရိုးရာပြက္ခဒိန်အရ “ရဲခူလ”ခေါ် စက်တင်ဘာလသည် တောင်ယာစိုက်ပျိုးခြင်း လုပ်ငန်းများပြီးဆုံးကာ အသီးအနှံများ သီးပွင့်မှုမဖြစ်ပေါ်မီ တောင်ယာလုပ်ငန်းခွင်တွင် ပင်ပန်းနွမ်းနယ်ခဲ့မှုများအား အပန်းဖြေရင်း အားလပ်သော အခါသမယ ဖြစ်သည်နှင့်အညီ “လာချိုးအားဖေ”ခေါ် အာခါရိုးရာဒန်းစီးပွဲကို ဆင်နွှဲကြသော အခါသမယလည်း ဖြစ်ပေသည်။

“ကျွန်တော်တို့ အာခါတိုင်းရင်းသားများမှာ မီလ်ချေး၊ ချေ့မှု၊ အားညီ၊ အားဂျောစသည်ဖြင့် မျိုးနွယ်စုပေါင်း ၄၀ ကျော် ရှိပါတယ်။ အာခါဆိုတဲ့ ဝေါဟာရကတော့ ဘက်မလိုက်သော၊ သဟဇာတဖြစ်အောင်နေတတ်သော လူမျိုးလို့ အဓိပ္ပာယ်ရရှိပါတယ်။ ကျေးရွာတစ်ရွာ တည်တော့မယ်ဆိုရင် မျိုးနွယ်စုတစ်စုတည်းက တည်လို့မရပါဘူး၊ အနည်းဆုံး မျိုးနွယ်စုသုံးစု စုပေါင်းပြီးတော့မှ တည်ရပါတယ်။ ဒီလို တည်ရာမှာလည်း ဒန်းစင်တည်ဆောက်ရန်နေရာကို မပါမဖြစ်ထည့်သွင်းရွေးချယ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ မျိုးနွယ်စု သုံးစုထဲမှာ ပထမအင်အားအကြီးဆုံးမျိုးနွယ်က ဒန်းစင်တည်ဆောက်ဖို့ တိုင်လေးတိုင်၊ ဒုတိယ အင်အားကြီးတဲ့ မျိုးနွယ်စုက နွယ်ကြိုး၊ တတိယမျိုးနွယ်စုက ဒန်းစင်ပေါ်က ထုပ်တန်းတို့ကို တာဝန်ယူရပါတယ်။ အဓိပ္ပာယ်ကတော့ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တာပဲဖြစ်ပါတယ်။ ဒန်းစီးပွဲတော်ဟာ အာခါရိုးရာဓလေ့မှာ လွတ်လပ်ပျော်ရွှင်မှုအရှိဆုံးပွဲဖြစ်သလို ဒီပွဲတော်မှာ စည်းလုံးညီညွတ်ခြင်းကိုပြသသလို ကျေးရွာအတွက်လိုအပ်တဲ့ စည်းကမ်းတွေကို ရွေးချယ်အတည်ပြုတဲ့ပွဲလည်းဖြစ်ပါတယ်။ စက်တင်ဘာလအတွင်း ကျေးရွာအလိုက် သင့်တော်သလို ရက်ရွေးချယ်ပြီး လေးရက် တိုင်တိုင် ဆင်နွှဲကြပါတယ်။ ဒန်းစီးပွဲတော် ပထမနေ့မှာ “ဂျေးမား”လို့ခေါ်တဲ့ ကျေးရွာမှာ သိက္ခာသမာဓိအရှိဆုံး ပုဂ္ဂိုလ်က စတင်စီးနင်းမင်္ဂလာယူပြီးမှ ကျန်လူများစီးနင်းခွင့်ရှိပါတယ်။ ကလေး လူကြီးလူမျိုး၊ ဘာသာမခွဲခြားဘဲ အားလုံးအတူတကွ ပျော်ပျော်ရွှင်ရွှင်စီးနင်းကြပြီး တစ်နည်းအားဖြင့် အမျိုးသားများကို သူရဲကောင်းရွေးချယ် ပွဲလည်းဖြစ်ပါတယ်”ဟု စက်တင်ဘာ ၁၇ ရက်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု နမ့်လုတ်(အာခါ)ရွာတွင် ကျင်းပသော အာခါရိုးရာဒန်းစီးပွဲတော်တွင် တာချီလိတ်မြို့နယ် အာခါတိုင်းရင်းသားရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးအားလယ်က ရိုးရာဓလေ့များ ရှင်းလင်းပြောပြသည်။

ယခုကျင်းပသည့် အာခါရိုးရာဒန်းစီးပွဲတွင် မိတ်ဆွေဖွဲ့စကား၊ ဆုံးမစကားနှင့် ကျေးဇူးတင်စကားများကို ထုံးတမ်းစဉ်လာအတိုင်း အစီအစဉ်အလိုက်ပြောကြားကြသည်။ သံလွင်အရှေ့ခြမ်းဒေသမှ ရိုးသားဖြူစင်သော အာခါတိုင်းရင်းသားတို့၏ ဒန်းစီးပွဲတော်ကို မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။



မောင်ယဉ်ကျေး

မကွေးတိုင်းဒေသကြီး

# လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ဥပဒေရေးရာစာတမ်းဖတ်ပွဲ၊စီမံ၊ငွေစာရင်းသင်တန်းနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ရက်က တိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျက အချိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေချိန်တွင် ပြည်သူလူထုက ရလဒ်ကောင်းများကို အာမခံနိုင်မည့် စီမံခန့်ခွဲမှုကိုသာ လိုလားလျက်ရှိကြရာ ဥပဒေအရာရှိများအနေဖြင့် တာဝန်သိ၊ တာဝန်ယူတတ်သော ဥပဒေအရာရှိကောင်းများ ဖြစ်လာအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်အပေါ် အမြဲစောင့်ကြည့်လျက် အကဲဖြတ်တည့်မတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ်က ဥပဒေအကြံပေးကိစ္စ၊ အမှုလိုက်နှင့် ငွေစာရင်းစီမံကိစ္စရပ်များကို ညွှန်ကြားချက်နှင့် အညီ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်သင့်ကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဘာသာရပ်အလိုက် ဆွေးနွေးပို့ချသည်။

ယင်းနောက် တက်ရောက်လာသော ခရိုင်/မြို့နယ်များမှ ဥပဒေအရာရှိများ တင်သွင်းသည့် စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးကြပြီး သင်တန်းထူးချွန်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်မာလာ (မကွေး)

# ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားထားကြ (၁)

ဘိုးကျော်စံ

စနေနေ့ရုံးပိတ်ရက်တစ်ရက်၏ ညနေခင်း၊ ပင်စင်စား ဘကြီးဖြိုးတစ်ယောက် အိမ်ရှေ့ကွပ်ပျစ်တွင် ကြက်သွန်နီပါးပါး၊ ငရုတ်သီးစိမ်းစပ်စပ်၊ ဆီရွှဲရွှဲကလေးဖြင့် သုပ်ထားသော ပဲကြမ်းကြော်သုပ်ကို အဖန်ရည်ဖြင့် မြည်းရင်း ဇိမ်ကျနေသည်။ နိုင်ငံတော်က တိုးမြှင့်ပင်စင်လစာများပေးပြီးနောက်ပိုင်း ဘကြီးဖြိုးတို့ ပင်စင်စားများဘဝ လောက်လောက်ငငနေနှင့် ပြန်လည်သာယာစိုပြည်လာသည်။ ထိုအခိုက်တစ်လမ်းတည်းနေ ဘဏ်မန်နေဂျာ ကိုကျော်သာ ငိုက်စိုက်ငိုက်စိုက်ဖြင့် အိမ်ရှေ့မှ ဖြတ်ကျော်လာသည်ကို ဘကြီးလှမ်းတွေ့လိုက်၏။

ဖြိုး ။ ဗျို့. . ဂျာကြီး. . ဘယ်ကပြန်လာသလဲ ဝင်ပါဦးလေ. . ပဲကြမ်းကြော်သုပ်ကလေးနဲ့ အဖန်ရည်လေးမြည်းပါဦး. . လာလာ ခင်ဗျား ဒေါ်ကြီးစိုးလက်ရာ. . ကောင်းမှကောင်း. . . ။

သာ ။ ရုံးကပြန်လာတာ ဘကြီးဖြိုးရဲ့. . နှစ်ချုပ်စာရင်းပိတ်ချိန်မို့. . အလုပ်သွားလုပ်ရတာ ဘကြီးရေ။

ဖြိုး ။ ဂျာကြီးဟာက. . ရုံးပိတ်ရက်လည်း မနားရပါလား. . အိုဗာတိုင်ကြေးတော့ရမှာပေါ့. . ရော့ရော့အမောပြေသောက်လိုက်ပါဦး. . ။

သာ ။ အိုဗာတိုင်ကြေးဆိုတာမရှိတော့ပါဘူး ဘကြီးရာ. . ဒါပေမယ့်. . နိုင်ငံ့ဝန်ထမ်းဆိုတော့ ကိုယ့်တာဝန်ကိုယ်ပြီးအောင်လုပ်ရမှာ ပေါ့. . . ကျွန်တော်တို့ဘဏ်ဝန်ထမ်းဆိုတာတော့စနေရယ်. . တနင်္ဂနွေရယ် မရှိပါဘူး။ အလုပ်ပြီးဖို့ စာရင်းဇယားကိုက်ညီမှန်ကန်ဖို့ အဓိကပါ. . ။

ဖြိုး ။ ကဲကဲ. . စားပါဦးလေ. . ဒါနဲ့ ဒီလောက်အလုပ်များရအောင်. . ဘဏ်တွေက ဘာလုပ်ငန်းတွေများလုပ်ကြသတုန်းဂျာကြီးရဲ့. . ပင်စင်ထုတ်ပေးတာတော့ ဘကြီးတို့အသိဘဲ. . ကျန်တဲ့လုပ်ငန်းလေးတွေကောရှင်းပါဦး. . ။

သာ ။ ဘကြီးက သိချင်တယ်ဆိုတော့လည်း ရှင်းပြရမှာပေါ့. . ၊ ဒီလိုဘကြီးရဲ့ ဘဏ်တွေမှာ အဓိကအကျဆုံး လုပ်ငန်းကြီး နှစ်ရပ်ရှိတယ်၊ အဲဒါကတော့ အပ်ငွေကိုလက်ခံတာနဲ့. . ချေးငွေထုတ်ချေးတာပဲ. . အပ်ငွေကို အတိုးနှုန်းတစ်ရပ်နဲ့လက်ခံတယ်. . ချေးငွေကို အတိုးနှုန်းတစ်ရပ်နဲ့ ထုတ်ချေးတယ်. . အဲဒီအတိုးနှုန်းနှစ်ရပ်ရဲ့ ကွာခြားချက်ဟာ ဘဏ်ရဲ့ အဓိကဝင်ငွေလို့ဆိုရမယ်ဘကြီး. . အား ပဲကြမ်းကြော်သုပ်ကလေးကကောင်းလိုက်တာဗျာ. . ပူထူသွားတာပဲ. . . ။

ဖြိုး ။ ငရုတ်သီးလေးဖယ်ပြီး . . အားရပါးရစားဂျာကြီး၊ အပ်ငွေလက်ခံတယ်ဆိုတော့. . . ဘယ်လိုလက်ခံတာလဲ. . . ဘကြီးတို့ပင်စင်ဆုကြေးငွေထုတ်တုန်းက ထည့်ထားတဲ့ ငွေစုစာအုပ်လိုမျိုးလား. . ။

သာ ။ ဟုတ်ပါ့ . . ဘကြီးရေ. . အပ်ငွေကို ငွေစုဘဏ်စာရင်းအပြင်၊ ငွေစုလက်မှတ်နဲ့ စာရင်းသေအပ်ငွေဆိုပြီးတော့လည်း သုံးမျိုး သုံးစားလက်ခံပါတယ်။

ဖြိုး ။ အဲဒီ သုံးမျိုးက ဘယ်လိုကွာသလဲ ဂျာကြီးရဲ့. . ။

သာ ။ ဒီလိုဘကြီးရဲ့ . . ပထမအမျိုးအစားဖြစ်တဲ့ ငွေစုဘဏ်စာရင်းက ကနဦးစုဆောင်းငွေကျပ် တစ်သောင်းနဲ့ စာရင်းစဖွင့်နိုင်တယ်။ စာရင်းဖွင့်ရာမှာလည်း တစ်ဦးချင်း၊ တွဲဖက်(က)နဲ့ တွဲဖက်(ခ)ဆိုပြီး (၃)မျိုးရှိတယ် ကိုယ်အဆင်ပြေတဲ့ စာရင်းဖွင့်လို့ရပါတယ်. . ။

ဖြိုး ။ ဘကြီးတို့ကြားတာတော့. . စာရင်းဖွင့်ရင် မိတ်ဆက်ပေးသူဆိုလား၊ ထောက်ခံသူဆိုလား နှစ်ဦးရှာခေါ်လာရတယ်ဆို. . . ငွေရေးကြေးရေးကိစ္စမှာ သူသူကိုယ်ကိုယ် ဘယ်သူကထောက်ခံပေးချင်မှာလဲ. . မတော်သူ့အမှုကိုယ့်လာပတ်မှဖြင့်. . ။

သာ ။ ဘကြီးပြောတာလည်းမှန်ပါတယ်. . ဒါကတော့ ဥပဒေအရ လိုအပ်ချက်ပါ. . ဒါပေမယ့်. . အခုကျွန်တော်တို့မြန်မာ့စီးပွားရေးဘဏ်က အဲဒီကိစ္စကို အဆင်ပြေအောင် ဖြေလျှော့ဆောင်ရွက်ပေးနေပါတယ်. . . စာရင်းဖွင့်သူအနေနဲ့ မိတ်ဆက်ထောက်ခံသူနှစ်ဦးခေါ်လာဖို့အခက်အခဲရှိရင်. . မန်နေဂျာနဲ့သာတိုက်ရိုက်တွေ့ပြီး အကူအညီတောင်းလိုက်ပါ. . မန်နေဂျာနှင့် ဘဏ်အရာထမ်းတစ်ဦးက သူတို့ကိုယ်တိုင်မိတ်ဆက်ထောက်ခံသူအနေနဲ့ လက်မှတ်ရေးထိုးပြီးအကူအညီပေးပါလိမ့်မယ်. . ဘာမှမခက်ပါဘူး ဘကြီး. . . ။

ဖြိုး ။ ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ မြေးမလေးဖူးဖူး ၁၈ နှစ်ပြည့်ရင်ငွေစုစာအုပ်တစ်အုပ်သွားဖွင့်ပေးဖို့လွယ်သွားတာပေါ့. . ၁၈ နှစ်မှတ်ပုံတင်ရှိမှ ဖွင့်လို့ရတယ် မဟုတ်လားဂျာကြီးရဲ့. . ။

သာ ။ ၁၈ နှစ်မပြည့်သေးရင်လည်း ရပါသကောဘကြီးရယ်. . သက်ငယ်ငွေစုစာရင်းဆိုတာရှိပါသေးတယ်. . သူ့နာမည်နဲ့ဖွင့်နိုင်ပြီး အသက်မပြည့်သေးခင် ဘကြီးကသူ့ကိုယ်စား ငွေသွင်းငွေထုတ်ပေးလို့ရပါတယ်။ သူ ၁၈ နှစ်ပြည့်တဲ့အခါ သူ့လက်မှတ်နဲ့ ငွေသွင်းငွေထုတ်ဆက်လုပ်သွားနိုင်ပါတယ်။ သက်ကြီးစာရင်းဖြစ်သွားတာပေါ့။

ဖြိုး ။ ဒါလည်း နိပ်သဟေ့ . . စောစောကပြောတဲ့ တွဲဖက်စာရင်းတွေဆိုတာရော. . ရှင်းလက်စနဲ့ရှင်းပါဦးဂျာကြီးရဲ့. . ။

သာ ။ ဒါက ဒီလိုဘကြီးရဲ့. . ဘကြီးတစ်ယောက်တည်းနာမည်နဲ့ဖွင့်ရင်“တစ်ဦးချင်း” စာရင်းလို့ခေါ်တယ်။ ဘကြီးတစ်ယောက်တည်းမဖွင့်ချင်ဘူး၊ ဒေါ်ကြီးစိုးနဲ့ တွဲဖွင့်မယ်. . အဲဒီစာရင်းကို ဘကြီးပဲဖြစ်ဖြစ် ဒေါ်ကြီးပဲဖြစ်ဖြစ် တစ်ဦးဦးက ထုတ်လို့ရချင်တယ်ဆိုရင်“တွဲဖက်(ခ)”စာရင်းဖွင့်ရမယ်။ အဲအဲ. . ဒေါ်ကြီးက ဘကြီးကိုမယုံဘူးဆိုပါတော့ သူပါသိမှ၊ သူပါလက်မှတ်ထိုးမှ ငွေထုတ်လို့ရမယ့်စာရင်းဖွင့်ချင်တယ်ဆိုရင်အဲဒါ “တွဲဖက်(က)” စာရင်းဖွင့် ဒါဆို ရှင်းပြီမဟုတ်လား ဘကြီးရဲ့. . . ။

ဖြိုး ။ တောက်တီး တောက်တဲ့ဂျာကြီးရယ်. . မယုံစရာလား. . ဘကြီးက အသက်ကြီးပါပြီကွယ်. . ။

စိုး ။ အသက်ကြီးလည်း ယောက်ျားဆိုတာ ယုံရတာမဟုတ်ဘူးတော်ရေ. . ဂျာကြီးပြောမှ သိတော့တယ်. . တော့်နာမည်တစ်ခုတည်းနဲ့ထားတဲ့စာအုပ်ကို ကျုပ်နာမည်နဲ့ တွဲပြီး တွဲဖက်(က) ဆိုတာ ပြောင်းဖွင့်မှ ဖြစ်မယ်ထင်တယ်. . ဂျာကြီးရေ. .

ဖြိုး ။ မင်းကွာ-မြေးတွေ၊ မြစ်တွေတောင်ရနေပြီ၊ အခုထိလူကို မယုံသင်္ကာနဲ့။

သာ ။ ကဲ. . . ကဲ. . ဘကြီးတို့၊ ကြီးတော် တို့ရန်မဖြစ်ကြပါနဲ့ဦး၊ ဧည့်သည်ပြန်ပြေးနေရ ပါဦးမယ်၊ ကျွန်တော်ကမြင်လွယ်အောင် ဥပမာပြောတာပါ။

ဖြိုး ။ မင်းပြောနေတာနဲ့ ပြောလက်စတောင် ဘယ်ရောက်သွားမှန်း မသိဘူး. . ဩော်. . ဩော်ငွေစုဘဏ်မှာ ဘယ်လောက်ထက် ပိုမအပ်ရဘူးဆိုပြီး ငွေပမာဏကန့်သတ်ထားတာမျိုးရှိလား၊ နောက်တစ်ပတ်ဘယ်နှကြိမ်ပဲ ထုတ်နိုင်တယ်ဆိုတာမျိုးရောရှိလား ဂျာကြီးရဲ့။

သာ ။ မရှိဘူး ဘကြီးရဲ့၊ ကြိုက်သလောက်စုလို့ရပါတယ်၊ ထုတ်ယူတဲ့အကြိမ်ကို အရင်ကတော့ တစ်ပတ်တစ်ကြိမ် ကန့်သတ်ထားပေမယ့် အခုဖြေလျှော့မှုတွေပြုလုပ်ပြီး ငွေစုသူကြိုက်သလောက် အကြိမ်အကန့်အသတ်မရှိ ထုတ်နိုင်သွင်းနိုင်အောင် ပြင်ဆင်ဆောင်ရွက်ထားပါတယ်။

စိုး ။ ဒေါ်ကြီးမေးဦးမယ်. . ဒေါ်ကြီးကတော့ရမယ့်အတိုးကို စိတ်ဝင်စားတယ်၊ ငွေစုဘဏ်က အတိုးဘယ်လောက်ပေးတာလဲ ဂျာကြီးရဲ့။

သာ ။ လက်ရှိမှာတော့ ငွေကျပ် ၁၀၀ တစ်နှစ်ကို ရှစ်ရာခိုင်နှုန်းပေးနေပါတယ်. . ဒါကတော့ အခါအားလျော်စွာ အပြောင်းအလဲရှိပါတယ်၊ တစ်ခု သတိပြုရမှာက လစဉ် လဆန်း ၄ ရက်နေ့အတွင်း အမီထည့်မှ အဲဒီလအတွက် အတိုးရနိုင်ပါတယ်။

ဖြိုး ။ ဘကြီးသိချင်တာတစ်ခုရှိသကွဲ့. . တကယ်လို့ ဘကြီးက မန္တလေးမြို့ကိုခရီးသွားမယ်. . အဲဒီရောက်မှငွေ အသုံးလိုလို့ ငွေစုဘဏ်စာရင်းက ငွေထုတ်ချင်တယ်. . ဘကြီးငွေစု ဘဏ်စာရင်းက ရန်ကုန်မှာ. . ဘကြီးမှာ ငွေစုစာအုပ်တော့ပါတယ်. . ရောက်နေတာက မန္တလေး. . အဲဒါဆိုရင် မန္တလေးဘဏ်မှာ ထုတ်လို့ရလားကွယ့်. . ။

သာ ။ အရင်ကတော့ မရဘူး ဘကြီးရဲ့၊ အခုတော့ ပြည်သူ့ဗဟိုပြုဘဏ်လုပ်ငန်း ဝန်ဆောင်မှုစနစ်နဲ့အညီ ဖြေလျှော့ပေးထားပြီဖြစ်လို့ မြန်မာ့စီးပွားရေးဘဏ်. .ဘဏ်ခွဲပေါင်း ၃၀၀ ကျော်ရှိတဲ့အနက် ယနေ့ထိ ဘဏ်ခွဲပေါင်း ၁၂၀ မှာ တစ်ဘဏ်က ငွေကို တစ်ဘဏ်က ငွေစုဘဏ်ကွန်ရက်နဲ့ ငွေထုတ်နိုင်နေပါပြီ၊ ကျန်တဲ့ဘဏ်ခွဲတွေကိုလည်း ဒီဘဏ္ဍာနှစ်မကုန်မီ ဆက်တိုးချဲ့ဖို့ စီစဉ်ထားပါတယ်။

ဖြိုး ။ ကောင်းသဟေ့. . ငွေထုပ်ကြီးကိုင်သွားစရာမလိုတော့ဘဲ နီးစပ်ရာဘဏ်မှာ ငွေထုတ်နိုင်တယ်ဆိုတော့ ငွေစုသူတွေ အဆင်ပြေတာပေါ့. . ကဲ. . ကဲ ရေနွေးကြမ်းလည်း ကုန်နေပြီ. . ဒေါ်စိုးရေ. . ထပ်ထည့်ပေးပါဦး. . ။

စိုး ။ ရမယ်. . ရမယ် ဓာတ်ဘူးထဲအသင့်ရှိတယ်. . . လက်ဖက်ခြောက်ခတ်ရုံပဲ. . ပဲခြမ်းကြော်လေးပါ ထပ်သုပ်လိုက်မယ်. . . ။

ဖြိုး ။ ငရုတ်သီးစိမ်းနည်းနည်းလျှော့ပါ ဟေ့. . ဂျာကြီးက မစားနိုင်ဘူး. . လက်စနဲ့ ဂျာကြီးရေ. . ငွေစုလက်မှတ်ဆိုတာရော ဘယ်လိုဟာမျိုးလဲ. . . ။

သာ ။ ငွေစုလက်မှတ်ဆိုတာကတော့ ဝါဇီစက်ရုံကရိုက်ထားတဲ့ လုံခြုံမှုအဆင့်ဝင်လက်မှတ်အမျိုးအစားပါပဲ. .အမျိုးအစားတွေကတော့ ကျပ်တစ်သောင်းတန်၊ ငါးသောင်းတန်၊ တစ်သိန်းတန်၊ ငါးသိန်းတန်နဲ့ ၁၀ သိန်းတန်ဆိုပြီး ငါးမျိုးရှိတယ်. . သူလည်း ငွေစုဘဏ်လိုပဲ တစ်ဦးချင်း၊ တွဲဖက် (က)၊ တွဲဖက်(ခ) ဆိုပြီး သုံးမျိုးခွဲထားတယ်. . မိမိနှစ်သက်ရာကို လွတ်လွတ်လပ်လပ်ဝယ်ယူနိုင်ပါတယ်. . ဘကြီး. . သူကတော့ တစ်နှစ်ပြည့်မှ အတိုးပေးတယ်. . ဥပမာ တစ်နှစ်နဲ့ ခြောက်လဆိုရင် တစ်နှစ်စာပဲ အတိုးရမယ်. . နှစ်နှစ်၊ သုံးနှစ်ပြည့်မှ အတိုးရမယ်. . ၁၂ နှစ်အထိပဲ စုဆောင်းနိုင်တယ်. . ၁၂ နှစ်ကျော်ရင်တော့ ကျော်တဲ့နှစ်တွေအတွက် အတိုးမရတော့ဘူး. . ကျပ် ၁၀၀ တစ်နှစ်ကို ကိုးရာခိုင်နှုန်းပေးတာမို့လို့ ငွေ ၁၀ သိန်း. . ၁၂ နှစ်ပြည့်ရင် ၂၈၁၂၆၀၀ ရမယ် ဘကြီးဖြိုး. . .။

ဖြိုး ။ ဒါလည်း နေရာကျတာပ. . သုံးဆနီးပါး ရတာပါလား. . ငွေစုလက်မှတ်လည်း ဝယ် သင့်တာပေါ့နော်. . ဒါပေမယ့် အဲဒီငွေစု လက်မှတ်ပျောက်သွားရင် ဘယ်လိုလုပ်ကြမလဲ. . ဝယ်ထားတဲ့ငွေဆုံးသွားမှာလား. . . ။

သာ ။ ဝယ်ထားတဲ့ငွေ မဆုံးပါဘူး ဘကြီးရဲ့. . လုပ်ထုံးလုပ်နည်းနဲ့အညီ လျှောက်ထားရင် ဘဏ်ကငွေစု လက်မှတ်အသစ်ထုတ်ပေးမှာပါ. . ဒါပေမယ့်. . ငွေစုသူကလည်း ကိုယ့်ငွေစုလက်မှတ်ကို သေချာသိမ်းထားဖို့တော့လည်း လိုပါတယ်. . ကဲ. . .ကဲ. . ဘကြီးရေ မှောင်လည်းမှောင်လာပြီ. . ဘကြီးတူမလည်း ဒီအချိန်လောက်ဆို ထမင်းချပြီး စောင့်နေလောက်ပြီ. . ပြန်ဦးမယ်နော်. . ဒေါ်ကြီးစိုးရေ. . ကျွန်တော်ပြန်လိုက်ဦးမယ်ဗျို့. .။ ။




DAGON CITY 1
BY MARGA LANDMARK
Dagon City Makes Myanmar More Beautiful
DAGON CITY 1
SHOWROOM
NOW OPEN
Dagon City 1 showroom အား
ယခုဖွင့်လှစ်လိုက်ပါပြီ။
အဆင့်မြင့် Residential အိမ်ခန်းများကို ရယူပိုင်ဆိုင်ပြီး
Mercedes Benz ရရှိနိုင်မည့် အထူးအခွင့်အရေး
Exclusively at the Dagon City 1 Open Day :
9:00 a.m,
27th September, 2014
OWN A PIECE OF PRESTIGE AND
GET A CHANCE TO WIN A MERCEDES BENZ!
Also Featuring Dagon City 1 Brand Ambassador Eindra Kyaw Zin,
Beauty Queens, International Entertainment,
Lucky Draws and Many More Surprises!
Pre-Registration required!
Call +95 9 2544 28883 to reserve a seat.
WIN
MERCEDES BENZ
2014 C-CLASS
NEW MODEL
DAGON CITY 1
GALLERY SHOWROOM ADDRESS:
U Htaung Bo Circle, No. 61, 63, Zoological Garden Road,
Dagon Township, Yangon.
WWW.DAGONCITY1.COM
MARGA
LANDMARK

ဂျိုးတောကဆားကစား
မြန်မာ့အလင်း
၁၉-၉-၂၀၁၄ (သောကြာနေ့)

# ၂၀၁၄ ခုနှစ် UCI Road World Championships ပြိုင်ပွဲ၏ Time Trial ပြိုင်ပွဲများတွင် ပိုလ်စွဲရန် ဒီဂင်စ် ရည်မှန်းထား

အောင်က




ပြီးခဲ့သည့် စက်တင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ၂၀၁၄ ခုနှစ် Tour of Britain စက်ဘီးစီး ပြိုင်ပွဲ ၏ Individual Time Trial ပြိုင်ပွဲတွင် ပိုလ်စွဲခဲ့သူ Team Sky အသင်းမှ ဗြိတိန်နိုင်ငံသား ဆာဘရက်ဒလေ ဝီဂင်စ်က ၂၀၁၄ ခုနှစ် UCI Road World Champion-ships စက်ဘီးစီးပြိုင်ပွဲ၏ Time Trial ပြိုင်ပွဲများ၌ ပိုလ်စွဲရန်ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ ဝီဂင်စ်သည် အဆိုပါပြိုင်ပွဲ၏ အသင်းလိုက်နှင့် တစ်ဦးချင်း Time Trial ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ် UCI Road World Championships ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ စပိန်နိုင်ငံ ပွန်ဖာရာဒါမြို့တွင် ကျင်းပမည်ဖြစ်သည်။ အသက် ၃၄ နှစ်အရွယ်ရှိ ဝီဂင်စ်သည် အဆင့် ရှုစ်ဆင့်ဖြင့် ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ် Tour of Britain စက်ဘီးစီးပြိုင်ပွဲ၏ Individual Time Trial ပြိုင်ပွဲတွင် ၈ ဒသမ ၈ ကီလိုမီတာ (၅မိုင်) ကို ၉ မိနစ် စက္ကန့် ၅၀ ဖြင့် စီးနင်းကာ ပိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတစ်ခုလုံး အနေဖြင့် တတိယနေရာရရှိခဲ့သည်။

ဝီဂင်စ်သည် ၂၀၁၃ ခုနှစ် Tour of Britain စက်ဘီးစီးပြိုင်ပွဲတွင် အနိုင်ရပိုလ်စွဲခဲ့သူဖြစ်သည်။

၂၀၁၃ ခုနှစ် UCI Road World Championships ပြိုင်ပွဲ၏ အမျိုးသား Time Trial ပြိုင်ပွဲတွင် ဝီဂင်စ်က ငွေတံဆိပ်ဆုရရှိပြီး ဂျာမနီနိုင်ငံသား တိုနီမာတင်က ရွှေတံဆိပ်ဆုရရှိခဲ့ကာ ယခုနှစ် Time Trial ပြိုင်ပွဲတွင် လည်း တိုနီမာတင်က ရွှေတံဆိပ်ရရှိရန် ရေပန်းစား လျက်ရှိသည်။ သို့သော်လည်း ဝီဂင်စ်က "အခုနှစ် UCI Road World Championships ပြိုင်ပွဲရဲ့ Time Trial ပြိုင်ပွဲမှာ ကျွန်တော်ပိုလ်စွဲဖို့ အခွင့်အရေးရှိနေပါတယ်။ ပြီးခဲ့တဲ့နှစ်ပြိုင်ပွဲမှာလည်း ကျွန်တော်က တိုနီမာတင်ကို အနီးကပ်ဆုံးအနေအထားနဲ့ ယှဉ်ပြိုင်နိုင်ခဲ့တယ်လို့ ထင် ပါတယ်"ဟုပြောသွားသည်။ UCI Road World Cham-pionships ပြိုင်ပွဲကို ၁၉၂၇ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး စပိန်နိုင်ငံက အိမ်ရှင်အဖြစ် (၇)ကြိမ်မြောက် လက်ခံကျင်းပခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး ယခင်က ဘာစီလိုနာ၊ မက်ဒရစ်၊ စသည့် မြို့များတွင် ကျင်းပခဲ့သည်။


# Italian Grand Prix တွင် ဟာမီလ်တန်ပိုလ်စွဲရန် နီကိုရော့ဘတ်စ်နှင့်အသင်းတာဝန်ရှိသူများ ပူးပေါင်းကြံစည်ခဲ့ဟု ထင်ကြေးထွက်ပေါ်

ပြီးခဲ့သည့် စက်တင်ဘာ ၇ ရက်တွင် ကျင်းပခဲ့သော ၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ၏ Italian Grand Prix ပြိုင်ပွဲ၌ မာစီးဒီးစ်အသင်းသား လူးဝစ်ဟာမီလ်တန် အနိုင်ရပိုလ်စွဲရန် မာစီဒီးစ် အသင်းတာဝန်ရှိသူများနှင့် မာစီဒီးစ်အသင်းသားနီကိုရော့ဘတ်စ်တို့ ပူးပေါင်းကြံစည်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်သူအချို့က ယူဆလျက်ရှိသည်။

၁၉၆၉၊ ၁၉၇၁နှင့် ၁၉၇၃ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲများတွင် ချန်ပီယံဆုရရှိခဲ့ဖူးသူ ဗြိတိန်နိုင်ငံသား ကားမောင်းသမားဟောင်း ဆာဂျက်ကီစတီးဝပ် (၇၅နှစ်)ကလည်း ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဟာမီလ်တန်နှင့် နီကိုရော့ဘတ်စ်တို့အကြား ဖြစ်ပျက်ခဲ့သည့် မကျေလည်မှုများကို ပြေပျောက်စေရန်အတွက် နီကိုရော့ဘတ်စ်သည် တမင်ရည်ရွယ်ကာ လမ်းကြောင်းအမှားကို မောင်းနှင်ပြီး ဟာမီလ်တန်ကိုကျော်တက်ခွင့် ဖန်တီးပေးခဲ့ခြင်းဖြစ်နိုင်ကြောင်း မှတ်ချက်ပြုပြောဆိုခဲ့သည်။

၅၃ပတ်ယှဉ်ပြိုင်မောင်းနှင်ရသည့် Italian Grand Prix ပြိုင်ပွဲ၌ ဟာမီလ်တန်သည် ထိပ်ဆုံးနေရာမှ တာထွက်ခွင့်ရရှိခဲ့သော်လည်း ကားပါဝါပြဿနာကြောင့် အခက်အခဲရှိခဲ့ပြီး နီကိုရော့ ဘတ်စ်၊ မာဂူဆန်နှင့် ဖီလစ်ပီမာဆာတို့၏ ကျော်တက်မှုကို ခံခဲ့ရသည်။ ကိုးပတ်မြောက်တွင် ဟာမီလ်တန်က မာဆာကိုဖြတ်ကျော်ကာ ဒုတိယနေရာ ရယူနိုင်ခဲ့သည်။ ၂၉ပတ်မြောက်တွင် ထိပ်ဆုံးမှ ဦးဆောင်နေခဲ့သူ ရော့ဘတ်စ်သည် လမ်းကြောင်း အမှားသို့ ဝင်ရောက်မောင်းနှင်မိခြင်းကြောင့် ဟာမီလ်တန်၏ ဖြတ်ကျော်မှုကိုခံခဲ့ရကာ ဟာမီလ်တန်က ပြိုင်ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ဟာမီလ်တန်သည် စုစုပေါင်း မောင်းနှင်ချိန် ၁ နာရီ ၂၅ မိနစ် ၃၆၃ စက္ကန့်ဖြင့် ပိုလ်စွဲခဲ့ပြီး ရော့ဘတ်စ်က ဟာမီလ်တန်ထက် ၃ ဒသမ ၁၇၅ စက္ကန့် နောက်ကျကာ ဒုတိယနေရာဖြင့် ပန်းဝင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဟာမီလ်တန် ပိုလ်စွဲစေရန် လျှို့ဝှက်ကြံစည်မှုများ ရှိခဲ့သည်ဟု စွပ်စွဲမှုများနှင့် ပတ်သက်၍ နီကိုရော့ဘတ်စ်က "ကျွန်တော်အမှားအယွင်းဖြစ်သွားခဲ့တာပါ။ ဘယ်လိုအကြောင်းပြချက်မျိုးကြောင့် ကျွန်တော်က




> ဟာမီလ်တန်သည် ထိပ်ဆုံးနေရာမှတာထွက်ခွင့်ရရှိခဲ့သော်လည်း ကားပါဝါပြဿနာကြောင့် အခက်အခဲရှိခဲ့ပြီး နီကိုရော့ဘတ်စ်၊ မာဂူဆန်နှင့် ဖီလစ်ပီမာဆာတို့၏ ကျော်တက်မှုကို ခံခဲ့ရသည်။ ကိုးပတ်မြောက်တွင် ဟာမီလ်တန်က မာဆာကို ဖြတ်ကျော်ကာ ဒုတိယနေရာ ရယူနိုင်ခဲ့။

ရည်ရွယ်ချက်ရှိရှိနဲ့ အမှားကို ကျူးလွန်ရမှာလဲ။ အကြောင်းပြချက်မရှိပါဘူး။ အသင်းက ဒီလိုလုပ်ဖို့ ညွှန်ကြားခဲ့ရင်တော့ လုပ်ဖြစ်ကောင်းလုပ်ဖြစ်မှာပါ။ ဒါပေမယ့် အသင်းတာဝန်ရှိသူတွေကလည်း ဒီလိုညွှန်ကြားချက်မျိုးပေးဖို့ အကြောင်းမရှိပါဘူး"ဟု ငြင်းဆိုသွားသည်။

ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲရာသီ၌ ယှဉ်ပြိုင်ရန် ပြိုင်ပွဲခြောက်ပွဲသာ ကျန်ရှိနေတော့ချိန်၌ နီကိုရော့ဘတ်စ်က ရမှတ် ၂၃၈ မှတ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေကာ ဟာမီလ်တန်က ၂၁၆ မှတ်ဖြင့် ဒုတိယနေရာတွင် ရှိနေသည်။

ယခုနှစ်ရာသီ၏ ၁၄ ခုမြောက် ပြိုင်ပွဲဖြစ်သည့် Singapore Grand Prix ပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

